www.burmeseclassic.com

ဆရာကြီး ပီမိုးနင်း

# အချစ်လမ်းညွှန်



ပုထုစဉ်မှန်သမျှ ဘယ်သူမှ အချစ်နှင့်
မကင်းနိုင်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com

# အချစ်လမ်းညွှန်


စာမူခွင့်ပြုချက်အမှတ် - ၉၄၄ (၂၀၀၂) (၁၀)

အဖုံးခွင့်ပြုချက် - ၄၀/ ၂၀၀၃ (၁)

အကြိမ် - သတ္တမ (အကြိမ်)

ထုတ်ဝေသည့်လ - ဩဂုတ်လ

အုပ်ရေ - (၁၀၀၀)

ကန့်ဖိုး - ၁၀၀ ကျပ်

ထုတ်ဝေသူ - ဦးတင်ရှိန်
၄/၁၇၇၊ မေခလလမ်း၊ မ/ဥက္ကလာ

ပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင် (မြင့်သိဂီ)
၂၀၈ (လမ်း ၃၀)

ဖြန့်ချိရေး - မိုးကျော်စာပေ
လမ်း - ၃၀ (အပေါ်)
ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့


www.burmeseclassic.com

www.burmeseclassic.com

## သတိပေးကြေငြာခြင်း

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်၊ ၃၈လမ်း အမှတ် ၂၂၄နေ ဦးစိန်လှအောင် ၁၂/ကတတ(နိုင်)၀၀၉၆၁စကမူပိုင်အခွင့်အရေးရှိထားသောအောက်ပါစာအုပ်စာမူ(၄၃)မျိုးကို ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်၊ လမ်း၃၀နှင့် ဗိုလ်ချုပ်လမ်းထောင့် အမှတ် ၃၇၇ မှ မိုးကျော်စာပေလုပ်ငန်းပိုင်ရှင်ဖြစ်သူ ဒေါ်မိမိလှိုင် ၁၂/သဃတ (နိုင်)၀၀၆၈၄၈ အားလွှဲပြောင်းပေးအပ်ပုံနှိပ်ဖြန့်ချိပေးထားပြီးဖြစ်ပါသည်။စာရေးဆရာကြီး ပီမိုးနင်းရေးသားသောစာပေများမှာလူချစ်ရေး၊ကိုယ်ထူးကိုယ်ချွန်၊အောင်လူ့ဘဝဖိုက်ပွဲ၊တကယ့်လူချွန်တိုးတက်ကြီးပွား၊ လူဖြစ်နည်း၊တက်လမ်း၊ကမ္ဘာ့မင်းတံ၊သမီးဂုဏ်ရည်၊ကြီးပွားရေးအောင်စိတ်၊ လူပေါ်ကလူ၊စကားပြောနည်း၊သုခချမ်းသာစိတ်ပညာ၊ ဗုဒ္ဓသဃစိတ်ပညာ၊ကမ္ဘာ့အလင်း၊လောကမျက်မှန်၊လူမှုရေးရာဟန်ကျပန်ကျ၊မသိသူကျော်သွားသိသူဖော်စား၊အရင်းမစိုက်လေ့ထိုးလိုက်၊ထွက်သက်ဝင်သက်၊ငွေဘဏ်ဘုန်းဦးကျမ်း၊လောကီပညာဂဏန်းဗေဒင်၊သားဂုဏ်ရည်၊အပျိုလမ်းညွှန်၊လူပျိုလမ်းညွှန်၊အချစ်အတွင်းရေး၊အချစ်သျှတ္တရ၊အချစ်ဖြတ်လမ်း၊အချစ်လမ်းညွှန်၊မိန်းမစိတ်ကျမ်း၊ကာမသဒ္ဒါ၊ချစ်တာရေး၊တို့ဖြစ်ပြီး စာရေးဆရာမင်းသော်တာ ရေးသားသောစာပေများမှာအလွယ်ကူဆုံးဗေဒင်၊မိသားစုဗေဒင်၊အကောင်းဆုံးဗေဒင်၊ကိုင်ရိုလက္ခဏာ၊လောကီရေးရာအမြာမြာတို့ဖြစ်ပြီး ဦးသိန်းလွင်ရေးသားသောစာပေများမှာငါးဘာသာစကားပြော၊ခြောက်ဘာသာစကားပြော၊အကောင်းဆုံးအင်္ဂလိပ်စကားပြော၊အလွယ်ဆုံးအင်္ဂလိပ်စကားပြောအဆိုပါစာအုပ်များကို မူပိုင်ခွင့်ချိုးဖောက်ပုံနှိပ်ဖြန့်ချိလျှင်ဥပဒေအရဦးစိန်လှအောင်နှင့် ဒေါ်မိမိလှိုင်ကို တရားလိုအဖြစ်ကြားချက်အရ

ဦးဝင်းထိန်၊ တရားရုံးချုပ်ရှေ့နေ B.A,H.G.P,R.L,D.B.L,D.M.L

အမှတ် ၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊

(ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးရှေ့)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ နိဒါန်း | ... | ၅ |
| ၂။ ၁၂၅၈ နှင့် ၁၅၀၀ | ... | ၇ |
| ၃။ လောကဓာတ်နှင့် ကိလေသာ | ... | ၁၁ |
| ၄။ ကိလေသာနှင့် အပူဓာတ် | ... | ၁၂ |
| ၅။ ယောကျ်ားနှင့်မိန်းမ မည်သူက အချစ်စသနည်း | | ၁၃ |
| ၆။ ရိုးသောယောကျ်ား | ... | ၁၅ |
| ၇။ မိန်းမနှင့်ယောကျ်ား မည်သူက ပိုချစ်သနည်း | | ၁၇ |
| ၈။ သားသမီးနှင့် မိဘ | ... | ၂၀ |
| ၉။ မိန်းမများ အဘယ်ကြောင့် လင်ငယ်နေသနည်း | | ၂၄ |
| ၁၀။ အဘယ်လို အခြေအနေ၌ ဖောက်ပြန်တတ်ပါသနည်း | | ၂၅ |
| ၁၁။ အချစ်ကို မွေးမြူနည်း | ... | ၃၂ |
| ၁၂။ ဆွေမျိုးနှင့် လင် | ... | ၃၄ |
| ၁၃။ အတွေ့ကို ရှောင်ခြင်း | ... | ၃၉ |
| ၁၄။ သားသမီးနှင့် လင်မယားအချစ် | ... | ၄၁ |
| ၁၅။ ဖောက်ပြန်ခြင်း | ... | ၄၄ |
| ၁၆။ ရုပ်ရည်နှင့် ဂုဏ် | ... | ၄၅ |
| ၁၇။ နားမလည်ခြင်း | ... | ၅၅ |
| ၁၈။ ပဋိသန္ဓေ တားမြစ်ခြင်း | ... | ၅၆ |
| ၁၉။ မယားငယ်ယူသော ယောကျ်ား | ... | ၅၉ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၂၀။ ယောက်ျားရွေးခြင်း | ... | ၆၀ |
| ၂၁။ အချစ်နိုးကြွတတ်သောအခါများ | ... | ၆၄ |
| ၂၂။ အိမ်ထောင်မြဲခြင်းနှင့် ရောဂါ | ... | ၆၆ |
| ၂၃။ ရလျှင် မယူ | ... | ၆၈ |
| ၂၄။ မချစ်မနစ်သက်သူ | ... | ၆၈ |
| ၂၅။ ဘာကို ချစ်သလဲ | ... | ၇၁ |
| ၂၆။ လင်နှင့် မယား | ... | ၇၃ |
| ၂၇။ ဂုဏ်ကောင်းကြီး | ... | ၇၈ |
| ၂၈။ ယောက်ျားခေတ် | ... | ၈၁ |
| ၂၉။ အရွယ်တင်ခြင်း | ... | ၈၅ |
| ၃၀။ အစေခံမကလေးများ | ... | ၈၈ |
| ၃၁။ မခံချင်သောစိတ် | ... | ၈၉ |
| ၃၂။ ငယ်ရွယ်သူတို့၏ အချစ်စိတ် | ... | ၉၁ |
| ၃၃။ ဘာကို ချစ်သလဲ | ... | ၉၄ |
| ၃၄။ ပဒုမပေါင်တိုဇာတ် | ... | ၉၈ |
| ၃၅။ မယ်ခနှင့် ရှေး | ... | ၁၀၂ |
| ၃၆။ အရုပ်ဆိုး—မဆိုး | ... | ၁၀၄ |
| ၃၇။ ယောက်ျားတာဝန် | ... | ၁၀၈ |
| ၃၈။ အထင်လွဲခြင်း | ... | ၁၁၁ |
| ၃၉။ မယ်ပိုအချစ် | ... | ၁၁၄ |


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကမ္ဘာတည်စ,က စ၍ လူတွင် အရေးကြီးဆုံးသော အချက်များ အနက် အချစ်သည်လည်း တစ်ခုပါဝင်ပေရာ ကမ္ဘာဦးအစက စ၍ ယခုတိုင်အောင် (အချစ်) (ချစ်ခြင်း) ကိစ္စသည် ပုထုဇဉ်မှန်သမျှ အစဉ်ထာဝရ ခံစားရသော အာရုံတစ်ခုဖြစ်၏။

ဤမျှအရေးကြီးသော ဤကိစ္စကို ယောကျ်ား မိန်းမတိုင်း အထူး သိရှိရန် အရေးကြီးပေသည်။ ဤသို့ သိရှိပြီးနောက် လူတိုင်းပင် အကျိုးထူးတရား ခံစားရမည့်အရေးကို မျှော်ကိုးထောက်ထားကာ အင်္ဂလိပ် ဟိန္ဒူကျမ်းအမျိုးမျိုးနှင့် ညှိနှိုင်း၍ ဤအချစ်လမ်းညွှန်ကျမ်း ကို ရေးသားစီရင် ပုံနှိပ်ထုတ်ဝေခြင်း ပြုရပါကြောင်း။

ဤစာအုပ်ကို ဖတ်ရှုကြကုန်သော အမျိုးသား၊ အမျိုးသမီးများ သည် ဤစာအုပ်ပါ ညွှန်ကြားချက်များကို စိတ်စေတနာ ကောင်းစွာ ထား၍ တရားသဖြင့် အသုံးချကာ မိမိတို့စိတ်ကို အကျိုးရှိရာ၊ ကောင်းကျိုးဖြစ်ထွန်းရာဘက်တွင်သာ အသုံးပြုလျက် ဤကျမ်းငယ် ကည်းဟူသော လက်နက်ချပ်တန်ဆာဖြင့် မိမိတို့ စိတ်မိုက်စိတ်ရိုင်း မ...များကို ကောင်းစွာကာကွယ်နိုင်ကြပါစေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ပီမိုးနင်း

ဤကျမ်းကို လူငယ်လူရွယ်များသာ မဟုတ်၊ အသက်အရွယ်ကြီးသောသူများပင် ဖတ်ရှုမှတ်သားအပ်ပါပေ၏။ အသက်အရွယ်ကြီးရင့်ကုန်သောသူများ ဖတ်ရှုခြင်း၏အကျိုးကား ဤအရေးတွင် ကောင်းစွာသိမြင်ပြီးဖြစ်၍ ငယ်ရွယ်သော သားသမီးကလေးများကို ဆုံးမ ပဲ့ပြင်ရန် အထူးအထောက်အပံ့ရခြင်းပင်တည်း။ ထို့ကြောင့် ဤကျမ်းသည် လူကြီးလူငယ်အပေါင်းတို့နှင့် သက်ဆိုင်ပေတော့သတည်း။

> ရုပ်ပါရုံအစ၊ ဖောဋ္ဌဗ္ဗအဆုံးရှိသော ငါးပါးအာရုံ ကာမဂုဏ်တွေသည် ပုထုဇဉ်တို့၏ စိတ်နှလုံးကို တပြုံးတည်း ပြုံးနေအောင် အမြဲမြူ၍နေကြကုန်၏။ သို့အမြူကောင်းသဖြင့် ပုထုဇဉ်သတ္တဝါတွေသည် သံသရာတစ်ခွင်ကို အငြိမ့်ပွဲကြီး ထင်ပြီး ပျော်ရွှင်၍ အားမရနိုင်အောင် ဖြစ်နေပေတော့သတည်း။
>
> (ဘုရားဟော)

www.burmeseclassic.com

www.burmeseclassic.com



# အချစ်လမ်းညွှန်

## ၅၂၈ နှင့် ၁၅၀၀

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ အယူအရ အချစ်မှာ ၅၂၈ နှင့် ၁၅၀၀ နှစ်မျိုးနှစ်စားရှိ၏။

ဥရောပတိုင်းသားများသည်ကား ထိုကဲ့သို့ အချစ်အားဖြင့် ခွဲခြမ်းစိတ်ဖြာခြင်း မပြုကြပေ။ သို့သော်လည်း အချစ်နှစ်မျိုးရှိသည်ကား မှန်၏။ တစ်မျိုးမှာ ကိလေသာ ကာမနှင့် ပတ်သက်သော အချစ်၊ တစ်မျိုးမှာ ကိလေသာ ကာမနှင့် မပတ်သက်ဘဲ နီးစပ်ခင်မင်ချစ်ကျွမ်းဝင်ခြင်း ဖြစ်လေသည်။

ပဌမအချစ်မှာ ၁၅၀၀ ဟု ခေါ်သဖြင့် သဘောသဘာဝအရင်း ... ဖော်ပြရန်မလို။ အဘယ်ကဲ့သို့သောအချက်ဖြစ်သည်မှာ ... သားဖြစ်လေသည်။ ဒုတိယအချစ်မှာကား နှစ်မျိုးရှိပြန်လေသည်။ ထိုနှစ်မျိုးကား မိဘ ဆွေမျိုးသားချင်းတို့၏အချစ်၊ သူငယ်ချင်းမိတ်ဆွေတို့၏အချစ် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချစ်နှစ်မျိုးမှာ ထိုကဲ့သို့ ခြားနားရသော်လည်း သဘော သဘာဝအရင်းမှာ မခြားနား၊ နီးစပ်ရင်းနှီးခြင်း၏မာဏ အားလျော်စွာ ခြားနားခြင်းဖြစ်လေသည်။

မိဘနှင့် သားသမီး၊ လင်နှင့်မယား၊ ညီနှင့်အစ်ကို အရင်းအချာတို့မှာ သာ၍ရင်းနှီးသဖြင့် သာ၍ချစ်ကြ၏။ ဝေးလှမ်းသော ဆွေမျိုးများမှာမူ ဝေးခြင်းကြောင့် နီးသူများ၏ အချစ်ကို မမီနိုင်ပေ။

သူငယ်ချင်း မိတ်ဆွေတို့၏ အချစ်မှာလည်း ရင်းနှီးလျှင် ရင်းနှီးသလောက် အချစ်၏ အားအရှိန် ကြီးနိုင်လေသည်။ သူစိမ်းပင်ဖြစ်စေကာမူ ရင်းနှီးလျှင် ထိုမျှလောက် မရင်းသော သွေးစပ်သူများ၏အချစ်ထက် ပိုမို၍ ကြီးနိုင်လေသည်။ ဥပမာ မွေးစားသော သားသမီးကို ချစ်သောအချစ်သည် နီးကပ်ချေက ငယ်စဉ်ကစပြီး ကွဲ၍နေသော သားသမီးအရင်းထက် ပိုမို၍ကြီးတတ်လေသည်။ သို့ဖြစ်လေရာ ဤ၂၈ မှာ အသွေးနှင့်သာ သက်ဆိုင်သည်မဟုတ်၊ နီးစပ်ခြင်းနှင့်လည်း အထူးသက်ဆိုင်လေသည်။

၄င်း ဤ၂၈ သွယ် မေတ္တာမှာ အကျိုးစီးပွားနှင့်လည်း သက်ဆိုင်လေသည်။ ဆွေမျိုးသားချင်းပင်ဖြစ်စေကာမူ တစ်ဦး၏အကျိုးကို တစ်ဦး လိုလားဆောင်ရွက်မှသာ ပိုမို၍ချစ်၏။ သွေးစပ်သော်လည်း တစ်ဦး၏ အကျိုးကို တစ်ဦးယုတ်အောင် ပြုချေက တစ်ဦးအပေါ်တစ်ဦး သတ်ပုတ်ဖျက်ဆီးနိုင်လောက်အောင် မေတ္တာစိတ် ပျက်ပြယ်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လေရာ ကာမဂုဏ်နှင့် မသက်ဆိုင်။ နိုးစပ်ခြင်း၊ တစ်ဦး၏ ကောင်းကျိုးကို တစ်ဦးလိုလားခြင်းကြောင့် ချစ်သောအချစ်ကို ၅၂၈ အချစ်မျိုးဟု ခေါ်နိုင်လေသည်။ ၁၅၀၀ အချစ်မှာ အများအားဖြင့် ၅၂၈ ပါဝင်ပြီး ဖြစ်တတ်လေသည်။

ဥပမာ လင်နှင့် မယားအချစ်မှာ ၁၅၀၀ ကစပြီး ၅၂၈ သို့ ရောက်မြဲဖြစ်လေသည်။ ၁၅၀၀ သက်သက်ဖြစ်သော ကိလေသာ အချစ်သည် ၅၂၈ နှင့် မပူးပေါင်းက မမြဲတတ်ပေ။ ၅၂၈ သည်လည်း အခါများစွာ ၁၅၀၀ သို့ ရောက်တတ်လေသည်။

ဥပမာ သားသမီး မရှိသော မိန်းမကြီးသည် ယောကျ်ားပျို တစ်ယောက်ကို သားလိုချစ်ရာမှ လင်နှင့်ဆိုင်သော အချစ်မျိုးသို့ ရောက်နိုင်လေသည်။

မောင် မရှိသော မိန်းမပျိုသည် ယောကျ်ားပျိုတစ်ယောက်ကို မောင်လိုချစ်ရာမှ သမီးရည်းစားအချစ်သို့ ရောက်နိုင်လေသည်။

တစ်ဦးအကျိုးကို တစ်ဦးဆောင်သော ရိုးသားစင်ကြယ်သော အချစ်မှာလည်း ၁၅၀၀ အချစ်သို့ ရောက်နိုင်လေသည်။ သဒ္ဒါလွန် ကော ဟဏ္ဍာဖြစ်သည်ဟူသော စကားအတိုင်းပေတည်း။

အချို့သော မိန်းမကြီးများသည် တစ်ရပ်တစ်ရွာသား ယောကျ်ား ပျိုကလေးများကို တူလိုသားလိုချစ်၍ ယုယကျွေးမွေး ပေးကမ်းတတ် ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့မှာ တူသားဟူ၍ ချစ်စရာ နီးစပ်သူ တစ်ဦးတစ်ယောက်မျှ မရှိသည့်အခါ ရိုးရိုးချစ်သည်ဟု ပြောလျှင် တစ်ရံတစ်ခါ အရိုးသက်သက် ဖြစ်နိုင်လေသည်။ တူသား နီးစပ်သူများရှိပါလျက် သူစိမ်းပြင်ပြင် တူသားလိုချစ်ချေက မရိုးသောအချစ်က ပို၍များတတ်၏။ ရိုးပင်ရိုးစေကာမူ သူခိုးစိတ် ပြန့်ပြန့်ပြီး ပေါ်တတ်လေသည်။

အဖိုနှင့် အမတို့မှာ ၁၅၀၀ စက်ကွင်းသို့ ကျရောက်ဖို့ရန် လမ်းအခွင့်တွေ များစွာပေါ် ပေါက်နိုင်လေသည်။

သို့ဖြစ်သောကြောင့် စိတ်ပညာ အချစ်ပညာအကြောင်းကို များစွာစုံစမ်းသော ဥရောပတိုင်း ပညာရှိကြီးများက အချစ်မှန်သမျှမှာ ကိလေသာပါမြဲဖြစ်သည်။ အဖေနှင့်သမီး၊ သားနှင့်အမေသော်မှ ထိုစိတ်သည် မသိမသာ အခြေခံဖြစ်၍နေသည်ဟု ပြောကြလေသည်။

ညီအစ်မ အချင်းချင်း ချစ်သည်ထက် မောင်နှမက ပို၍ချစ်တတ်ခြင်း၊ သမီးနှင့်အဖေ၊ မအေနှင့်သားက သားနှင့်အဖေ၊ အမေနှင့်သမီးတို့ထက် ပို၍ချစ်တတ်ကြသည်ကိုထောက်လျှင် ထိုစကားမှန်ဖွယ်ရာရှိသည်ဟု ယူဆအပ်၏။

ကမ္ဘာဦး ဗြဟ္မာကြီးများလက်ထက်က အဖိုအမ ဖြစ်ပေါ်ပုံကိုထောက်လျှင်လည်း အချစ်အစ အသွေးအသားကဟု ဆိုအပ်လေသည်။ အသွေးအသား ဆိုသည်မှာ တစ်ယောက်၏ ကိုယ်ခန္ဓာကို တစ်ယောက်က တပ်မက် ဖက်ချင်ကိုင်ချင် နမ်းရှုပ်သုံးသပ်ချင်သော စိတ်ကို ဆိုလို၏။ အစားအသောက်သည် အသွေးအသားအတွက် ဖြစ်၏။ အဖိုအမ ဖြစ်ခြင်းမှာ သွေးသားကို ဖြစ်စေတတ်သော အစားအသောက်ကို မက်မောခြင်းကအစ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## လောကဓာတ်နှင့် ကိလေသာ

အစားသည် အသက်ဖြစ်၏။ အသက်သည် သုက်သွေးမှဖြစ်၏။ သုက်သွေးသည် ကာမ၏အလုပ်မှ ထွက်ပေါ်၏။ လောကဓာတ်ကြီး တစ်ခုလုံး သစ်ပင်တောတောင်မှစ၍သက်ရှိသက်မဲ့တို့မှာ အဖိုဓာတ်၊ အမဓာတ် ရှိလေရာ ပွားခြင်း၊ တိုးခြင်းသည်လည်း ကိလေသာ ကြောင့်ပင် ဖြစ်လေသည်။ သို့လောကဓာတ်ကြီးတစ်ခုလုံးကိုလည်း ဖိုဓာတ်၊ မဓာတ် ပြုပြင်၍နေလေသည်။

လောကဓာတ်တစ်ခုလုံးမှာ လုံးခြင်း၊ ဝိုင်းခြင်းသည် သဘာဝ အရင်း ဖြစ်လေသည်။ ဗီဇအစေ့တို့သည် လုံး၏။ ဝိုင်း၏။ ဥသည် လုံး၏။ ဝိုင်း၏။ ပန်းများ၌ တိုးပွားခြင်းအတွက် ဥရှိရ၏။ ယောကျာ်း မှာလည်း ဥရှိ၏။ မိန်းမမှာလည်း ဥရှိ၏။ အလိုလို ဖြစ်ပေါ်သမျှ လုံးရ၊ ဝိုင်းရ၏။ ပိန်းကြာဖက်ပေါ် ရှိရေ၏ပမာ သတ္တုများကို လုံနှင့်လောင်း သည့်အခါ လုံးရ၏။ ဝိုင်းရ၏။ ပင်လယ်ကမ်းခြေ၌ အလိုလိုဖြစ်သော ကျောက်ခဲများသည် လုံးရ၏။ ဤလက္ခဏာများသည် လောကဓာတ် တစ်ခုလုံးကို ကိလေသာဆောင်၍နေခြင်း၏ သက်သေများပင် ဖြစ်ကြလေသည်။

သို့ဖြစ်လေရာ အချစ်ဟူသမျှမှာ ကိလေသာ တဏှာ အရင်းခံ လျက် ရှိသည်ဟူသောစကားသည် ယုတ္တိမကင်းပေ။ လောကကြီး တစ်ခုလုံး ယခုလို ကြီးကျယ်ဝင်းထိန် တောက်ပ၍နေသည်မှာ ကိလေသာ တဏှာ၏ လက္ခဏာဟူ၍ပင် ဆိုနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ကံလေသာနှင့် အပူဓာတ်

လောကဓာတ်ကြီးကို အပူဓာတ်က ပြုပြင်၍နေ၏။ အပူသည် လောကဓာတ်၏ အသက်ဖြစ်သည်ဟူ၍ပင် ဆိုနိုင်လေသည်။

အပူသည် အသက်ဓာတ်ဖြစ်၏။ သေလျှင် အေး၏။ စက်များမှာ အပူကြောင့် လှုပ်ရှားကြလျက်၊ သစ်ပင်များမှာ အပူကြောင့် ရှင်ကြလျက် အပူမလွန်ရအောင် ရေကို ပေးရလေသည်။

ဥများကို အကောင်ဖြစ်၍ပေါက်အောင် အပူဓာတ် ပေးရလေသည်။ တစ်နည်းအားဖြင့် ရေကို အမဓာတ်၊ မီးကို အဖိုဓာတ်ဟု ဆိုနိုင်လေသည်။ လောကဓာတ်တစ်ခုလုံး၌ အသက်ရှိသော သတ္တဝါတို့သည် အပူဓာတ်အစွမ်းကြောင့် ရေ၌ စ၍ပေါ်ရသည်ဟု ဘိုင်အိုလိုဂျီကျမ်းများ၌ ပါရှိလေသည်။

သို့ဖြစ်လေရာ မီးကို ဓာတ်ဖို့ ရေကို ဓာတ်မဟု ဆိုနိုင်လေသည်။

လောကဓာတ်တစ်ခုလုံးကို ကံဂေါသာ ကာမဓာတ် အစိုးရလျက်နေကြောင်း၊ လူ၊ တိရစ္ဆာန်မှစ၍ အသေးငယ်ဆုံးသော ပိုးမွှားများ၊ သစ်ပင်များပင် အဖိုအမ ရှိခြင်း၊ လျှပ်စစ်ဓာတ်မှာ အဖိုအမ ရှိခြင်းဖြင့် သိနိုင်လေသည်။

သို့ဖြစ်လေရာ အချစ်ဟူသမျှမှာ ကံလေသာနှင့် မကင်းဟူသော စကား၊ ဟုတ်မှန်ဖွယ်ရာရှိသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားနှင့် မိန်းမ မည်သူက အချစ်စသနည်း

မိန်းမများသည် အမျှော်သမားများဖြစ်ကြ၏။ ယောကျ်ားများသည် အလိုက်သမားများဖြစ်လေသည်။ မိန်းမများသည် အမျှော်သမားများဖြစ်သော်လည်း အရိပ်အယောင်ကိုပြကာ မျှော်လေ့ရှိကြသည်။

သို့သော်လည်း မိန်းမက စ၍ချစ်သည်၊ ယောကျ်ားက စ၍ချစ်သည်ဟု အမြဲပုံသေစွဲမှတ်ရန် ခက်ခဲလေသည်။

အများအားဖြင့်သော်ကား ယောကျ်ားများသည် လွတ်လပ်စွာ သွားလာလျက် ကာယဗလအစွမ်း၊ ဉာဏဗလအစွမ်းဖြင့် အလုပ်ကို လုပ်ကြရသူများဖြစ်လေရာ ယောကျ်ားများသည် အရွယ်ရောက်လျှင် ရောက်ချင်း ရုပ်ရှာ၍ ထင်ပေါ်ကြ၏။

မိန်းမများကား အရွယ်ရောက်လျှင်ရောက်ချင်း မိမိတို့ကိုယ်ကို လျှို့ဝှက်ကြရလေသည်။ ထင်ပေါ်သောအရာတို့မှာ မြင်လွယ်၏။ ယောကျ်ားများမှာ မိန်းမများထက် ပိုမိုလွတ်လပ်သဖြင့် ၎င်းတို့မှာရှိသော ကာယဉာဏ် သတ္တိစွမ်းတို့မှာ ဖိုမို၍ ထင်ပေါ်လေသည်။

မိန်းမများမှာ လျှို့ဝှက်ရသဖြင့် ယောကျ်ားများသည် အများအားဖြင့် ၎င်းတို့ကို ရှေးဦးပထမ မမြင်ရ။ ၎င်းတို့ကသာ ရှေးဦးပထမ မြင်ကြရလေရာ အများအားဖြင့် ပထမ စ၍ ချစ်တတ်လေသည်။

သို့သော်လည်း ပထမ စ၍အချစ်ကို ပြောလေ့မရှိကြ။ အချစ်ကို အမှတ်လက္ခဏာဖြင့် ပြတတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပျိုကလေးများသည် မိမိတို့ ချစ်ကြိုက်သော မိန်းမပျိုကလေးများ၏ အိမ်ရှေ့၊ အိမ်နား၊ မျက်စောင်းထိုး အိမ်များကို သွားရောက်ကာ အသံကို လွှင့်တတ်ကြ၏။ အရိပ်အယောင်ကိုသော်လည်းကောင်း ပြတတ်ကြလေသည်။

မိန်းမပျိုကလေးများမှာကား မိမိတို့ ချစ်ကြိုက်သော ယောက်ျားပျိုကလေးရှိသောနေရာသို့ အကြောင်းတစ်ခုခုနှင့် ကိုယ်ယောင်ကို ပြသွားတတ်ကြလေသည်။

စကားကို ကျယ်ကျယ်ပြောခြင်း၊ တစ်ယောက်ကိုတစ်ယောက် လှမ်း၍ခေါ်ခြင်း၊ ကလေးကိုချီခြင်း၊ မဖော်မပန်း အခေါက်ခေါက် အခါခါ ရေခပ်ခြင်း စသည့်အလုပ်များဖြင့် ကိုယ်ယောင်ကို ပြတတ်လေသည်။

အတူနီးကပ်စွာ နေကြသည့်အခါ၌ကား ရှီးသားသော အမူအရာနှင့် အပါးကိုကပ်ကာ ပုံပြောပါ၊ ဘကလေး လုပ်ပေးပါ၊ ညာကလေး လုပ်ပေးပါ စသည်ဖြင့် စ,တတ်ကြလေသည်။

အဟုတ်တကယ် အချစ်၏လမ်းလယ်သို့ ရောက်အောင် စ,ခြင်း အလုပ်မှာ ယောက်ျား၏ အလုပ်ပင် ဖြစ်၏။ အများအားဖြင့် ယောက်ျားက စ၍ ပြောရလေသည်။

အချစ်ခန်း၌ ယောက်ျားက စ,ရသည်ဆိုသော်လည်း အမှန်မှာ ယောက်ျားက စ,ဖို့ရန်အတွက် မိန်းမက လမ်းခင်း၍ပေးတတ်၏။ လမ်းခင်း၍ပေးသည်ကို မလိုက်ဘဲနေသော ယောက်ျားကို တစ်ခါ တစ်ရံ မိန်းမက စိတ်ဆိုးတတ်၏။ တစ်ခါတစ်ရံ မိန်းမက အတိအလင်း လမ်းပြတတ်ချေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမက စ,သည့်အခါ၌ ရိုးအားကြီး၍ မသိသူကို အချို့မိန်းမများသည် တိုး၍စ,၏။ အချို့သော မိန်းမများက စိတ်ဆိုးတတ်၏။

သို့သော်လည်း စိတ်နာခြင်းကား မဟုတ်ပေ။ ပြန်၍ရှုတ်ချမှသာ စိတ်နာတတ်လေသည်။ မိန်းမများသည် ရှုတ်ချခြင်းကို ခံရလျှင် လွန်စွာမှအဆိပ်ပြင်းထန်၏။ သို့သော်လည်း ရှုတ်ချသောယောကျ်ားကို အဟုတ်တကယ် ချစ်ကြိုက်သည့်အခါ ရှုတ်ချခြင်းကိုပင်မယုံ။ မိမိကို ချစ်လျက်နှင့် ရှုတ်ချဟန်ဆောင်သည်၊ စိတ်ရင်းက တကယ်မရှုတ်ချဟု မှတ်ထင်ကြလေသည်။ စိတ်ချလက်ချ မိမိကို မကြိုက်ကြောင်း သိရသောအခါ၌ကား ရန်သူလို သဘောထားတတ်ကြလေသည်။

## ရိုးသောယောကျ်ား

ယောကျ်ားများမှာ တစ်သက်လျှင်တစ်ခါ စန်းပွင့်မြဲဖြစ်၏။ လူပျိုဘဝ၌ လွန်စွာရိုးသားလျက် ရုပ်ရည်ကလေး အသင့်အတင့်နှင့် ဂုဏ်အရည်အချင်း အတော်အတန်ရှိလျှင် မိန်းမကြီးငယ် များစွာတို့သည် မောင်လို ဖားလို တူလို သားလို သဘောထားကာ ချစ်ခင်တတ်ကြလေသည်။

သို့ချစ်ခင် [illegible] ဒရာဝင်ခြင်းကြောင့် ယောကျ်ားပျိုသည် မိမိကိုယ်ကို အထင်မကြီးတတ်ပေ။ ရိုးသားခြင်းကြောင့် စိတ်ချမှုကြည့်၍ ခင်မင်အနုရာဂဝင်ခြင်း ဖြစ်နိုင်ကလေသည်။ အကယ်၍ ဆိုမှန်းသိလျှင်

www.burmeseclassic.com



ထိုမျှလောက် အရောဝင်ရဲကြမည် မဟုတ်ပေ။ ဤအကြောင်းကို မသိသူတို့၏ စိတ်၌ကား မိမိကိုယ်ကို လွန်စွာအထင်ကြီးပြီး အတင့်ရဲကြလျက် တစ်မျိုးတစ်မည် ကြံတတ်၏။ ထိုအခါ အမုန်းခံရတတ်၏။ သို့မဟုတ် ရှောင်ရှားခြင်းကို ခံရတတ်လေရာ ပန်းပွင့်သလို လန်းတင့်စွာ စန်းပွင့်ခြင်းသည် ပန်းကြွေသလို ကြွေ၍ကျတတ်လေသည်။

အသက်နှစ်ဆယ်ခန့်ရှိသောလူငယ်တစ်ယောက်ကို တွေ့ဖူး၏။ ၎င်း၏ရုပ်ရှာ၌ ထိုအခါက အင်္ဂလိပ်စကားတတ်သူ နည်းပါး၏။ ၎င်းလူငယ်မှာ ရန်ကုန်ကျောင်းမှ ကိုးတန်းအောင်ပြီး အလုပ်အကိုင် မလုပ်သေးသော်လည်း ရိုးသားသောဂုဏ်ရှိ၏။ ရုပ်ရည်ကလေးမှာလည်း အသင့်အတင့်ရှိ၏။ ၎င်းမှာ ထိုရွာ၌ ထိပ်တန်းအကျဆုံးသော မိန်းမပျိုကလေးများနှင့် အခြားမိန်းမကြီးငယ်တို့သည် ၎င်းကို များစွာချစ်ခင်ကြ၏။ ၎င်း၏ အပေါင်းအသင်းများမှာ မိန်းမတွေ များကြလေသည်။ ၎င်းမိန်းမအများကလည်း အချင်းချင်း တွေ့ကြုံကြသည့်အခါ ၎င်းသူငယ်၏ အကြောင်းကိုသာ ပြောကြလေ၏။

အခါတစ်ပါး၌ကား မိမိထက်ကြီးသော မိန်းမကြီးတစ်ယောက်ကို တစ်မျိုးတစ်မည် ကြံမိသဖြင့် အရှက်ရပြီး စန်းမှိန်၍သွားလေသည်။

အခြား ဤလိုသူငယ်တစ်ယောက်မှာကား မိမိထက် ဆယ်နှစ်လောက်ကြီးသော တစ်ခုလပ်မကြီးတစ်ယောက်နှင့် အကြောင်းပါ၍ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမနှင့် ယောကျ်ား မည်သူက ပိုချစ်သနည်း

မိန်းမနှင့် ယောကျ်ား မည်သူက အချစ်ပိုသနည်း ဟူသော မေးခွန်းကို အခါခါ ကြားရဖူးလေသည်။

ဤစကားသည် အဖြေခက်သောစကား ဖြစ်လေသည်။

အချို့လင်မယားမှာ မိန်းမက ပို၍ချစ်၏။ အချို့လင်မယားမှာ ယောကျ်ားက ပို၍ချစ်လေသည်။

အများအားဖြင့် မည်သူက ပို၍ချစ်ပါသနည်းဟု မေးအံ့။ မိန်းမက ပို၍ချစ်သည်ဟု ဆိုရပေမည်။ ကမ္ဘာပေါ်၌ ယောကျ်ား၏မျက်စိ၌ မိန်းမလောက် လှသောအလှ မရှိပေ။ မိန်းမ၏ မျက်စိ၌လည်း ကမ္ဘာပေါ်၌ ယောကျ်ားလောက် လှသောအလှ မရှိပေ။

သို့သော်လည်း သဘာဝအားဖြင့်ဆိုလျှင် ယောကျ်ားနှင့် မိန်းမ (ဝါ) အဖိုနှင့်အမ ဘယ်သင်းက ပို၍လှပါသနည်းဟု မေးအံ့။ မြင်မြင်သမျှ သတ္တဝါတို့မှာ အဖိုကသာ ပို၍ဝေဆာ လှပခန့်ညားကြောင်း အသိအမြင်ဖြစ်လေသည်။

ကြက်ဖသည် ကြက်မထက် ပို၍လှ၏။ နွားထီးသည် နွားမထက် ပို၍လှ၏။ ခွေးထီးသည် ခွေးမထက် ပို၍ခန့်ညား၏။ လူမှာလည်း ယောကျ်ားများသည် မိန်းမများထက် ပို၍လှလေသည်။

အများအားဖြ[illegible]အရာ၌ အလယ်အလတ်ဟု ခေါ်[illegible]သော ယောကျ်ားများ၏ မျက်နှာ[illegible]သည် မိန်းမများ၏ မျက်နှာဖြစ်ချေက မိန်းမချောဟု ခေါ်ဆိုခြင်း[illegible] ကန်ခံကြရပေမည်။ အများအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ချောသည်ဟု အပြောခံရသော မိန်းမများ၏ မျက်နှာအလှမျိုးကို ယောက်ျားများ၌ များစွာတွေ့ရှိနိုင်လေသည်။

ထို့ပြင် ယောက်ျားများမှာ ကာယဗလနှင့်ဆိုင်သော အလုပ်လုပ်ကြခြင်းကြောင့် ကိုယ်လက်အင်္ဂါမှာ မိန်းမများထက် ပိုမိုဖွံ့ဖြိုးအချိုးအစားကျလေသည်။

ထို့ပြင် ၄ယောက်ျားမှာ အရာရာ၌ မိန်းမများ၏ ခိုကိုးရာ၊ အားထားရာဖြစ်၍ အသိပညာ အလိမ္မာ၌လည်းကောင်း၊ အခြားအစွမ်းသတ္တိအမျိုးမျိုး၌လည်းကောင်း မိန်းမများထက် ထူးကဲလေရာ ဂုဏ်အခြေအနေ၊ ရုပ်ရည်အလှချင်း ထပ်တူဖြစ်၍ ချစ်ခင်စုံမက်ကြသည့်အခါ မိန်းမက အချစ်ပိုတက်ကြလေသည်။

ထိုကဲ့သို့ဖြစ်ခြင်းမှာ အခြားကြောင့်မဟုတ်။ လူတို့၏စိတ်၌ ထူးမြတ်သည်ဟု မှတ်ထင်ရသော အရသာကို ပိုမိုတပ်မက်ကြခြင်းကြောင့်ဖြစ်လေရာ ယောက်ျားများသည် မိန်းမများထက် ထူးမြတ်ကြသည်မှာ အထူးအံ့ဩဖွယ်မရှိ။ မိန်းမများကိုယ်တိုင်က ဝန်ခံပြီးဖြစ်ကြလေသည်။

ယောက်ျားများ၌ ချီးမွမ်းလောက်သော ဂုဏ်သတ္တိများစွာတို့ကို မိန်းမများ လွယ်ကူစွာ သိမြင်ကြရ၏။ မိန်းမများ၌ကား ယောက်ျားများသည် ချစ်သောမျက်စိနှင့် ဂုဏ်ကို ရှာရလေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှာ ယောက်ျားများကို မိန်းမများက မိမိတို့ထက် ပို၍မြတ်သည်ဟု စွဲမက်ယုံကြည်ပြီးဖြစ်လေသည်။ ယောက်ျားများ၏ စိတ်၌ကား မိန်းမကို မိမိတို့ထက် နိမ့်ကျသည်ဟု စွဲမှတ်ပြီးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လေရာ ယောကျ်ားတို့ချစ်သော မိန်းမ၏ အချစ်၌ ယောကျ်ားကို မိမိထက် ထူးသည်၊ မြတ်သည်၊ အဖိုးတန်သည်ဟု စွဲမှတ်သော အစွဲတစ်ခုရှိသည်။ မိန်းမကိုချစ်သော ယောကျ်ား၏စိတ်၌ကား မိန်းမကို မိမိ့ထက် နိမ့်သည်ဟု စွဲမှတ်သော အစွဲတစ်ခုရှိလေသည်။

ထိုအစွဲနှစ်ခုအနက် အဘယ်အစွဲသည် အချစ်ကို ပိုမိုအားပေးလိမ့်မည်နည်း။

မိန်းမကို အယုတ်မျိုးဟု သဘောမထားသော ဥရောပတိုင်းသားတို့၏ စိတ်၌ပင် ယောကျ်ားက အရာရာ၌ မိန်းမထက်သာကြောင်း၊ မိန်းမဆိုသည်မှာ စိတ်မခိုင်၊ အနုမျိုးဖြစ်ကြောင်း၊ အညံ့မျိုးဖြစ်ကြောင်း အစဉ်အလာက စွဲမှတ်ပြီးဖြစ်ရာ ပညာရှိများက ဘယ်လိုပင်ကြံစည်၍ ဆင်ခြေထုတ်ကာ မိန်းမနှင့်ယောကျ်ား တန်းတူဖြစ်အောင် ရေးသားပြောဆိုကြစေကာမူ ယောကျ်ားဟူသမျှ၏စိတ်၌ မိန်းမသည် ငါ့အောက်ကပဲ ဟူသော အစွဲကြီးသည် အထင်အရှား ဖျောက်ဖျက်၍မရသော အစွဲဖြစ်လေသည်။

ထို့အပြင် မိန်းမနှင့်ယောကျ်ား အဆင့်အတန်း မတူကြောင်းကို ဆင်ခြေဆင်လက် မြောက်မြားစွာတို့နှင့် ပြလျှင် ယောကျ်ားက သာခြင်း၊ မြင့်မြတ်ခြင်းမှာမူကား ကမ္ဘာဦးက စ၍စွဲသော အစွဲဖြစ်လေသည်။

သို့ဖြစ်လေရာ အချစ်ချင်းတူလျှင် ယောကျ်ားက ပို၍မြတ်သည်ဟူသော အစွဲတစ်ခု မိန်းမမှာ ရှိသဖြင့် အလေးအမြတ်ပြုသည်ဟူသော အစွဲတစ်ခုသည် မိန်းမ၏အချစ်၌ ပါ၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လေရာ အချစ်မှာ မိန်းမကို ပို၍လေးနက်သည်ဟု ဆိုရပေမည်။

ထို့အပြင်ယောကျ်ားသည် မိန်းမကိုချစ်စဉ် အဘယ်မျှပင် ချီးမြှင့်၍ လနှင့်နှိုင်း၊ ကြယ်နှင့်နှိုင်းလျက် တုပ်ကွ ရှိခိုးတော့မလိုလုပ်သော်လည်း တမင် မြှောက်ပင့်ခြင်းဖြစ်ကြောင်း၊ မိန်းမများ အမြှောက်ကြိုက်၍ မြှောက်ရခြင်းဖြစ်ကြောင်းကို သိရှိပြီးဖြစ်သော အစွဲကြီးသည့်ယောကျ်ား၏စိတ်၌ အမြဲထင်ရှား၍နေလေရာ အကြင် လင်နှင့်မယားအဖြစ်သို့ ရောက်ကြသောအခါ တစ်မျိုးဖြစ်ကြသည်ကားမျက်မြင်ကိုယ်တွေ့ ဖြစ်ကြလေသည်။

ထို့ပြင် ယောကျ်ားမှာ မိန်းမယူခြင်းကြောင့် အိုမည်မဟုတ်။ မိန်းမမှာသာ သိသိသာသာ အိုလေရာ ယောကျ်ားအတွက် မိန်းမများ စိုးရိမ်ကြောင့်ကြရခြင်းသည် မိန်းမအတွက် ယောကျ်ားများ စိုးရိမ်ကြောင့်ကြရခြင်းထက် ပိုမို၍ကြီးသဖြင့် ငါ့ယောကျ်ားကို အဘယ်ကောင်မ ကြောင်တောင်နှိုက်ပါလိမ့်မလဲ ဟူသော ပူပင်သောစိတ်သည် အချစ်ကို ပိုမို၍ လေးနက်စေလေသည်။

သို့ဖြစ်လေရာ ယောကျ်ားကိုချစ်သော မိန်းမ၏ အချစ်သည်ကာလေရှည်စွဲလေဖြစ်လေရာ ယောကျ်ားအချစ်မှာ ထို[illegible]မဟုတ်ပေ။

ထို့ပြင် ယောကျ်ားကောင်း မောင်းမတစ်ထော[illegible]သောစကားအရကာစ်ကြောင်း၊ ယောကျ်ားများမှာ ကာမမှုနှင့် ပတ်[illegible]ကိ၍ အမှတ်မထင်၊ အရာမယွင်းသူများ ဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ စိတ်၌ဖောက်ပြန်ပြောင်းလဲခြင်းဖြစ်ဖို့ လမ်းတွေများသဖြင့် အချစ်သည်တစ်နေရာတည်း၌ စိတ်ချလက်ချ စူးစိုက်၍မနေ။ ပျက်ပြယ်ဖို

www.burmeseclassic.com



လမ်းတွေ များစွာရှိလေသည်။ လှေကားသုံးထစ် နင်းမိလျှင် လူပျို ဖြစ်သည် ဟူသောစကား ရှိလေသည်။

## သားသမီးနှင့် မိဘ

သားသမီးနှင့် မိဘများ အပြန်အလှန် ချစ်ကြသော အချစ်နှင့် ပတ်သက်၍ ခြားနားစဉ်းစား စေဖန်ရန် ရှိပြန်လေသည်။

သားသမီးသည် မိဘကို အသက်မျှပင် ချစ်စေကာမူ မိဘက သား သမီးကိုချစ်သော အချစ်နှင့် မတူ။ သားသမီးသည် အဘယ်အခါ မျှ မိဘချစ်သလောက် မိဘကို ပြန်၍မချစ်နိုင်။

သမီး သည် လင်နှင့် သားသမီးကို ချစ်သလောက် မိဘကို ပြန်၍ မချစ်။ သားသည် သားမယားကိုချစ်သလောက် မိဘကို မချစ်နိုင်ပေ။

လင်ယောကျ်ားထက် အမေကို ချစ်သည်ဟု ပြောသော မိန်းမ တစ်ယောက်၏ စကားကို ကြားဖူး၏။ ထိုစကားသည် မဖြစ်နိုင်သော စကားဖြစ်၏။ လင်အတွက် မိဘကိုစွန့်၏။ မယားအတွက် မိဘ ဆွေမျိုးကိုစွန့်၍ ရပ်ဝေးသို့ သွားကြရလေသည်။

မိဘ လေး၏စိတ်ကလည်း ငါတို့သားသမီး ငါတို့ကို ငါတို့ချစ် သလို မချစ်ပြီ အောက်မေ့ကာ စိတ်နာဖို့မရှိ။ မိမိတို့ကိုယ်တိုင်လည်း ဤအတိုင်း ဖြစ်ခဲ့ကြလေသည်။

တရားကို ရှုမျှော်တွေ့ထားကာ မိဘအပေါ် သားသမီးများ ပြုအပ်သောဝတ်ကို ပြုကြပေလိမ့်မည်။ ချစ်သောကြောင့်ကား မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကြင်နာသောစိတ်ကြောင့်လည်းကောင်း၊ ဝတ္တရားကို သိသဖြင့်လည်းကောင်း မိဘကို ပြန်၍ကြည့်ရှု ပြုစုကျွေးမွေးကြပေသည်။ မိမိတို့၏ သားသမီးကို ကြည့်ရှုပြုစုသလို အလိုလိုက်အသည်းလှိုက်ချစ်၍ ပြုစုခြင်းကား မဟုတ်ပေ။

ဤကား ဓမ္မတာ သဘောတရားဖြစ်လေသည်။ ဓမ္မတာသဘောတရားအရ အချစ်သည် အစုန်သာရှိ၏။ အဆန်မရှိရာ။ အချစ်သည် အဆန်ဘက်ကိုအားကြီး၍နေခဲ့လျှင် လောကကြီးယခုလိုမနေနိုင်ချေ။ သတ္တဝါတွေယခုထက်မကြီးပွား၊ မတိုးတက်နိုင်။ မိဘများတို့ပေါ်လျော့မှုကြောင့် ငယ်ရွယ်စဉ်ကသေကျေပျက်စီးကြဖို့သာ ရှိကြ၏။

မိဘကို ချစ်သလောက်သာ သားသမီးကို ချစ်ကြမည်ဆိုလျှင် မိဘက မကြည့်မရှု စွန့်ပစ်၍ထားခြင်းကို ခံရလျက် တိရစ္ဆာန်ကလေးများလို ဖြစ်ချင်သလိုဖြစ်၍ နေကြဖို့သာ ရှိလေသည်။ ,

ထို့ပြင် ကြီးသူက ငယ်သူကို ကြည့်ရှုပြုစု မှုင်းမ,ခြင်းသည် ဓမ္မတာသဘောဖြစ်၏။ အားရှိသူက အားငယ်သူကို ကျွေး၍ ကြည့်ရှု ပြုစုရလေသည်။

သားသမီးကိုသာမဟုတ်၊ သွေးမစပ်သော ကလေးများကိုပင် အတော်ကြာမြင့်စွာ ကြည့်ရှုရသည့်အခါ သံယောဇဉ် တွယ်တာခြင်းသည် သဘာဝ သဘောတရားပင်ဖြစ်လေသည်။ ဘုန်းတန်ခိုးကြီးသော လူကြီးလူကောင်းများသည်လည်း မိမိတို့၏ အလိုကိုလိုက်၍ မိမိတို့အတွက် တစ်စုံတစ်ရာ လုပ်ကိုင်၍ပေးသောသူများကို ချီး၍ ဂရုစိုက်ဖို့ သတိမရ။ မိမိတို့က တစ်ကြိမ်နှစ်ကြိမ် ကူညီရသောသူများကို ထပ်ကာထပ်ကာ ကူညီစောင်မ,တတ်ကြလေသည်။ ဤ

www.burmeseclassic.com



စိတ်သဘောအကြောင်းကို နားလည်သောသူတို့သည် ဘုန်းတန်ခိုးကြီးသူတစ်ဦးတစ်ယောက်၏ အကူအညီအစောင်အမ,ကို လိုချင်သည့်အခါ ၎င်းတို့၏အကျိုးကိုဆောင်၍ပေးဖို့ရန် ကြိုးစားအားထုတ်သည်ထက် ၎င်းတို့ထံမှ ပထမအကူအညီ အစောင်အမ အသေးအဖွဲ့တစ်ခုကို ရအောင်လုပ်ပြီး ခင်မင်ဝင်ဆံ့အောင် ပြုကြလေသည်။

မစ္စတာကာစင်ခေါ် နာမည်ကျော်ကြီးပွားရေး စာရေးဆရာကြီးက မိမိကိုယ်တိုင် ဤနည်းအတိုင်းလုပ်သဖြင့် လူကြီးလူကောင်းတစ်ယောက်ထံမှ အကူအညီကို ဆက်ကာဆက်ကာ ရခဲ့ဖူးသည်ဟု စာတစ်အုပ်၌ ရေးသားဖော်ပြလေသည်။

အခါယ်ပုံ စ,ရပါသနည်း ဆိုသော် ရှေးဦးစွာ ပထမ မိမိဆည်းကပ်လိုသော ပုဂ္ဂိုလ်ကြီးသည် အိကိုနိုမီပညာကို လိုက်စားသူဖြစ်ကြောင်းသိရသဖြင့် ၎င်းပညာနှင့်ဆက်သက်၍ ခဲရာခဲဆစ်ကလေးများကို စာရေး၍ မေးမြန်းကြောင်း၊ ထိုနည်းဖြင့် တစ်စတစ်စ ၎င်းထံသို့ ရောက်ပြီးနောက် တပည့်ကဲ့သို့ဖြစ်ကြောင်း၊ ထိုနောက် ဆက်ကာဆက်ကာ အချင်းချင်း အကူအညီ အစောင်အမ,များကို ရခဲ့ကြောင်းနှင့် ရေးသားဖော်ပြလေသည်။ အကယ်၍ ၎င်းပုဂ္ဂိုလ်ကြီးအတွက် တစ်စုံတစ်ရာကို လုပ်ပေးလျှင် ထိုမျှလောက် အရေးတယူပြုခြင်းကို ခံရမည်မဟုတ်ကြောင်းနှင့် ရေးသားဖော်ပြလေသည်။

ဤကား ကြီးသူက ငယ်သူကို ဂရုစိုက်ရသော ပင်ကို ရိုးရိုးမမှုတစိတ်၏ စေ့ဆော်ခြင်းဖြစ်ရာ ကြည့်ရှုကူညီ မှိုင်းမသူများကိုယ်တိုင်ကပင် အဘယ်အတွက် မိမိတို့ ကူညီမှိုင်းမ,ရသည်ကို မသိဘဲ နေတတ်ကြလေသည်။

www.burmeseclassic.com



## မိန်းမများ အဘယ့်ကြောင့် လင်ငယ်နေသနည်း

ဤမေးခွန်းကို အခါခါ ကြားဖူးလေသည်။ ချစ်စ, ခင်စ,က သမီးရည်းစား;ဘဝ၌ အရှူးအမူး ချစ်ကြိုက်ကြပြီး ကြီးသောအခါမှ အချို့သော မိန်းမများသည် ဖောက်ပြန်တတ်ကြလေသည်။

ဤအကြောင်းနှင့် ပတ်သက်၍ စာရေးသူသည် မိန်းမကြီးတစ်ယောက်အား မေး၍ကြည့်ဖူး၏။ "လင်ငယ်နေသော မိန်းမများ လင်ကြီးကို မုန်းသလား" ဟု ၎င်းမိန်းမကြီးအား မေးရာ "မုန်းလို့ ရယ်တော့လဲ ဘယ်ဟုတ်ပါ့မလဲကွယ်၊ အပျော်လွန်လို့ပေါ့" ဟု ၎င်းမိန်းမကြီးက ပြော၏။

ဤစကားသည် အများအားဖြင့် မှန်ပေလိမ့်မည်။

အချစ်သည် ကာမ ကိလေသာနှင့် အများကြီး နီးစပ်ခဲ့သော်လည်း ကိလေသာ ကာမနှင့် အကျွမ်းဝင်တိုင်း အချစ်မပေါ်တတ်ပေ။

အချို့သောသူများ၏စိတ်၌ ပေါင်းသင်းမိလျှင် အချစ်ကို ပိုစေသည်ဟု မှတ်ထင်ကြသဖြင့် သမီးရည်းစား ဖြစ်ပြီးသည်နှင့် အခါအခွင့် ကြုံသည့်အခါ ကာမကို ရအောင်ကြံတတ်ကြလေသည်။

ထိုအထင်သည် အခါခပ်သိမ်း မမှန်တတ်ပေ။ ကာမအလုပ်မှာလည်း သတိပြုစရာအချက်တွေ များစွာရှိလေသည်။ ကာမကြောင့်လည်း မုန်းနိုင်လေသည်။

ဤကဲ့သို့သောအခါများ၌ ဖျက်ဆီးကြံကြိုက်လျှင် ပျက်စီးတတ်လေသည်။ ဤနည်းမျိုးဖြင့် ပျက်စီးသော မိန်းမများမှာ လင်ယောကျ်ားကို မုန်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့မှာလည်း သမီးရည်းစားဘဝ၌ လွန်စွာချစ်ခင်ကြပြီးနောက် တစ်စတစ်စ လင်ဖြစ်သူ၏ သန္တာန်၌ အထက်ထက်က မသိသော မုန်းစရာအချက်တစ်ခုခုကို သိရ၏။ သို့သိရသော်လည်း ဖြေဖျောက်ကာ နေနိုင်သေး၏။ သို့နေခိုက်မှာ မိမိ၏ လင့်ယောကျ်ားဆောက် တစ်ချက်ချက်မှာ ပို၍မကင်လောက်အောင် သာသည့်လူတစ်ယောက်က ကြုံသည့်အခါ မုန်းစရာအချက်ကလေးသည် မုန်းစရာအချက်ကြီး အဖြစ်သို့ ရောက်တတ်လေသည်။

အချို့လည်း မချစ်ဘဲ ပစ္စည်းအတွက်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ယောကျ်ားယူ၏။ ပြီးနောက် တကယ့်အချစ်နှင့် တူသော အချစ်ကို တွေ့ရသောအခါ ရဲတင်းသောမိန်းမဖြစ်လျှင် လင်ကြီးကို ဖြောင်ပင် စွန့်ပစ်တတ်လေသည်။

ဤအရာ၌ မိန်းမနှင့်ယောကျ်ား များစွာမခြားနားပေ။ မနောက် ကို ထိန်းစောင့်နိုင်သူ နည်းပါးလေရာ စိတ်အာရုံတို့၏ လွတ်လပ်ခြင်း သဘောအတိုင်း သွားချင်ရာကို သွားတတ်ကြသဖြင့် လမ်းအခွင့်ကြုံ သည့်အခါ အဟုတ်တကယ် ဖောက်ပြန်တတ်လေသည်။

## အဘယ်လို အခြေအနေ၌ ဖောက်ပြန်တတ်ပါသနည်း

ဤအချက်မှာလည်း မိန်းမတို့၏ စိတ်ကို ပြုပြင် ပြောင်းလဲ ဖောက်ပြန်ခြင်းဖြစ်စေသည့် အကြောင်းတွေ လွန်စွာများသဖြင့် ပုံသေမှတ်ဖို့ ရန်မရှိ။ သတိနှင့် ဆင်ခြင်ဖို့သာ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့မှာ လင်ငယ်နေခြင်းအပြစ်သည် အဆိုးဆုံးသောအပြစ် ဖြစ်လေရာ ပြည့်တန်ဆာလောက်နီးနီး အရှက်နည်းမှသာ အာရုံခံလိုက်စားတတ်လေသည်။

သို့သော်လည်း ယောကျ်ားတစ်ယောက်ယောက်ကို အာရုံစိုက်မိအံ့။ ထိုယောကျ်ားသည် ဣန္ဒြေဂုဏ်သိက္ခာနှင့် တစ်နည်းနည်းအားဖြင့်ပြည့်စုံ၍ သိုသိပ်လုံခြုံမည့်ပုဂ္ဂိုလ်ဖြစ်မည်ဟု ယုံကြည်စိတ်ချရအံ့။ နီးစပ်သည်လည်းဖြစ်အံ့။ အပြန်အလှန် ချစ်ကြည်လေးစားသည်လည်းဖြစ်အံ့။ ယောကျ်ားက စွန့်စားသည်လည်းဖြစ်အံ့၊ အချို့သော ဂုဏ်သရေရှိ မိန်းမများပင်လျှင် ဖောက်ပြန်မိလေသည်။

တစ်နည်းဖောက်ပြန်ပုံမှာ လင်ယောကျ်ား စိတ်ချယုံကြည်အားကြီးသဖြင့် တူအရွယ်၊ သားအရွယ် ယောကျ်ားပျိုကလေးများနှင့် လွတ်လပ်စွာ အရောဝင်ခွင့် ပေး၍ ထားချေက သီတင်းသီလနှင့်နေထိုင်သော အသက်ငါးဆယ်၊ ခြောက်ဆယ်အရွယ် ကျောင်းအစ်မ၊ ဘုရားအစ်မ အခေါ်ခံရသူများသော်မှ တစ်ခါတစ်ရံ ဖောက်ပြန်တတ်ပါသည်။

ဆရာဟု ရိုသေကိုးကွယ်ထားသူ မိန်းမတို့၏ အတွင်းရောဂါ၊ အပြင်ရောဂါများကို တိုင်ပင်သော ဆေးဆရာများကို လင်ဖြစ်သူက ယုံကြည်ကိုးကွယ်၍ ဂရုမစိုက်ဘဲ လွှတ်၍ထားသည့်အခါ မှောက်မှားတတ်လေသည်။

အလွန်အကြူး အရောဝင်လျက် တစ်ယောက်ကိုတစ်ယောက် ရှက်ရမှန်းမသိ။ တစ်ယောက်ကိုတစ်ယောက် ကိုယ်လက်ရောက်ကျီစားတတ်သူများနှင့် မောင်လိုဖားလို ဆွေမျိုးဉာတိ သူငယ်ချင်းလို

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ အလွန်အကြူးဖြစ်တတ်လေသည်။ သို့ဖြစ်လေရာ အိပ်ရာ၌ ခြေကိုလာပြီး ကစားသော ယောကျ်ားပျို၊ ညစ်ညမ်းသော ပြက်ရယ်စကားများကို သုံးတတ်သူ၊ လက်ထဲမှ အစားကို လုယူ၍စားတတ်သူ၊ နှစ်ယောက်အတူ မျက်နှာချင်းဆိုင် ယှဉ်ထိုင်လျှက် ဆေးလိပ်ကို တစ်လှည့်စီ လက်မှယူ၍ ရှိုက်ဖွာတတ်သူ၊ နှင်းနှိပ်ချီးဖဲ့ပေးတတ်သူ၊ အချိန်မှတော်သဖြင့် "ဟဲ့ကောင် လိုက်ခဲ့စမ်း" ဟုခေါ်ရာ လိုက်ပါ၍ သွားသူ၊ မိမိအိမ်ထဲသို့ လွတ်လပ်စွာ ဝင်ထွက်သွားလာ စားသောက်သူ၊ တောခရီး တောလမ်း၌ နှစ်ယောက်တည်း သွားလာရသူ၊ လင်ယောကျ်ားဖြစ်သူ အပျော်အပါး လိုက်စားသည့်အတွက် လိုက်လံချောင်းမြောင်းရန် အဖော်အဖြစ်နဲ့ ခေါ်ရသူ၊ အိမ်၌ခိုင်းစေသူ စသည်တို့မှာ မှားတတ်သူများ ဖြစ်ကြလေသည်။

ယောကျ်ားများသည် ချစ်ခင်သော အဆွေခင်ပွန်း၏ မယားကို ခိုးလေ့မရှိကြပေ။ မိန်းမများသည်ကား သူငယ်ချင်း၏ လင်ကို ကြောင်တောင်နှိုက်နိုင်၏။

မြန်မာလူမျိုးမှာ ဤကံကို အဆိုးဆုံးသောကံဟု စွဲမှတ်ကြသဖြင့် ယောကျ်ားများကိုယ်တိုင်က အများအားဖြင့် ရှောင်ကြဉ်ကြသော ကြောင့် မိန်းမအတွက် အတော်ကလေး စိတ်ချရ၏။ ယောကျ်ားများက စည်းမစောင့်၊ ဤအပြစ်ကို မကြောက်မူ၍ ဖျက်ဆီးတတ်ကြချေက စိတ်သဘောနုနယ်သော မိန်းမများမှာ အထက်ဖော်ပြခဲ့သော ကိုလေသာဒီတက်ချိန်နှင့် ကြုံရာ၌ အကြိုက်ကို တွေ့ကြရ၍ လုံခြုံစိတ်ချရမည်ထင်ချေက အများအားဖြင့် ပါကြလိမ့်မည်ဟု သဘော ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား ဤအပြစ်ကို မကြောက်ကြသော ဥရောပတိုင်း၌ ဤအပြစ်ကို ကျူးလွန်သူများသည် အိမ်ထောင်အပျက်များကြောင်း သိရလေသည်။

ယခုခေတ်ကာလမှာ ဥရောပတိုင်းသူများသည် ရှေးကနှင့်မတူ။ မိန်းမများမှာ လွန်စွာလွတ်လပ်ကြလျက် သောက်ကြစားကြ အပျော်အပါး လွန်စွာများတတ်ကြသဖြင့် လင်ရှိလျက် ရည်းစားထားသော မိန်းမတွေ များကြလေသည်။

၎င်းတို့၏စိတ်၌ ထိုရည်းစားကို တကယ့် အချစ်အစစ်အမှန်၊ အချစ်ကြောင့် တွေ့ရသော ရည်းစားများ ဖြစ်သည်ဟု စွဲမှတ်ကာ ထိုအချစ်မှာ မြင့်မြတ်သန့်ရှင်း အပြစ်ကင်းသည်၊ ထိမ်းမြားမင်္ဂလာပြုထားသော လင်ယောကျ်ားပင် ရှိစေကာမူ ထိုလင်ယောကျ်ားမှာ မတော်တဆ မှား၍ယူသော ယောကျ်ားဖြစ်သည်၊ တကယ်အချစ်၏ အမိန့်အတိုင်း ယူရသည်မဟုတ်၊ သို့ဖြစ်၍ လင်မယား အစစ်အမှန်ဟု မဆိုနိုင်၊ တကယ့်ဖူးစာဖက်ကို ယခုမှ တွေ့ရသည်ဟု အယူရှိကြလျက် ထင်သလို ဖောက်ပြန်၍နေကြလေသည်။

သို့သော်လည်း အခါများစွာ မိန်းမမှာလည်း ရည်းစားတွေ၊ ယောကျ်ားမှာလည်း ရည်းစားတွေ တွေ့တတ်သောကြောင့် သဘောတူ ကွာရှင်းကြသူတွေ များကြလေသည်။

သဘောတူ ကွာရှင်းကြသော်လည်း အစိုးရ ဥပဒေအရ ကွာခွင့်တိုင်း ကွာ၍မရ။ သစ္စာဖောက်ကြောင်း သက်သေလုံလောက်မှသာနှင့် မိမှသာ မိသူက ကွာလိုကြောင်းနှင့် ရုံးကို တိုင်ရလေသည်။ သို့အတွက် အမှုဆင်ပုံမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက်လုံးမှာ ကိုယ်စီကိုယ်င တကယ့်အချစ်များကို ကပွဲတစ်ခု၌ တွေ့ကြပြီးနောက် တမှိုင်မှိုင် တတွေတွေနှင့် ကလေးတွေကို အထိန်းနှင့်လွှဲပြီး မစားနိုင် မသောက်နိုင်။ စားပွဲထိုင်ရာမှာ တိတ်ဆိတ်လျက်၊ အိပ်စက်သောအခါမှာလည်း တစ်ယောက်တစ်ခန်းခွဲ၍ သွားပြီးအိပ်ကြ၏။ လင်ကလည်း ကွာချင်၊ မယားကလည်း ကွာချင်လျက် မသက်မသာ ဖြစ်နေကြ၏။

ထိုအခါ မယားက "ကျုပ်မှာတော့ မိန်းမ၊ ကျုပ်ဆင်လို့ တော်မယ်မထင်ဘူး၊ ရှင်ကဆင်ပါ၊ ကျုပ်ဘယ်အချိန်မှာသက်သေနဲ့လာပြီး အုပ်ရမလဲ"

"ဘယ်ဟိုတယ်မှာ ဆင်ရမလဲ"

"ရှင်သဘောကျရာ ဟိုတယ်ပေါ့"

"ကောင်းပြီ၊ မင်း ဘယ်အချိန်ကို လာခဲ့၊ သက်သေ နှစ်ယောက်ခေါ်ခဲ့တာပေါ့"

"ကောင်းပြီ၊ ကျုပ်လာခဲ့မယ်၊ သက်သေ မဘီနဲ့ မောင်စီ ပါလာလိမ့်မယ်"

ထိုနောက် ချိန်းထားသောနေရာ၌ ဟိုတယ်တစ်ခုတွင် လင်ဖြစ်သူသည် အခြားအဖော်များနှင့် စားပွဲတစ်ခုမှာ ဝိုင်အရက်ကိုမြည်းကာ ဖဲကစား၍နေ၏။

ငင်းအဖော်များထဲတွင် ငင်းယောကျ်ားနှင့် အတော်ခင်မင်ပုံရသော မိန်းမတစ်ယောက် ပါရှိ၏။ ထိုမိန်းမမှာ အများအားဖြင့် မုဆိုးမ၊ တစ်ခုလပ်၊ စစ်မိုလ် တစ်ယောက်ယောက်ရဲ့ မယားဟုဆိုဖွယ်ရှိ ဘုန်းကြီးတစ်ပါးပါး၏ မယား ဖြစ်ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



(အင်္ဂလိပ်ဘုန်းကြီးများမှာ မိန်းမရှိ၏။)

၎င်းမိန်းမက နေမကောင်းဘူး၊ ခေါင်းမူးတယ် ဟု ပြောပြီး ဟိုတယ် အိပ်ခန်းဝကို ဝင်သွားရာ ဉာဏ်ဆင်သော အဆိုပါ ယောက်ျားမှာ များစွာစိတ်ပူပန်နှင့် ကစားပွဲမှထ၍ လိုက်သွား၏။

နောက် နာရီဝက်လောက် ကြာသောအခါ ဟိုတယ်ထဲသို့ ၎င်း၏မိန်းမသည် အဖော်နှစ်ယောက် သုံးယောက်နှင့် ရောက်၍ လာပြီး ဟိုတယ်ဝင်စာရင်းကို ကြည့်၏။ သို့ရာတွင် မိမိ၏ယောက်ျား ဘယ်အခန်းမှာရှိသည်ကို သိသဖြင့် တက်၍သွားပြီး တံခါးကိုခေါက်၏။ တံခါးဖွင့်၍ အတွင်းသို့ဝင်မိကြသောအခါ ယောက်ျားမှာ များစွာ မျက်နှာပျက်၍နေ၏။

၎င်းမှာ ရုပ်အကျီနှင့် ဘောင်းဘီသာ ရှိ၏။ ဆံပင် ဖိုးရိုးဖားရား ရှိနေ၏။ အနီး၌ ရေမွှေးဇလုံတစ်ခု ရှိ၏။ ရေမွှေးအိတ်လည်း ရှိ၏။ အတော်ကလေး နေထိုင်မကောင်းဟန်ရှိသော မိန်းမအား ကျပ်ထုပ်ထိုးကာ ကိုယ်တိုင်ပြုစုနေပုံ လက္ခဏာရှိ၏။

လာ၍အုပ်သော မယားဖြစ်သူမှာ ဒေါသမီးတောက်လျက် မျက်နှာနီမြန်း နှာရည်ရွှမ်းကာ မျက်လုံးများကို လက်ကိုင်ပဝါတို့ပြီး အဖော်များအား "ဒါ ရှင်တို့အမြင်ပဲ၊ ကျွန်မ ဘာမှပြောဖို့မလိုပါဘူး" ဟုပြောပြီး လင်ယောက်ျားကို ကြည့်ကာ "ရှင် ကျုပ်ကို မပေါင်းချင်ရင် စောစောက ပြောပါလား၊ ချင်းစိမ်းနဲ့ မိတ်သလင်ပါ၊ ရှင် ဒီလို သစ္စာဖောက်ရင် ကျုပ်ဆီကို ပြန်လာဖို့ မလိုပါဘူး၊ ဒီကနေ ခင်ဗျားရှိ လို့ လာကြည့်တာပါ" ဟုပြောကာ မချိသော အမူအရာနှင့် ထွက်၍ သွား၏။ နေမကောင်းသော မိန်းမမှာ လွန်စွာ ရှက်ကြောက်လျက်

www.burmeseclassic.com



ပြုစုနေသော ယောက်ျားအား "ရှင် မုဆိုးဖိုဆို၊ ကျွန်မကို တစ်ပတ် ရိုက်တာပေါ့၊ ရှင်ဘာကောင်းသလဲ" စသည်ဖြင့်ပြောကာ မျက်နှာကို ခေါင်းအုံး၌ မြှုပ်ပြီး ရှိုက်ငင်၍ ငိုဏ်၏။ သက်သေများစွာ များစွာ စိတ်လက်မချမ်းမသာဖြစ်ပုံနှင့် တီးတိုးစကား ပြောကြပြီး ထွက်သွား ကြ၏။

နောက် ရက်များမကြာမီ လင်မယားကွာသော ရုံးခန်းမှ တစ်နေ့ သဉ် လင်မယားနှစ်ယောက် တံခါးတစ်ခုစီမှ ထွက်ခဲ့ကြရာ အထိန်း တစ်ယောက်ယောက်ကဖြစ်စေ၊ ဆွေမျိုးရင်းချာ တစ်ယောက် ယောက်ကဖြစ်စေ ကလေးများကို ဆွဲ၍သွား၏။ ကလေးများမှာ မျက်ရည်စက်လက်နှင့် နေကြရလေ၏။

ဟိုတယ်၌ နေမကောင်းဖြစ်သောမိန်းမမှာ ဤရုပ်ရှင်ဇာတ်ကွက် ကလေး၌ ပါဝင် အသုံးတော်ခံရသောကြောင့် လေးငါးဆယ်ပေါင် ရ၍သွား၏။ အကြောင်းမူကား ယောက်ျား၏ ရည်းစားမှာ ၎င်းမိန်းမ မဟုတ်။ အခြား မထင်ရှားသော နေရာတစ်ခု၌ တွေ့ဖို့ရန် မျှော်ဇော ဆိုက်၍နေလေ၏။ ကွာရှင်းသော မိန်းမမှာလည်း ရုပ်ရှင်ကို အတူ သွားရန်စောင့်နေသော ရည်းစားဖြစ်သူစစ်ဗိုလ်ကလေးထံသို့ ရောက် ၍သွားလေ၏။ ကလေးများမှာ ကျောင်းသို့ ရောက်ကြရရှာလေ၏။

တကယ့်အချစ် ဟူသော စကားနှင့် ပတ်သက်၍ များစွာ အကောက်အယူ လွဲ၍နေကြလေသည်။

တကယ့်အချစ်သည် ချစ်၍နေသော အခိုက်အတန့်မှာသာ တကယ့်အချစ် ဖြစ်နိုင်သည်။ အချစ်ပြယ်သောအခါ တကယ့်အချစ် မဟုတ်တော့ပေ။ သို့ဖြစ်လေရာ တကယ့်အချစ်ကို မည်သူမှ တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု စွဲမှတ်သူတို့သည် အမှားကြီး မှား၍ နေကြလေသည်။ ဤအတိုင်းဆိုလျှင် တကယ့်အချစ်တွေ့ အဆုံးသတ်မည် မဟုတ်ပေ။ တကယ့်အချစ်တစ်ခု ငြိးငွေ့သောအခါ အခြားတကယ့် အချစ်တစ်ခုနှင့် တွေ့ရမည်ကဲ့သို့ ဖြစ်နေသည်။

သို့ဖြစ်လေရာ အချစ်ကို မြဲအောင်မွေးမြူရလေသည်။

## အချစ်ကို မွေးမြူနည်း

အထက်ဖော်ပြသည်နှင့်အညီ တကယ့်အချစ်ကို အသင့်ရှာ၍ တွေ့ချေက လောကဋ္ဌ အိမ်ထောင်ပြုခြင်း၊ မင်္ဂလာဆောင်ခြင်း အလုပ်သည် အပိုဖြစ်ဖို့သာ ရှိလေရာ ထိုကဲ့သို့ အသစ်ဖြစ်သော တကယ့်အချစ်တွေကို မလို။ ပထမ တွေ့ပြီးသောအခါ ... မြဲအောင် လုပ်ဖို့သာ လိုလေသည်။

သို့မြဲအောင်လုပ်ခြင်းမှာ စိတ်အလိုကို မလိုက်အပ်ခြင်း၊ စိတ်ကို အားလပ်စွာထားပြီး ထင်ရာကို မတွေးအပ်ခြင်း၊ အပျော်အပါးကို လွန်စွာမလိုက်အပ်ခြင်းများ ဖြစ်ကြလေသည်။

အခြား အရေးကြီးသော ချက်မှာ ချစ်စ၊ ကြိုက်စ၌ တစ်ယောက်ကိုတစ်ယောက် ကြည့်ရာတွင် ချစ်စရာအချက်တွေကိုသာ မြင်တတ်ကြ၏။ နှစ်ယောက်စလုံးကလည်း မိမိတို့၏သနားနှင့် ချစ်စရာအချက်များသာ ပေါ်ပေါက်အောင် အထူးဂရုစိုက်ကာ သတိနှင့် ပြော၊ သတိနှင့် နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ချစ်စ, ကြိုက်စ,၌ အချစ်စိတ်နှင့် မွှန်၍နေသောကြောင့် အပြစ်အနာ မနှစ်လို့ဖွယ်ရာ အချက်ကလေးများကို လွယ်ကူစွာ မမြင်ကြ[illegible] ထိုအခါ၌ အတူတကွ အမြဲမနေရ၊ တစ်ခါတစ်ခါသာ တွေ့ကြရသေ[illegible]ကြောင့် တစ်ယောက်အကြောင်းကို တစ်ယောက် စုံလင်စွာ[illegible] မသိမြင်ကြရ။ အကောင်းကလေးကိုသာ သိမြင်ကြရ လေသ[illegible]။

[illegible]နေထိုင်သောအခါ၌ကား အလျှင်ကကဲ့သို့ အမြဲကွယ်ရန် လုပ်ကာ မိမိတို့ကိုယ်ကို ဂရုစိုက်၍ မနေနိုင်။ အပြစ်အနာကလေး တွေကို ကြည့်ကာ စိတ်ပျက်တတ်လေသည်။ ထိုအခါ စိတ်မပျက် အောင် စိတ်ကိုချုပ်ပြီး အပြစ်ကလေးတွေကို မရှိသကဲ့သို့၊ မမြင် သကဲ့သို့ သဘောထားရမည်။ ငါနှင့် အမြဲပေါင်းသင်းရတော့မည်၊ မည်သူမျှ အပြစ်အနာ ကင်းသူမရှိ၊ သူ့မှာသာ ရှိမည်မဟုတ်၊ ငါ့မှာလဲ ရှိမှာပဲ၊ ချောက်ပြစ်ကင်းသူ လောကမှာ မရှိနိုင်၊ အခြားလင်မယား တွေလဲ ငါတို့လို နေကြမှာပဲ၊ သူတို့မှာလဲ အပြစ်တွေ ရှိကြတာပဲဟု ဆင်ခြင်ကာ အပြစ်ကိုဖျောက်၊ အကျိုးကိုရှာ၊ ကောင်းသော အချက် အလက်၊ ကောင်းသော အကွက်ကလေးကိုသာ ရှုကြရမည်။

အချစ်၏ တည်မြဲခြင်း၌ အခြားအကြောင်းတစ်ခုသည်လည်း ရှိ၏။ ထိုအကြောင်းသည်ကား သည်းခံခြင်း ဖြစ်လေသည်။

အထက်ဖော်ပြခဲ့သည့်အတိုင်း တစ်ယောက်အပေါ် တစ်ယောက် အပြစ်ကိုမရှု၊ အကျိုးကိုသာ ရှုသည့်အခါ အကျိုးကိုသာမြင်၍ မကြိုက် အပြစ်ကို ခွင့်လွှတ်ပြီးဖြစ်သဖြင့် သည်းခံရန်အတွက် [illegible]ခြင်း ရှိတော့မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ သည်းခံသောစိတ် ရှိကြသောအခါ တစ်ကိုယ်ကောင်း စိတ် ရှိတော့မည် မဟုတ်။ တစ်ကိုယ်ကောင်းစိတ် မရှိခြင်းသည် အချစ်ကို ရာသက်ပန် တည်မြဲစေနိုင်လေသည်။

တစ်ကိုယ်ကောင်းစိတ်သည် အရာရာမှာရှိ၏။ တစ်ယောက်ကို တစ်ယောက် ညှာတာထောက်ထားခြင်းသည် တစ်ကိုယ်ကောင်း စိတ် မရှိခြင်းပင်ဖြစ်၏။

အရာရာ၌ စဉ်းစားဆင်ခြင်ကာ သူ့အတွက် မိမိကိုယ်တိုင် ခြိုးခြံ စွာ ကျင့်ခြင်းသည် တစ်ကိုယ်ကောင်းသဘော မထားခြင်းပင်ဖြစ် လေသည်။

အိမ်ထောင်ခြင်း၌ အရေးအကြီးဆုံးမှာ ကိလေသာ ကာမအလုပ် ဖြစ်လေရာ ဤအရာ၌ အထူးသဖြင့် ယောကျ်ားဖြစ်သူတို့သည် တစ်ကိုယ်ကောင်းစိတ် ရှိတတ်ကြလေသည်။

## ဆွေမျိုးနှင့် လင်

အစဉ်အလာ လူတို့၏ ဓမ္မတာကား လင်မယားအချစ်နှင့် သားသမီးအချစ်သည် အကြီးဆုံးဖြစ်ကြောင်း အထက်၌ ဖော်ပြခဲ့၏။ လင်အတွက် မိဘဆွေမျိုးကိုစွန့်၏။ သားအတွက် ဆွေမျိုးနှင့် သေခန်းဖြတ်ကြ၏။

သို့ပါလျက် အချို့သော မိန်းမများသည် မိဘဆွေမျိုးအတွက် လင်ကိုစွန့်တတ်ကြသည်ကား အဘယ်အကြောင်းကြောင့်ပေနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမမျိုးသည် အများအားဖြင့် ကိုယ်တိုင်စိတ်ရှင်းမကောင်းသော သူမျိုးသော်လည်းကောင်း၊ လင်ယောက်ျားဖြစ်သူ၏ ဆိုးသွမ်းခြင်း၊ ညံ့ဖျင်းခြင်း စသည့်အပြစ်မျိုးကြောင့်လည်းကောင်း ထိုကဲ့သို့ ဖြစ်ကြရလေသည်။

ထိုစိတ်သည် မမှတာစိတ်မဟုတ်။ ထူးခြားသောစိတ်မျိုးဖြစ်ရာ ထိုကဲ့သို့ဖြစ်ဖို့ရန် အကြောင်းအမျိုးမျိုးတွေ ရှိလေသည်။

ကျွန်ုပ်တွေ့ဖူးသော မိန်းမတစ်ယောက်မှာ အသောက်အစား၊ အပျော်အပါးမရှိ၊ ရိုးသားသောလင် ရှိပါလျက် လင်ကိုစွန့်၍ အစ်မ၊ အမေ၊ မောင်ရှိရာသို့ သွားရောက်နေထိုင်၏။

လင်နှင့်အတူ နေကြစဉ်က လင်ကို လွန်စွာနိုင်ကြ၏။ မယားကသာ နိုင်သည်မဟုတ်။ လခထုတ်သည့်အခါ အမေရော အစ်မရော ထိုင်ပြီး ယောက်ျားလခကို စစ်ကြ၊ တွက်ကြလေသည်။

၎င်းတို့သားအမိတစ်စုလုံးမှာ ရှေးအတိတ်ကာလက ချမ်းသာခဲ့ဖူးသည့် အကြောင်းကိုသာ ပြန်၍ပြောပြီး ဂုဏ်တက်လျက် စိတ်မှာ အထက်သို့ ရောက်၍နေ၏။ အားလုံးကို ၂ခ ၈၀ စား ထိုစာရေးလေးက ကျွေးမွေး၍နေရ၏။

ဒီကောင်နဲ့ညားလို့ ဆင်းရဲတာ၊ အပျိုတုန်းက အဘယ်သူ့ငွေက လာပြီးစပ်တော်ဖို့ အဘယ်အရာရှိက လှမ်းတာပဲ ဟူသောစကားကို ပြောလေ့ရှိ၏။ နောက် ကလေးတစ်ယောက် ရပြီးမှ လင်မယား ကွဲ၍၏။ လင်မှာ နောက်မိန်းမကို လွယ်ကူစွာရ၏။ ၎င်းမိန်းမမှာမူ အပျိုကလေးများလို ဝတ်ဆင်ကာ အမြဲ စတိုင်လုပ်သော်လည်း အဘယ်သူ့ငွေနှင့်မျှ ညားသည်ဟု မကြားရပေ။

www.burmeseclassic.com

www.burmeseclassic.com



ဖုင်းမိန်းမ၌ စိတ်၌ ဤစာရေးကလေးနှင့်ကွဲလျှင် သူ့ဒွေးနှင့် ရလိမ့်မည်ဟုထင်မှတ်၍ မျှော်လင့်ချက်တစ်ခုခုကိုအားကိုးပြီး လင်ကို စွန့်ဟန်မတူလေသည်။ သို့စွန့်ခြင်းသည် စိတ်ရင်း မကောင်းသော ဂ မိခင်၊ အစ်မတို့၏ ပယောဂလည်း မကင်းဟု သဘောရ၏။

ယောက်ျားကိုယ်တိုင်မှာ အပြစ်ရှိသောကြောင့်သို့မဟုတ် အစ ပထမဦးကပင် မချစ်သောကြောင့်လည်း လင်ကိုစွန့်၍ မိဘဘက်သို့ လိုက်နိုင်ပါ၏။ စိတ်ဖောက်ပြန်ကာ အခြားယောက်ျားတစ်ယောက် ယောက်နှင့် တွေ့သောကြောင့်လည်း လင်ကို စွန့်နိုင်လေသည်။ ထိုမိန်းမမှာ အသနား၊ အကြင်နာ နည်းပါး၍ ရက်စက်သောစိတ် မကင်းသူများလည်း ဖြစ်နိုင်လေသည်။

ကျွန်ုပ်၏ နှမတော်တစ်ယောက်မှာ အရိုးဖြစ်သူက ပေးစားသဖြင့် ယောက်ျားရ၏။ ထိုယောက်ျားကို အဘယ်မျှ ချစ်သည်ဟု မသိရ။ ယောက်ျားချစ်သလောက် ၎င်းက ပြန်၍မချစ်ကြောင်း သိရသည်ကား အရိုးဖြစ်သူက ယောက်ျားဘက်မှ ကူညီကြံစည်၍ ပေးခဲ့ရခြင်းကြောင့် သိရ၏။ သို့သော်လည်း ယောက်ျားကောင်းမည်ဆိုလျှင် တည်မြဲနေဖို့ရှိ၏။ ယောက်ျားကား များစွာ ကောင်းသော ယောက်ျားမဟုတ်။ မူးယစ်သောက်စားပြီး တစ်ကြိမ် ရိုက်နှက်၍ တစ်ကြိမ် သေနတ်နှင့်ပစ်မည်ဟု ကြံဖူးလေသည်။

ထို့နောက်မကြာမီ ယောက်ျားကိုစွန့်ပြီး အစ်မများ၊ မောင်များထံ ပြန်၍နေ၏။ ထိုနောက် ယောက်ျားဖြစ်သူမှာ နောင်တရသဖြင့် အကြိမ်ကြိမ် လာ၍တောင်းပန်သော်လည်း အတွေ့မခံ။ နောက် ကိုးနှစ်၊ ဆယ်နှစ်လောက် ကြာသောအခါ ၎င်းယောက်ျားမှာ မယား

www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်မကောင်းဖြစ်ပြီး အသောက်ဖြင့် စိတ်ကိုဖြေရာမှ ဆင်းရဲဒုက္ခရောက်လျက် သေဆုံး၍သွားရှာလေသည်။ သေသည့်တိုင်အောင် အတွေ့မခံ၊ ဂရုမစိုက်။ ၎င်း၏စိတ်၌ တစ်စုံတစ်ရာ လှုပ်ရှားခြင်းမဖြစ်။ ယောက်ျားလည်းမယူ။ မိန်းမ သူငယ်ချင်းများနှင့်သာ ပျော်ပျော်ရွှင်ရွှင် နေထိုင်သည်ကို တွေ့ရလေသည်။ ဤစိတ်မျိုးကား အဖော်ပင် ရှားပေလိမ့်မည်။

လင့်မယား မတည်မမြဲ အချစ်ကွဲအောင်လုပ်တတ်သော အခြားအကြောင်းတစ်ခုလည်း ရှိ၏။ ထိုအကြောင်းသည်ကား အခြားမဟုတ်။ သည်းခံလွန်းခြင်း၊ သူ့အလိုကို လိုက်လွန်းခြင်း ဖြစ်လေသည်။ မိမိကိုယ်ကို ဖျာလိုခင်း၍ အနင်းခံရတတ်သည်ဟု အင်္ဂလိပ်စကား ရှိ၏။

အချို့သော မိန်းမများသည် လွန်စွာအနင်းခံကြရ၏။ လင့်အလိုကို လွန်စွာလိုက်၏။ မယားဝတ် ကျေလွန်းအားကြီးသဖြင့် မိမိကိုယ်ကို အဖိုးမတန်အောင် လုပ်သလိုဖြစ်သောကြောင့် အဖိုးမတန်ဟု မှတ်ထင်ခြင်းကို ခံကြရပေသည်။ ယောက်ျားများစွာတို့၏စိတ်၌ ငါ့မိန်းမ လွန်စွာဝတ္တရားကျေသည်ဟု စဉ်းစားကာ ကျေးဇူးတင်လေ့မရှိ။ အပေါစား မှတ်ထင်ကာ အချစ်မှာ သန့်သင့်သလောက်မသန့်။ အေးစက်စက်ကြီးဖြစ်ပြီး လေးစား ဂရုပြုသင့်သလောက် မပြုဘဲ နေတတ်လေသည်။ သို့ဖြစ်လေရာ မိမိကိုယ်တိုင် ဝတ္တရားကျေအောင် လုပ်ဖို့သာ ဂရုမစိုက်ဘဲ သူ၏ဝတ္တရား ငါ့အပေါ် ကျေပွန်ရဲ့လား၊ မကျေပွန်ဘဲ ခေါင်းငုံ့၍ခံအားကြီးလျှင် ငါ့ကို အသုံးမကျ မှတ်ထင်လိမ့်မည်၊ ငါ့ကို လေးစား သင့်သလောက် မလေးစားဘဲ

www.burmeseclassic.com

www.burmeseclassic.com



နေမည်၊ အချစ်ဆိုသည်မှာ လေးစားဂရုပြုခြင်း ကြောက်စိတ်၏ အငွေ့အသက်စက်တစ်မျိုးမကင်းမှ သာလွန်၍ လေးနက်မြဲဖြစ်လေသည်၊ အလကားကောင်မ၊ ငါထားသလို နေရတာပဲ၊ ဘယ်လိုနေနေ ပြောရဲတဲ့ ကောင်မ မဟုတ်၊ ငါ့ကိုမစွန့်နိုင် ဟူသောအထင်မျိုးကို ခံရချေက လေးစား ဂရုပြုခြင်းကို မခံရ။ လေးစား ဂရုမပြုက အဖိုးမတန်ဟု သဘောထားခြင်းကို ခံရလိမ့်မည်။ အဖိုးမတန်လျှင် အဘယ်မှာ အချစ်သန်နိုင်ပါမည်နည်း။

အခြားအချက်တစ်ခုမှာလည်း ချစ်စ ခင်စ စကားဦးမှန်ကို ကုန်စင်အောင် ပြောလေ့မရှိ။ တစ်ယောက်အပေါ် တစ်ယောက် အပြစ်မြင်လျှင် မြင်သလောက် မပြော။ တွေးလည်း မတွေး။ အပြစ်ကို လျှော့၍ သော်လည်းကောင်း၊ ဖော့၍ သော်လည်းကောင်း ပြောတတ်လေရာ လင်မယား အဖြစ်သို့ ရောက်ပြီးသည့်အခါ မထောက်မညှာ အားနာခြင်းမရှိ ထိထိရောက်ရောက် အမှန်အတိုင်း ပြောတတ်ကြလေသည်။

အနေအထိုင်မှာလည်း သမီးရည်းစား ဖြစ်စဉ်ကကဲ့သို့ ကျစ်လျစ်ခြင်း မရှိ။ ထင်သလို ပေါ့ပေါ့ဆဆ နေကြချေက ငြီးငွေ့စိတ်ပျက်ဖွယ်ရာတွေကို များစွာ မြင်ရ၍ ပျက် စိတ်ပျက်တတ်လေသည်။ ဤအရာ၌ သတိဝီရိယကို အထူးလိုလေသည်။ အနေအထိုင်၊ အပြောအဆို၊ အဝတ်အစားမှစ၍ အိမ်ထောင်ပြုပြီးသည့်နောက် လွတ်လပ်ခြင်း လွန်သည့်အခါ အချစ်လည်း ပြယ်တတ်၊ ပေါ့တတ်သည်ကို သတိပြုရဖို့ လိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ထောင်ရေးကို ရှောင်ခြင်း

သမီးရည်းစားဘဝ၌ အတွေ့သည် မိန်းကလေးများအတွက် လွန်စွာ အရေးကြီးလေသည်။

ယောကျ်ားများ၏စိတ်၌ ကာမကို ထိထိရောက်ရောက် အရယူမှသာ အချစ်ကို ပိုင်ဆိုင်နိုင်သည်ဟု စွဲမှတ်ကာ တွေ့အောင်ကြံတတ်ကြလေသည်။

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဟူသောစကားများကို များစွာသတိထားအပ်ကြလေသည်။ သမီးရည်းစားဘဝ၌ အသေအလဲ အဘယ်မျှပင် ချစ်ကြိုက်စေကာမူ ကွဲဖို့အကြောင်းတွေ အမျိုးမျိုးဖြစ်တတ်လေသည်။

ရည်းစားဖြစ်ပြီးနောက် တကယ်ပေါင်းရမည်၊ မပေါင်းရမည်ကို မသိရဘဲလျက် ယုံကြည်စိတ်မြဲကာ ကာမကိုပေးသော မိန်းကလေးများ၏ အမှားသည် အဘယ်မျှကြီးသည်ကို စားစရိတ် ရလိုမှု တရားများကိုထောက်သဖြင့် သိနိုင်လေသည်။ မိမိ၏ကလေးမှန်လျက်နှင့် မဟုတ်ပါ၊ မမှန်ပါဟု ခုခံငြင်းပယ်သူတွေ များစွာရှိကြ၏။ ထိုကဲ့သို့ ငြင်းပယ်ခြင်းသည် ဘယ်သူနဲ့ ရမှန်းမသိ၊ သင်း ကမြင်းလို့ရတဲ့ ကလေး ပြောခြင်းနှင့် ခြားနားမည် မဟုတ်ပေ။ ချစ်ခင်ပြုံးရွှင်လျက် ပျော်ရွှင်နေကြတုန်းအခိုက်မှာ ငါ၏ချစ်သူသည် ငါ့အား တစ်နေ့သ၌ ဤသို့ပြောလိမ့်မည်၊ ဤသို့စွပ်စွဲလိမ့်မည်၊ ငါ့ကို အလေလိုက်သော မိန်းမ၊ ကမြင်းသောမိန်းမဟု အများမှတ်ထင်အောင် ငြင်းဆန်ခုခံလိမ့်မည်ဟု တွေးခေါ်မိကြမည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ အတွေ့ကို မရှောင်ကြသဖြင့် လူပြည်သို့ ရောက်လာကြသော ကလေးများမှာ ဖခင် မထင်ရှား၊ ဖခင်၏ ကြည့်ရှုခြင်းကို မခံကြရ။ ၎င်းကလေးများမှာ မိခင်၏ မိုက်မှားခြင်းဒဏ်ကို မတရား ခံကြရဖို့ ရှိလေသည်။ ဗုဒ္ဓဘာသာမှာ ကံ, ကံ၏အကျိုးကို ယုံကြည်ကြ၏။ သို့သော်လည်း မိခင်ပျို၏ မှားယွင်းမှုကိုကား ငြင်းနိုင်မည် မဟုတ်ပေ။

တကယ်ယူမည့် မိန်းမကို ဥရောပတိုင်းသား ခရစ်ယာန်လူမျိုးများသည် တွဲ၍ပင် က,သော်လည်း မလွန်မကျူး မမှားမယွင်းရအောင် အထူးသစ္စာစောင့်ကြလေသည်။

သစ္စာမစောင့်ချေက လူယုတ်မာ၊ မကောင်းသူ၊ သစ္စာမရှိသူဟု ပြောဆို ရှုတ်ချခြင်းကို ခံရလေသည်။ တကယ် ချစ်ကြိုက်သူ လူကောင်းများမှာ လက်စွပ်ပင် လဲ၍ပြီးစေကာမူ သစ္စာစောင့်လေ့ရှိကြလေသည်။ အကြောင်းမူကား မတော်တဆ အကြောင်းတစ်ခုခုကြောင့် ကွဲကြမည်ဆိုလျှင် ရရှိသော ကလေးရော မိဘများရော ဝန်လေး ဒုက္ခဖြစ်တတ်သည့်ပြင် အထူးသဖြင့် မိန်းမပျိုမှာ အဖိုးထိုက်တန်သော အပျိုဘဝ ဆုံးရှုံးရမည် ဖြစ်လေသည်။

နှစ်ဦး နှစ်ယောက် ကြုံတွေ့ကြရာ၌ အတွေ့ကို မရှောင်နိုင်ဟူသော စကားသည် မဟုတ်မမှန်သောစကားဖြစ်၏။ အတွေ့ကို ရှောင်နိုင်ရမည်။ ရှောင်လျှင် ဖြစ်နိုင်လေသည်။ ဤကိစ္စမှာ စိတ်ကို ထိန်းလိုက ထိန်းနိုင်သောသတ္တိရှိ၏။ ထိုသတ္တိကို အသုံးပြုကြည့်မှ သိရလေသည်။ ထိုသတ္တိမရှိက တစ်သက်လုံး အိမ်ထောင်မပြုဘဲ နေသူတွေ ရှိမည်မဟုတ်ပေ။ ထိုအတွေ့ကို ရှေးဦးတ်အခါ၌သော

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကြဉ်နိုင်သည် မဟုတ်ပေ။ ယခုခေတ်မှာလည်း ကွင်းရှောင်နိုင်၏။ အပျော်အပါး လွန်စွာများ၍ သောက်စားယစ်မူးသော ဥရောပ တိုက်သားများပင် ကြဉ်နိုင်ကြလျှင် အဘယ်အတွက် မြန်မာလူမျိုး များ မရှောင်နိုင်ဘဲ ရှိပါမည်နည်း။

ဂုဏ်သရေရှိ အမျိုးကောင်းသား ဥရောပတိုင်းသား ယောက်ျား ပျိုတို့မှာ သမီးရည်းစားထားရာ၌ မိမိတို့စိတ်ကို ချုပ်တီးနိုင်သည်၊ သစ္စာစောင့်သည်ဟူသော ဂုဏ်ကို အထူးယူကြလေသည်။ အသိ အလိမ္မာရှိသော မိကောင်းဖခင်သမီး မိန်းမပျိုများ သည်လည်း ဟောရမ်းသောသူကို လူယုတ်မာဟု အယူရှိကာ အတွေ့ခံလေ့ မရှိ ပေ။ သို့သော်လည်း ခြွင်းချက်များ ရှိကြပေမည်၊ ခြွင်းချက်မှာ မကင်း နိုင်ပေ။ လောက၌ လူတို့၏စိတ်မှာ အဆင့်အတန်း အမျိုးမျိုး ခြားနား လေသည်။

## သားသမီးနှင့် လင်မယားအချစ်

သားသမီးရလျှင် မယားအချစ် ပြယ်သည်ဟူသော စကားသည် အချို့မှာ မှန်၏။ အချို့အတွက်ကား မှားတတ်လေသည်။

စင်စစ်မှာ အချစ်မပျက်၊ အချစ်သဏ္ဌာန် ပြောင်းခြင်းမျှဖြစ်လေ သည်။ သားသမီး ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သမီးရည်းစား အဖြစ်နှင့် ဆယ်နှစ်၊ ဆယ့်ငါးနှစ်မျှ ပေါင်းသင်းခဲ့ရသော လင်မယား အချစ်မှာ မတူနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတစ်ခုလုံးသည် ပြောင်းလဲလျက်ရှိ၏။ ထိုပြောင်းလဲခြင်းသည် ရေစီးသည့်အလား မရပ်မနားဖြစ်၍နေ၏။ ပြောင်းလဲခြင်းသည် အဟောင်းပျောက်၍ အသစ်ရောက်ခြင်း၊ အသစ်ဖြစ်ပေါ်ခြင်းပင်ဖြစ်ရာ ပြောင်းလဲခြင်းသည် လောကဓမ္မတာ ဖြစ်လေသည်။ ပြောင်းလဲခြင်းသည် လောကဓမ္မတာဖြစ်ချေက အသစ်ပေါ်ပေါက်ခြင်းသည် အသစ်ကို လိုလားသောစိတ်အား သတ္တဝါတို့၏သဏ္ဍာန်၌ ဖြစ်ပေါ်စေ၏။ သို့ဖြစ်လေရာ အသစ်ကို မက်မောခြင်းသည် ဓမ္မတာသဘောတရားပင် ဖြစ်လေသည်။

သမီးရည်းစားဘဝ၊ လင်မယား ညားစအခါသည် လူ့ဘဝ၌ ဆန်းသစ်ခြင်း တစ်မျိုးဖြစ်ရာ ဆန်းသစ်ခိုက်မှာ လွန်စွာထူးသည်၊ ကောင်းသည်၊ ပျော်သည်ဟု မှတ်ထင်မြဲ ဖြစ်လေသည်။ နောင်သောအခါ၌ကား မဆန်း၊ မထူး၊ မကောင်း၊ မပျော်၊ ရိုး၍သွားလေသည်။

သားသမီးမရသော လင်ယောကျ်ားတို့မှာ အချစ်ဟောင်းသဖြင့် ရိုးသောကြောင့် သားသမီးလို ချစ်ရခြင်း တည်းဟူသော အချစ်သစ်ကို လိုလားခြင်း ဖြစ်လေသည်။

စင်စစ်မှာ လင်မယားအချစ်ကို သားသမီးအား ဖဲ့၍ပေးလိုက်ရသည် မဟုတ်ပေ။ လင်မယားအချစ်ဟောင်းမှာ သားသမီးအချစ်သစ် ထပ်လောင်းခြင်းမျှ ဖြစ်လေသည်။ ထပ်လောင်းရုံမျှမက လင်မယားအချစ်ကို ပိုမို၍ခိုင်မြဲစေဖို့ရန် သားသမီးသည် နှောင်ကြိုးပမာ ဖြစ်၍ လာသော သံယောဇဉ် ဖြစ်လေသည်။

ထို့ပြင် အသစ် ဘယ်လိုကောင်းကောင်း အဟောင်း တလည်လည် ဟူသောစကားအရ အဟောင်းကို ဟောင်းသဖြင့် မက်တတ်

www.burmeseclassic.com

www.burmeseclassic.com



သည်ကား လူတို့သည် သာမဟုတ်၊ တိရစ္ဆာန်များမှာပင် နီးစပ်ခြင်းတွယ်တာခြင်း ဆိုတာ သဘောတရားမှာ ပြည်ခမ္မ... အစ်ခုရှိလေရာ ကြာခဲလေ ကောင်းလေ၊ ဟောင်းလေ မြဲလေ၊ ကောင်းလေ ကွဲလေ ဖြစ်ပြီးမှတော ပေတည်း။

၁၅၀၀ ကာလလောက်က အချစ် အား၍အလှမှာ ၅၂၈ မေတ္တာ ကြောင့် အကြင်နှာကလေး ပေါ်ပေါက်၍ လာတတ်လေရာ ၅၂၈ မှာ ချင်းစိမ်းနှင့် မိဘလင် ဆိုသည့်စကားအရ ဖြစ်နိုင်လေသည်၊ ၁၅၀၀ မှာ ထိုစကားမရှိ။ သွေးသားစပ်၍ ထပ်တူအဖြစ်သို့ ရောက်သော ကြောင့် မခွဲနိုင် မခွာရက်၊ ကျိုးကန်းနှုတ်ရွှဲ၍နေသောအခါ၌ပင် မခွန် နိုင်ဘဲ နေတတ်လေသည်။

ဤအရာ၌ ယောကျ်ားနှင့်မိန်းမ ခြားနားပုံမှာ မိန်းမမှာ မီးယပ်ပိန် မီးယပ်ခြောက် ဖြစ်သည့်အခါ လင်ဖက်နှာဟု ခေါ်ကြသည်ကား လင်ယောကျ်ားများ စွန့်ပစ်တတ်ခြင်းကြောင့်ဖြစ်လေရာ ယောကျ်ား များ မကျန်းမာသည့်အခါ၌ကား မိန်းမများသည် သားသမီးစိတ်မှ မိခင်စိတ် ပေါ်ပေါက်လျက် နွမ်းရှ၍နေသော လင်ယောကျ်ားကိုသော် မှ အသက်ထက်ဆုံး လုပ်ကျွေးသမှု ပြုတတ်ကြခြင်းဖြစ်လေသည်။

သဘောကို ထောက်လိုက်သော် အိန္ဒိယ တိုင်းသားများနှင့် ရှေးလူကြီးများ စွဲမှတ်သည့် အစွဲသည် လွန်လွန်းသည်ဟု ဆိုရပေ မည်။ ထိုအစွဲသည်ကား မိန်းမမျိုးကို အယုတ်မျိုး၊ အဆိုးမျိုးဟု စွဲမှတ် ခြင်း ဖြစ်လေသည်။ ထိုအစွဲသည် ရှေးကျသောအစွဲ ဖြစ်လေသည်။ မိန်းမကို အယုတ်မျိုး၊ အဆိုးမျိုးဟု ဆိုမည့်အစား အနုမျိုးဟုဆိုလျှင် ပို၍မှန်ပေလိမ့်မည်။ အကြောင်းမူကား စိတ်နုခြင်း၊ ကိုယ်မခိုင်ခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် မှန်လေသည်။ မိန်းမဖျက်၍ ပျက်သောပြည်ထက် ယောက်ျားဖျက်၍ ပျက်သောပြည်တွေက ပို၍များလိမ့်မည်။ ထိုပြင် မဆိုင်သော ဌာန်ရှိမှု ဆိုင်သူဝင်စွက်က ပျက်တတ်လေသည်။ သို့ပျက်တတ်ခြင်းမှာ မိန်းမဆိုးသွမ်း ယုတ်မာခြင်းကြောင့် မဟုတ်။ မသက်ဆိုင်ခြင်းကြောင့် ဖြစ်လေသည်။

## ဖောက်ပြန်ခြင်း

အချို့သော မိန်းမများသည် သားသမီး လေးငါးယောက်ရပြီးမှ လင်ဖြယ်နေရာတွင်လိုက်၍ ဖြေးကြ၏။

၎င်းမိန်းမမျိုးကား မမ္မတာ သာဓုဘာတရားနှင့် မသက်ဆိုင်။ ထူးထူးခြားခြား ဆိုးယုတ်သူများ ဖြစ်ကြသည်ဟု ဆိုရပေမည်။

လောက၌ ထူးခြားဆန်းကြယ် အံ့ဖွယ်ရာတွေ အမျိုးမျိုးရှိနိုင်လေရာ ၎င်းလိုမိန်းမမျိုးကိုလည်း ကမ္ဘာ့အံ့ချီးဖွယ်ရာတစ်ပါးဟု သဘောထားအပ်သဖြင့် ယုံ့ချင်ယုံ့ မယုံ့ချင်နေဟု ခေါင်းတပ်သော သတင်းစာများ၌ ပါရှိသည့် အထူးပုဂ္ဂိုလ်မျိုးနှင့် တူလေသည်။

၎င်းတို့မှာ အရှက်အကြောက် လုံးလုံးကင်းလျက် စိတ်မပြည့်သူမျိုးဟူ၍လည်း ဆိုနိုင်လေသည်။ လင်ယောက်ျားတက်က ဆွေမျိုးသားချင်းများက အခွာယ်မျှဝင်၍ ဆိုးသွမ်း၍ နှိပ်စက်ကြစေကာမူ ၎င်းကဲ့သို့ မပြုကောင်းပေ။ လင်သားဆွေမျိုးသွမ်းသည့်အတွက် ၎င်း ပြည့်တန်ဆာလုပ်ပြီး သင်းတို့ကို အရှက်ခွဲမည်ဟု ပြောချေက ၎င်းက ပြည့်တန်ဆာစိတ်ရှိသဖြင့် အချက်ကောင်းပေါ်ပြီဟု အောက်မေ့ကာ စိတ်အလိုကိုလိုက်ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ယောကျ်ားက မကောင်း၊ သားက ကြမ်းပိုး၊ မိမိကိုယ်တိုင်က အစွမ်းမရှိသဖြင့် ဆင်းရဲနေရာ ခွေးမျိုးများ မကြည့်မရှုသောကြောင့် ငါ ဤကဲ့သို့ ဖြစ်ရသည်။ အိမ်ရှေ့မှာ မှန်ထောင်ပြီး သင်းတို့ကို အရှက်ခွဲမည်ဟုပြောသော မိန်းမတစ်ယောက်၏ စကားကို ကြားဖူးလေသည်။

၎င်းမိန်းမအကြောင်းကို စုံစမ်း၍ ကြည့်သောအခါ အကျင့်မကောင်းသော မိန်းမဖြစ်ကြောင်း သိရလေသည်။

ပေါင်တိုဇာတ်လာ မိန်းမမျိုးမှာ အဟုတ်တကယ်ဖြစ်ချေက ဤလို အံ့သြဖွယ်မျိုးထဲသို့ သွင်းအပ်လေသည်။ သို့သော်လည်း ဟုတ်မည်မထင်။ ယုံချင်ယုံ မယုံချင်နေဟူသော အတ္တုပ္ပတ္တိမျိုးထက် ပင် ယုံဖို့ရန် ခက်၍နေသည်။ ထိုမိန်းမမျိုးကို စာမဖွဲ့ဘဲ ခြွင်းချက်၌ ထည့်ကာ ကမ္ဘာ့အံ့ဖွယ်ရာထဲသို့သာ သွင်းဖို့လိုလေသည်။

## ရုပ်ရည်နှင့် ဂုဏ်

ဂုဏ်သည် ရုပ်ကို ပိုမိုလှစေသည်ဟု မှတ်ထင်ရ၏။ ရုပ်ရည် အချောချင်း တူသော်လည်း အမျိုးဂုဏ်၊ ပစ္စည်းဂုဏ်၊ ပညာဂုဏ်၊ အနေအထိုင်နှင့် ပတ်သက်သော ဂုဏ်တစ်ခုခုရှိက ထိုဂုဏ်မျိုး တစ်ခုမျှမရှိသော မိန်းမချောလေးထက် ပိုမို၍မက်ဖွယ်ကောင်းတတ် လေသည်။

လူတို့၏စိတ်၌ မိမိတို့ထက် တစ်စုံတစ်ရာမှာသာလွန်ထူးခြားနေသူကိုမှ ထူးမြတ်သည်ဟု မှတ်ထင်တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ယခုကာလ၌ ဂုဏ်ကိုမက်ကြလေရာ ဆင်းရဲသော အမျိုးသမီးကလေးများမှာ အဘယ်မျှပင် ချောမောလှပစေကာမူ မထင်ပေါ်နိုင်။ တိမ်မြုပ်နေတတ်လေသည်။

စာရေးသူကိုယ်တိုင်တွေ့ဖူးသည်မှာ ငါးရောင်းသောမိန်းကလေး တစ်ယောက်ဖြစ်၏။ ၎င်းအစ်မဖြစ်သူမှာလည်း ချော၏။ ၎င်းမှာ သာ၍ ချောမောလှပ၏။ သို့သော်လည်း ညီအစ်မ နှစ်ယောက်လုံး ခေါင်းရွက်ငါးသည်များ ဖြစ်ကြလေရာ မည်သူကမှ အဖိုးတန်သည် ဟု မထင်မှတ်ကြပေ။ အစ်မဖြစ်သူမှာ တေလေကြမ်းပိုး၏ မယား ဖြစ်ရာ ၎င်းက ဈေးရောင်း၍ကျွေးရ၏။ ၎င်းမိန်းမမှာ လင်နှင့်ကွာ၍ သွားပြီးနောက် ပုလိပ်အရာရှိ တစ်ယောက်နှင့် အကြောင်းပါ၍ သွား၏။ ညီမလေးမှာကား မထင်မရှား နေရလေသည်။

သို့နေရင်း သမီးပျိုမရှိသော အဘိုးကြီး၊ အမယ်ကြီးနှစ်ယောက် က သနားသဖြင့် အိမ်၌ခေါ်ထားရာမှ သမီးအရင်းလို ချစ်ခင်ပြီး စိန်ရွှေပုလဲတို့နှင့် ဆင်ယင်လိုက်ရာ ဆပ်ဒီဗီဇံမြို့ငယ်ကလေးမှာ အထင်ရှားဆုံးသော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ပြီးနောက် ဝန်ထောက်တစ်ယောက်နှင့် အကြောင်းပါ၍ သွားခဲ့လေသည်။ ဤကား အဘယ်မျှပင် ချောမောလှပစေကာမူ ရွှေငွေစိန်ကျောက် ဓနဂုဏ်နှင့် ပေါင်းရမှ ထင်ပေါ်ကြောင်း သက်သေဖြစ်လေသည်။

အကယ်၍ ရွှေငွေမရှိစေကာမူ အခြေကောင်းတစ်ခုခု ရှိလျှင် လည်း ထင်ပေါ်နိုင်လေသည်။

လူသည် အခြားသတ္တဝါများနှင့်မတူ။ မတ်တတ်လမ်းလျှောက် သော သတ္တဝါမျိုးဖြစ်ရာ ထောင်သောသတ္တဝါဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ခြင်းသည် အမြင့်ကို မှန်းခြင်းနှင့်တူရာ မြင့်မြတ်မှုထူးသည်၊ ကောင်းသည်ဟု မှတ်ထင်ကြလေသည်။

သို့ဖြစ်လေရာ ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ ရုပ်ရှင်ချင်းတူကြသည့်အခါ ဂုဏ်တစ်ခုခုသာမှု ပိုမက်တတ်ကြလေရာ အချို့မှာ အရုပ်ဆိုးစေကာမူ ဂုဏ်ကြောင့် အပြစ်တွေ အကုန်ပျောက်ပြီး အကောင်းကလေးတွေကိုသာ ရွေးချယ်၍ မြင်တတ်ကြလေသည်။

ဤကဲ့သို့ဖြစ်တတ်သော ဓမ္မတာသဘောမှာ အရုပ်ဆိုးမကြီးနှင့် မင်းသားရုပ်ကလေး တွေ့ဆုံ အကြောင်းပါခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်လေသည်။

အချို့မှာလည်း နီးစပ်သဖြင့် မတွေ့စဖူး၊ မကြုံစဖူးမှာ အရုပ်ဆိုးမကြီးနှင့် ပထမတွေ့မြိုး အထူးအမြတ် မှတ်ထင်ကြလေသည်။ သို့ဖြစ်ခြင်းကြောင့် အရုပ်ဆိုး အောက်တန်းစားမကြီးနှင့် အထက်တန်းစား လူချောလူလှများ တွေ့ဆုံပေါင်းသင်းမိကြလေသည်။

တစ်ကြောင်းမှာလည်း အရုပ်ဆိုးသော်လည်း နှုတ်က တစ်မျိုးကောင်းတတ်ကြသည့်ပြင် ပဥ္စပါပီကဲ့သို့သော အခြားအကောင်းတွေ ရှိနိုင်သည့်ပြင် မိမိတို့ထက် အရာရာမှာသာသော ယောကျာ်းများကို ရနိုင်လေသည်။

ကုသမင်းသည် ပ္ပဝတီကို အရကြိုးစားသည့်နည်းမျိုးအတိုင်း မရမနေ အထင်းရအောင် နည်းအမျိုးမျိုးနှင့် စွန့်စွန့်စားစား ကြိုးစားကြသောကြောင့်လည်း အရုပ်ဆိုးမနှင့် ရုပ်ချောသော ယောကျာ်းမျိုးကလေးများ အတည်တကျ ညားရတတ်လေသည်။ ချောတာလှပဂုဏ်အမျိုးမျိုးနှင့် ပြည့်ဝသော မိန်းမပျိုကလေးများမှာ ယောကျာ်း

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ယောက်ယောက်ကိုရအောင် ထိုမျှလောက် သဲသဲမဲမဲ မကြိုးစား ကြသည့်အပြင် လင်စံရွေး လင်ရွေးနှင့်ညား ဟူသော စကားလို ဖြစ်တတ်လေသည်။

မြန်မာအမျိုးသမီးများသည် မိမိတို့ကိုယ်ကို မိန်းမဖြစ်သည့် အတွက် ယုတ်သည်၊ ညံ့သည်၊ ခွေးထီးလောက်တောင်မှ မမြတ်ဟု မှတ်ကြသည်မှာ လွန်စွာမှားလေသည်။

ထိုအယူသည် စဉ်းစားဉာဏ်နှင့် အသိပညာ နည်းပါးလျက် ...တို့ မြန်မာလူမျိုးမှာ ဤအကြောင်းအရာများနှင့် ပတ်သက်၍ ကုလားကျမ်းများမှတစ်ဆင့် သိကြရသောကြောင့် ကုလားအယူ ...ပင် အဟုတ်တကယ် မှတ်ထင်လျက် မြန်မာအယူလုပ်ကာ ...ကြည်၍ နေကြလေသည်။

မိန်းမများကလည်း မိမိတို့ကိုယ်ကို ယောကျ်ားများလောက် အသိအလိမ္မာ မရှိဟု အစွဲပြုကြလျက် ယောကျ်ားများကို သံယောင် ...ကာ မိမိတို့ကိုယ်ကို အယုတ်ညံ့မျိုးဟု ပြော၍နေကြလေသည်။

အယုတ်မျိုးဟု မှတ်ထင်ကြလျှင် အယုတ်မျိုးဖြစ်ရာ မိမိတို့ ...ကိုယ်ကို မြင့်အောင်၊ မြတ်အောင်၊ အထက်တန်းကျအောင် မကြိုး ...ဘဲ နိမ့်သည်ထက်နိမ့်အောင် အားထုတ်သည်နှင့်တူသော အခြေ ...မှ မတက်ဘဲ နေကြလေသည်။

မိန်းမသည် စင်စစ်အားဖြင့် ယောကျ်ားထက် ယုတ်သည် ...၊ ယောကျ်ားနှင့်မတူ ခြားနားလေသည်။

...ရှိက လက်ယာရှိ၏ ဟူသောနည်းအတိုင်း၊ လက်ဝဲ ...ကာ နှစ်မျိုး၊ အဓမ္မနှင့်အမာ နှစ်မျိုး ခြားနားသည့်နည်းအတိုင်း၊

www.burmeseclassic.com

www.burmeseclassic.com



ခြားနားခြင်းမျှသာဖြစ်ရာ အပျော့နှင့်အမာ ပေါင်းစပ်မှ လိုရာကိစ္စ ပြီးမြောက်သည့်အလား မိန်းမနှင့်ယောကျ်ား ပေါင်းစပ်ခြင်းဖြင့် လူဦးရေ တိုးပွားခြင်းကိစ္စ ပြီးမြောက်ရလေသည်။

အမေဖြစ်ရခြင်းသည် ကြီးမားသောတာဝန်ဖြစ်၏။ လူမျိုး၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းသည် မိမိတို့၏ မြင့်ခြင်း၊ ယုတ်ခြင်း၊ လိမ္မာခြင်း၊ မိုက်ခြင်းအားလျော်စွာ ဖြစ်ရလေရာ လူမျိုးဟူသမျှ၏ နောင်အနာဂတ် အခြေအနေသည် မိမိတို့၏လက်မှာသာ တည်ရှိလေသည်။

ဖခင်တို့သည် အိမ်အပြင်၌လုပ်ကိုင်ရှာဖွေရ၏။ ဖခင်ယောကျ်ားတို့မှာ စင်စစ်အားဖြင့် အမျိုးသား တိုးပွား ကြီးမြင့်ရေးအတွက် အသက်နှင့်ဆိုင်သော ကိုယ်ခန္ဓာ၏ အစားအစာကို ရှာ၍ပေးကြရသူများဖြစ်ရာ အပြင်အလုပ်နှင့် ဆိုင်ကြလေသည်။

မိခင်များသည်ကား သားသမီးနှင့် အမြဲ အတူနေကြရသဖြင့် အိမ်တွင်းသူများ ဖြစ်ကြလေသည်။

ဖခင်တို့မှာ အပြင်အလုပ်နှင့် ရိက္ခာကို ရှာကြလေရာ အပြင်လူများဖြစ်ကြ၍ မိခင်တို့မှာ အိမ်အတွင်း၌ သားသမီး ကြည့်ရှုပြုစု ဆုံးမသွန်သင် ကျွေးမွေးရသောကြောင့် အတွင်းလူများ ဖြစ်လေသည်။

လူမှာလည်း အတွင်းအပြင်ဟူ၍ နှစ်မျိုးရှိရာ ကိုယ်ကား အပြင်၊ စိတ်ကား အတွင်း ဖြစ်လေသည်။

သို့ဖြစ်လေရာ အပြင်လူဖြစ်သော ဖခင်သည် သားသမီး၏ အပြင်ကိုယ်ခန္ဓာကို မွေးမြူရခြင်းနှင့်သာ သက်ဆိုင်၍ မိခင်သည်း ဟူသော အတွင်းလူမှာ သားသမီး၏ အတွင်းစိတ်ကို မွေးမြူပြုပြင် ရသည့် အတွင်းအလုပ်နှင့် သက်ဆိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ၏အတွင်းစိတ်သည် အပြင်ကိုယ်ခန္ဓာကို ပြုပြင်၏။ သို့ဖြစ်လေရာ အတွင်းစိတ်သည် အပြင်ကိုယ်ထက် များစွာပို၍ အရေးကြီးသည်ဟု ဆိုအပ်လေသည်။

ထိုအရေးကြီးသော အတွင်းစိတ်အလုပ်ကို လုပ်ရသော မိခင်များမှာ ရှေးကလူကြီးများ အယူရှိသလို ယုတ်မာကြလျှင် အလွန်သိမ်မွေ့၍ အလွန်အရေးကြီးသော စိတ်နှင့်ဆိုင်သည့် ပြုပြင်ရေးတာဝန်ကို မိခင်များသည် ဆောင်ရွက်နိုင်ပါမည်လော။

လူမှာ စိတ်သည် ကိုယ်ထက် အရေးကြီး၏။ ချစ်ခင်ကြင်နာစွာ နူးညံ့သိမ်မွေ့သောစိတ်သည် လုပသော ကိုယ်ထက် များစွာပိုမို၍ အရေးကြီးလေသည်။

ငယ်ရွယ်သော ကလေးသူငယ်တို့၏စိတ်သည် ဖယောင်းနှင့်လည်းကောင်း၊ သစ်ပင်ပျိုနှင့်လည်းကောင်း တူသဖြင့် ပြုပြင်ရန် များစွာလွယ်ကူလေသည်။

မိခင်လိမ္မာလျှင် အများအားဖြင့် သားသမီး လိမ္မာ၏။ မိခင်ရိုးလျှင် သားသမီးရိုး၏။ မိခင်ခိုးလျှင် သားသမီး ခိုးတတ်၏။ လူမိုက်နှင့်ပေါင်းလျှင် မိုက်၊ လူကောင်းနှင့်ပေါင်းလျှင် ကောင်းသည်ဟူသော စကားမှန်လျှင် ကောင်းသောမိခင်၏ ရင်ခွင်၌ကြီးရသောကလေးမှာ ကောင်းဖို့ရန် သာ၍မလွယ်ကူပေလော။ ဆိုးယုတ်သော မိခင်၏ ရင်ခွင်၌ ကြီးရသော သားသမီးမှာ ဆိုးယုတ်သူများဖြစ်ဖို့ရန် သာ၍ မလွယ်ကူပေလော။

သို့ဖြစ်ခြင်းသည် ဖယောင်းနှင့်တူသော ကလေးတို့၏စိတ်မှာ အမှတ်တံဆိပ်ခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းဖြင့် မိခင်များသည် သားသမီး၏ စိတ်ကိုသာ ဖန်တီး ပြုပြင်ကြသည်မဟုတ်။ မြေးမြစ်စဉ်ဆက်သို့တိုင်အောင် အကျင့်ဆိုးနှင့် အကျင့်ကောင်း၊ စိတ်ကောင်းနှင့် စိတ်မြတ်၊ သူရသတ္တိနှင့် သူရဲဘော နည်းခြင်း စသည့်စိတ်များကို ကူးစက်စေနိုင်လေရာ မိခင်များ (ဝါ) မိန်းမများသည် မျိုးရိုးကို တည်ထောင်ဖန်တီးသူများဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ထိုအချက်များကို သေချာချာ နက်နက်နဲနဲ စဉ်းစားချေက မိန်းမများသည် လူမျိုးစိတ်နှင့် ဆိုင်သော အဆောက်အအုံကို တည်ထောင်ကြသူများဖြစ်၍ ယောကျ်ားများမှာ လူမျိုး၏ ကိုယ်နှင့် ဆိုင် သော အဆောက်အအုံကို တည်ထောင်ကြသူများဖြစ်ကြောင်း ထင်ရှားစွာ သိနိုင်လေသည်။

သို့ဖြစ်လေရာ မိန်းမများ၏တာဝန်သည် သေးငယ်သောတာဝန် မဟုတ်၊ ကြီးလေးသောတာဝန်ဖြစ်သဖြင့် မိန်းမများသည် ယောကျ်ား ထက် အဆင့်အတန်း နိမ့်သည်မဟုတ်။ အပျော့နှင့်အမာ၊ အနုနှင့် အကြမ်း ခြားနားခြင်းမျှရှိရာ မိန်းမဖြစ်ခြင်းသည် မိခင်ဖြစ်ရခြင်းမင် ဖြစ်ရကား ကြီးမားသောတာဝန်ကို ဆောင်ရသူများဖြစ်ကြောင်း သဲသာလေသည်။

ထိုတာဝန်ကို ကျေပွန်အောင် ဆောင်နိုင်သော မိန်းမများကို မိန်းမမြတ်၊ ထိုတာဝန်၌ ပေါ့လျော့ လစ်ဟင်းသော မိန်းမများကို မိန်းမညံ့များဟုဆိုနိုင်ပေသည်။ အများအားဖြင့် ယခုခေတ်သမယ တိုင်အောင် မိန်းမများ ညံ့၍လာကြသည်မှာ ယောကျ်ားများက အယုတ်မျိုးဟုစွဲမှတ်ကြသည့်အတွက် ထိုအစွဲနှင့်ညီအောင် မိန်းမများ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က ကျင့်၍လာကြခြင်း၊ ယောကျ်ားများကလည်း လက်ရုံးအား အစွမ်းဖြင့်လည်းကောင်း မိန်းမများကို ညှဲအောင် နှိမ်၍လာရခြင်းကြောင့် ဖြစ်လေသည်။

လူမျိုး အောက်တန်းကျလေလေ ရိုင်းလေလေ မိန်းမများကို နှိမ်လေလေဖြစ်ကြောင်း အာဖရိကတိုင်း၊ သြစတြေးလီးယားတိုင်း အရိုင်းများကို ကြည့်သဖြင့် သိသာလေသည်။

ၾင်းအရိုင်းအစိုင်းတို့၏ ထုံးစံမှာ မိန်းမများကို နွားများ၊ မြည်းများ၊ ဝန်တင်လားများလို သဘောထားကြလျက် သွားရာ လာရာ၊ ၁စ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့ရာမှာ မိန်းမများက လေးလံစွာ ထမ်းရွက်သယ်ပိုးကြလျက် ယောကျ်ားများက လေး၊ မြား၊ ဓား၊ လှံ လက်နက်များကို ကိုင်ကာ ပေါ့ပါးသွားလာကြခြင်းဖြင့် သိနိုင်လေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများလည်း မိန်းမများက နောက်လိုက်၊ ယောကျ်ားများက ရှေ့သွား "ရှေ့သွားနောက်လိုက်" ဟူသောစကား ရှိရာ ထိုစကားသည် မိန်းမများကို အောက်ကျနောက်ကျဖြစ်အောင် လုပ်သောစကားမျိုးပင် ဖြစ်လေသည်။

ဥရောပတိုင်းများ၌ မိန်းမများကို အလေးအမြင့် ပြုကြလေသည်။ ဂျပန်ပြည်၊ တူရကီပြည်များမှာလည်း ထိုနည်းကို လိုက်ကြလေပြီ။ ကျွန်ုပ်တို့လူမျိုးမှာသာလျှင် မိန်းမများကို ခွေး ထီးထက်သိုတ်သည်ဟု စွဲမှတ်၍ထားကြပြီးလျှင် မိန်းမကို နှိမ့်ရာမှာ နေရာ၌ နေရာတိုင်းမှာ ယောကျ်ားများသည် မြင့်ရာ မြတ်ရာ နေရာကို ယူကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ခေတ်ကာလ ပညာ၏အစွမ်းကြောင့် မိန်းမများသည် ဆရာမများက အစပြု၍ ခေါင်းဆောင်ကြရလေပြီ။ ဆရာမတွေများခြင်း၊ မိန်းမ ပညာတတ်တွေ တိုးတက်ခြင်းသည် အမျိုးသားတိုးမြင့်မည့် အထိမ်းအမှတ် ရှေ့ပြေးနိမိတ်ဖြစ်လေသည်။

မိန်းမသည် အဘယ်မျှလောက် အရေးကြီးသည်ကို လူတို့၏သဘာဝစိတ်ရင်းကို ထောက်သဖြင့် သိသာလေသည်။

တစ်စုံတစ်ခု ဖြစ်သည့်အခါ၊ ခလုတ်တိုက်သည့်အခါ၊ နာကျင်သည့်အခါ အဖေလေး ... အဘလေး ... ဟူ၍ မည်သူမျှ တ,လေ့မရှိ။ အမယ်လေး၊ အမလေး ဟူ၍လည်းကောင်း၊ အမေရဲ့ အိုအမေ ဟူ၍လည်းကောင်း တ,ကြသည်ကား မိခင်သည် ဖခင်ထက် ပို၍အရေးကြီးကြောင်း သက်သေဖြစ်လေသည်။

ထို့ပြင် မိခင်၏ အချစ်သည် ဖခင်၏ အချစ်ထက် ပိုမို၍ကြီးကြောင်း မ,ကိုခင်မှ ဉကိုခင်သည့် ဟူသောစကားဖြင့် သိနိုင်လေသည်။ များစွာသော ယောကျ်ားတို့သည် မယားရော၊ သားသမီးများရော စွန့်ပစ်၍သော်လည်းကောင်း၊ တေပေ့ျသော်လည်းကောင်း နေနိုင်ကြ၏။ နောက်မိန်းမတစ်ယောက်နှင့် ပျော်ပါးကာ သားမယားမေ့လျော့၍သော်လည်းကောင်း နေနိုင်ကြလေသည်။ မိခင်များကား ထိုကဲ့သို့ နေနိုင်ကြမည် မဟုတ်ပေ။ အကယ်၍ တစ်စုံ...ကက်သော မိခင်သည် ထိုကဲ့သို့ နေနိုင်ချေက အထက်၌...ခဲ့သည့်အတိုင်း ကမ္ဘာ့အံ့ဖွယ်ရာတစ်ခု ဖြစ်၍နေပေသည်။

သို့ဖြစ်သောကြောင့် မိခင်၏ အချစ်သည် ဖခင်၏ အချစ်ထက်ကြီးကြောင်း သိနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်၏အချစ်သည် ဖခင်၏အချစ်ထက် ကြီးချေက မယား၏အချစ်သည် လင်၏အချစ်ထက် ကြီးရမည်သာတည်း။

ထိုအကြောင်းနှင့် ပတ်သက်၍ သက်သေပြရန်မှာ လင်ကိုစွန့်ပစ်၍သွားသော မိန်းမ နည်းမှါး၍ မယားကို စွန့်ပစ်သော ယောကျ်ားများက ပိုမို၍ များခြင်း ဖြစ်လေသည်။

လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ ဟူသော စကားလည်းရှိလေရာ လင်ဆိုးလျှင် မယားဖြစ်သူသည် အမျိုးမျိုးသော ဆင်းရဲဒုက္ခများကိုခံလျက် တဖားဖား နေရတတ်လေသည်။ မယားဆိုးလျှင်ကား လင်ဖြစ်သူမှာ ရှောင်ရှားပြီး လွတ်ရာကိုသွား၍ နေဖို့ရန် မခက်လှပေ။

မယားဖြစ်သူမှာ လင်ကို အားကိုးရသည်။ လင် မရှိလျှင် အသက်သေလိမ့်မည်ဟူ၍လည်း မဆိုနိုင်ပေ။ ကျွန်ုပ်တို့ မြန်မာမများမှာ ယောကျ်ားများကဲ့သို့ လွတ်လပ်ခွင့်ကို ရကြသူများ ဖြစ်ရာ လင်ယောကျ်ား မရှိစေကာမူ တစ်ကိုယ်တည်း ရောင်းဝယ် အသက်မွေးနိုင်လေသည်။

သို့ဖြစ်လေရာ လင်ဆိုးမယား တဖားဖားဖြစ်ခြင်းမှာ မယား၏ အချစ်သည် လင်၏ အချစ်ထက် ပိုမို၍ ကြီးခြင်းကြောင့် ဖြစ်လေသည်။

မိန်းမ ပီသခြင်းမှာ ဤအထက်ဖော်ပြသည့် နည်းများအတိုင်း လင်နှင့် သားသမီးအပေါ်၌ ကြင်နာထောက်ထား ဝတ္တရားကျေခြင်းကိုပင် ဆိုလိုရင်းဖြစ်ရာ မိန်းမပီလျှင် မိန်းမမြတ် ဖြစ်သည်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း မချစ်ခင်၊ မကြင်နာဟတတ်သော မိန်းမများကို မိန်းမ ပီသည်ဟု မဆိုနိုင်။ မိန်းမမြစ်တ်ဟူ၍ကား ခေါ် ဆိုရန် ဝေးလှပေသည်။

သို့သော်လည်း အထက်၌ ဖော်ပြခဲ့သည်နှင့်အညီ မိမိဝတ္တရား ကိုသာ ဆောင်လျက် လင်ဖြစ်သူ ဝတ္တရားပျက်သည်ကို ဖျာကဲ့သို့ အခင်းခံ၍နေချေက ဧကန်အနင်းခံရမည့်အကြောင်းကိုလည်း သတိ ထားအပ်ပေသတည်း။

## နားမလည်ခြင်း

ယခုကာလ ပညာတတ်သော ယောက်ျားပျိုအချို့မှာ စာနှင့် သော်လည်းကောင်း၊ အလုပ်နှင့်သော်လည်းကောင်း ပျော်ပိုက်တတ် ကြလေသည်။

အခါများစွာ အိပ်ရာဝင်ရာ၌ မယားဖြစ်သူကို အနီးမှာထား၍ ကျောခိုင်းကာ စာထဲတွင် စိတ်ဝင်စား၍ နေတတ်လေသည်။

မိန်းမဖြစ်သူမှာ ပညာမတတ်သဖြင့် အဘယ်လောက် အရေး ကြီးသောစာဖြစ်သည်ကို မသိ။ မိမိကို ဂရုမစိုက်ဘဲနေသည်ကိုသာ သိတတ်လေသည်။

ထိုအခါ နောက်ကနေ၍ ကလီထိုးတတ်၏။ ဆိတ်ဆွဲတတ်၏။ စာအုပ်ကို ပုတ်ချ၍ အဓမ္မ မိမိဘက်သို့ဆွဲ၍ လှည့်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုစိတ်မသိသော လင်ယောကျ်ားပျို့သည် စာဖတ်၍ ကောင်းခိုက်မှာ အနှောင့်အယှက် ခံရသောကြောင့် ဒေါသထွက်တတ်လေသည်။ ဒေါသထွက်ရုံမျှနှင့် စိတ်ကိုချုပ်လျှင် အရေးမကြီး။ ခြေနှင့်လက်နှင့် ကိုယ်ထိလက်ရောက် နာကျင်အောင် လုပ်မိသည့်အခါ မိန်းမဖြစ်သူမှာ အသည်းကြွေမတတ် နာတတ်လေသည်။

အကယ်၍ ထိုကဲ့သို့ ပြုလုပ်မိပါလျှင် ယုယချော့မော့ခြင်းသာလျှင် ဖြေဆေးရှိလေသည်။ မိန်းမများမှာ ယောကျ်ားနှင့် မတူပေ။

ဤအချက်၌ မိန်းမများ သတိပြုဖို့ရှိသည်မှာ ယောကျ်ားသည် တစ်ခါတစ်ရံ အရေးကြီးသော အလုပ်များကို အလုပ်တိုက်မှယူ၍ လာရတတ်သည်။ နေ့အချိန်၌ အလုပ်တိုက်မှာ မေးမိုတ်စက်ပျော်ခွင့် မရသဖြင့် အိပ်ပျက်အောင် အနှောင့်အယှက် မပေးအပ်ကြပေ။

ဤအသေးအဖွဲ့ အချက်ကလေးတွေနှင့် ပင် သက်၍ နှစ်ဦးနှစ်ဖက် သတိပြုစရာကလေးတွေရှိသည်ကို သိအပ်ကြလေသည်။

ထိုအချက်ကလေးများကြောင့် စလယ်ဝင် ဖင်မမြည်းခင်က ကွဲကြသူတွေ ရှိကြလေသည်။

## ပဋိသန္ဓေ တားမြစ်ခြင်း

ပဋိသန္ဓေ တားမြစ်ခြင်းသည် ယခုအခါ တစ်ကမ္ဘာလုံး အနှံ့အပြား ဖြစ်၍နေလေသည်။ အမျှားအားဖြင့်လည်း ထိုအလေ့ကို အပြစ်မဆိုကြ။ အားပေးသူက ပိုမို၍ များလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားပေးသူများမှာ ထိုသန္ဓေတားနည်းနှင့် ဆေးကို ဖော်စပ်ရောင်းသူ ဆေးဆရာများ၊ စာအုပ်ရောင်းသူများ၏ အလိုဆန္ဒအတိုင်း ဖြစ်ဟန်တူကြလေသည်။

ကမ္ဘာပေါ်၌ လူဦးရေများ၊ အလုပ်မရှိသူတွေ တိုးပွားရှိနေသည်ကား မှန်၏။ သို့သော်လည်း လူတိုင်း အလုပ်အကိုင်ရဖို့ နည်းလမ်းများ ထွင်ဖို့သာလို၏။ လူဦးရေကို လျှော့ဖို့ကား မသင့်ပေ။

မိခင် ပထဝီမြေကြီးသည် လွန်စွာ ကြွယ်ဝ၏။ လူအားလုံး ချမ်းချမ်းသာသာ နေနိုင်လောက်သော အသုံးအဆောင်ပစ္စည်း အမျိုးမျိုးကို ဖြစ်စေနိုင်ပါလေသည်။

သို့ဖြစ်လေရာ ကမ္ဘာ့ အီကိုနိုမီ နည်းစနစ်ကိုသာ ပြုပြင်ပြောင်းလဲဖို့လို၍ လူဦးရေကိုကား လျှော့ရန်မသင့်ပေ။

သားသမီး များအားကြီးလျှင် မကျွေးနိုင်ဘဲနေမည်၊ မတော်တဆ အမိုက်အတူး အရူးအပေါတွေကို ရမှာစိုးသည်ဟူသော ဆင်ခြေများမှာ မလုံလောက်သော ဆင်ခြေများ ဖြစ်လေသည်။ လူဦးရေ ကန့်သတ်ခြင်းကြောင့် အရူးအပေါ အမိုက်အတူးတွေ ပပျောက်ကြသည် မဟုတ်ပေ။ လူဆိုးသူဆိုးနည်း၍ လူဟူသမျှ မိမိဝါသနာနှင့် နီးစပ်သောအလုပ်ကို ရကြလေအောင် ဆိုင်ကိုလိုက်၍ နည်းစနစ်ကို အစိုးရမင်းများ အသုံးပြု၍ သိပ္ပံများ၌ သင်ပေးဖို့သာ လိုလေသည်။

သန္ဓေတားမြစ်ခြင်းသည် အပျော်ကိုသာ ခံစားချင်၍ အပျော်၏တာဝန်ကို မခံလိုသော စိတ်ပေါ့စိတ်ဖျင်းမှ ထွက်သော အလေ့ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနုဿလူသည် လွန်စွာအဖိုးထိုက်သော သတ္တဝါမျိုး ဖြစ်၏။ ပွားလေ များလေ ကောင်းလေ မဟုတ်ပါလော။ လူဦးရေများလေ လူထူးလူမြတ်တွေ ပေါ်ပေါက်လာလေ မဟုတ်ပါလော။ အဖိုးမတန်သူတွေ များခြင်းထက် အဖိုးတန်သူ အနည်းငယ်ရှိခြင်းက ပို၍ကောင်းသည်ဟူသောစကားသည် မှန်၏။ သို့သော်လည်း ပဋိသန္ဓေတားခြင်းကြောင့် အဖိုးတန်သူများကို ရမည်ဟု မည်သည့်ဆရာဝန်သည် အာမခံနိုင်ပါမည်နည်း။

ယူဂျယ်နစ် ခေါ်သော စကားရှိ၏။ ထိုစကား ရှိသော်လည်း ယူဂျယ်နစ်နည်းဖြင့် အဖိုးတန်သူများ အားကိုးရအောင် လုပ်နိုင်ကြမည်လား။ ယူဂျယ်နစ်နည်းဖြင့် ရိုတ်စပီးယားတစ်ယောက်ဖြစ်အောင်လုပ်နိုင်ကြပါမည်လား။ ယူဂျယ်နစ်နည်းဖြင့် ဘားနပ်ရှော တစ်ယောက် ရပါမည်လား။ ယူဂျယ်နစ်နည်းဖြင့် ဝါရှင်တန်တစ်ယောက် ရနိုင်ပါမည်လား။ အချို့သောမိန်းမ ယောကျ်ားများသည် မိမိတို့ ကမြင်း၍ သားသမီးရသည်ကို ယူဂျယ်နစ်နည်းအရ မျိုးကောင်းကို တမင်ရှာ၍ သားသမီးရတနာကောင်း ရအောင်လုပ်သည်ဟု ပြောကြလေသည်။ မိန်းမတစ်ယောက်ကား အဖေမပြနိုင်သော မိမိ၏ သားကလေးကို အန်းအင်ကား သားကောင်း သားမြတ်ကို ပေးနိုင်လိမ့်မည်ဟု မိမိ သဘောရသောလူတစ်ယောက်နှင့် တမင်ပေါင်းသည်ဟု ပြော၏။ ထိုယောကျ်ား အဘယ်မှာရှိသည်ဟူ၍ကား မပြောချေ။

သို့ဖြစ်လေရာ သန္ဓေတားခြင်း၊ ယူဂျယ်နစ်နည်းဖြင့် သားသမီးရတနာကောင်း ရအောင်လုပ်ခြင်းသည် အကျိုးမဲ့အလုပ်မျှသာဖြစ်သည်။ ခေတ်ကာလ၏ ဖောက်ပြန်ခြင်းတစ်ခုဖြစ်သည်ဟု စွဲမှတ်ကာ ရှောင်ကြဉ်အပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မယားငယ်ယူသော ယောကျ်ား

သရေစာ ထမင်းကိုသာ စားမည်၊ လင်ကို မဝေနိုင်ဟူသော စကားရှိလေသည်။

ယောကျ်ားများသည်သစ္စာဖောက်တတ်ကြ၏။ သစ္စာဖောက်သူ နှစ်မျိုးရှိလေသည်။ တစ်မျိုးမှာ မတော်တဆ မိန်းမ တစ်ယောက် ယောက်က မတရားသွေးဆောင်သောကြောင့်၊ စိတ်ကြောင့် တမင် သက်သက် အငယ်အနှောင်း အပျော်အပါး လိုက်စားတတ်သူမျိုး ဖြစ်လေသည်။

မိန်းမတစ်ယောက်မှာ မိမိယောကျ်ား ဖောက်ပြန်ကြောင်း သိရ လျှင် မတော်တဆဖြစ်ခြင်းလား၊ တမင်သက်သက် ဝါသနာ စိတ်ရင်း ကြောင့်လား ဟူသော အကြောင်းသိရအောင် လုပ်ရလေသည်။

အကယ်၍ မတော်တဆ ဖောက်ပြန်မှားယွင်းခြင်းဖြစ်ကြောင်း သိချေက ဆူခြင်းပူခြင်း၊ ဘီလူးသရဲရုပ်ဖြစ်အောင် ဒေါသဖြစ်ခြင်း၊ သရဲပူးသလို ရန်လို ဆူပူခြင်းများကို ရှောင်ကြဉ်၍ သာယာ ညင်းပြောင်း လမ်းပြကာ ယောကျ်ားဖြစ်သူအား သတိတရား ရအောင် ပြောပြရလေသည်။

ထိုကဲ့သို့သော ယောကျ်ားမျိုးမှာ ထိုကဲ့သို့ ဖြစ်သည့်အခါ စိတ်ပျော်ခြင်းက နည်းပါး၍ စိတ်ညစ်ခြင်းကား နိုးမိုးများပြား တတ်သဖြင့် အရက်သေရည်ဖြင့် စိတ်ညစ်ခြင်းကို ပျောက်အောင် လုပ်တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လေရာ ၎င်းတို့ကို စိတ်ဆိုးဖို့မဟုတ်။ သနားဖို့ ကောင်းလေသည်။ အကယ်၍ ဒေါ်သမာန်ပြင်းစွာ ထကြွသောင်းကျန်းကြချေက လင်ယောကျ်ားဖြစ်သူမှာ စိတ်ပျက်မုန်းထား အေးရာကို သွားချင်တတ်လေသည်။ အေးရာဆိုသည်မှာ မယားငယ်ဖြစ်လေသည်။ မိန်းမကြီးမှာ ဘီလူးသဘာက်ရုပ် ပေါ်၍နေသောအခိုက်မှာ အငယ်ဖြစ်သူသည် နတ်သမီးသဖွယ် မှတ်ထင်ရလောက်အောင် ချစ်ခင်ကြည်ဖြူဖွယ်ရာအသွင်ကို ဆောင်နိုင်လေသည်။

လင်ယောကျ်ား မယားငယ် ယူခိုက်မှာ မဆင်မခြင် လင်ကိုလည်းကောင်း၊ မယားငယ်ကိုလည်းကောင်း ရန်လို၍နေသော မိန်းမမှာ လင်ဆုံးတတ်ရုံမက အရှက်တကွဲ အကျိုးနည်း ဖြစ်တတ်လေသည်။

## ယောကျ်ားရွေးခြင်း

မိန်းမပျိုများမှာ မိမိယူမည့် ယောကျ်ား၏ အကျင့်စာရိတ္တကို အထူးဂရုစိုက်ရလေသည်။

အချို့သော ယောကျ်ားများမှာ သားမယား မယူမီ၌ လူကောင်းဖြစ်ကြ၏။ အိမ်ထောင်ကျပြီးမှ ပျက်စီးတတ်ကြလေသည်။

ထိုကဲ့သို့ ဖြစ်သည့်အခါ လင်ကံဆိုးသည်ဟု ပြောတော်ကြခလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် စွဲမြဲတည်တံ့စွာ မလုပ်၊ အရှက်အကြောက်ကိုလည်း မသိ၊ ကိုယ်ကျင့်တရား စောင့်သုံးခြင်းဖြင့် ငွေစရာဂုဏ်တစ်ခုခုလည်း မရှိချေက ထိုအမျိုးကို စိတ်မချရပေ။ ထိုလူမျိုးသည် လူပျို ဘဝ၌ပင် အသောက်အစား အပျော်အပါး မရှိစေကာမူ နှောင်ပျက်စီးနိုင်လေသည်။

အကယ်၍ နဂိုက အပျော်အပါး၊ အသောက်အစား ရှိချေက မူကား အထူးရှောင်ကြဉ်သင့်လေသည်။ ငါ့လက်ထဲကိုရောက်လျှင် ကောင်းလိမ့်မည်ဟူသောအထင်နှင့် ယူ၍ မှားယွင်းကြသည်မှာ များစွာရှိလေသည်။ လူတစ်ယောက် ကောင်းသည်၊ ဆိုးသည်ကိုလည်း အရုပ်သတင်းဖြင့် သိနိုင်၏။ မပုပ်–မပေါ်၊ မဟုတ်–မကျော် ဟူသောစကား ရှိလေသည်။

အကြောင်းကို မသိသော တစ်ရပ်တစ်ရွာသားများကို အထူး သတိနှင့် စုံစမ်းပြီးမှ အပ်နှင်းရာ၏။

အချစ်သည် လွှတ်၍မပေးမီ၊ ခရီးမရောက်မီ ပြန်၍သိမ်းဖို့ရန် လွယ်ကူ၏။ ငါ ဒီလူကို၊ ဒီမိန်းမကို ရလျှင်ယူပါတော့မည်၊ ချစ်ပါတော့မည်ဟု စိတ်ကိုလွှတ်၍ ပေးလိုက်သည့်အခါ အချစ်၏ အားအရှိန်သည် ဒီရေလို တိုးတက်လာသည်။ ထိုကဲ့သို့ လွှတ်၍ပေးပြီး စိတ်ပျက်စရာ အကျင့်စာရိတ္တတစ်ခုခုအကြောင်းကို သိရသောအခါ ပေးပြီးသောအချစ်ကို လွယ်ကူစွာ ပြန်လည်ရုပ်သိမ်း၍ မရတော့ပေ။ ထိုအခါ များစွာဒုက္ခဖြစ်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒီလူကို ငါယူလျှင် တော်မှတော်ပါ့မလား၊ ဒီမိန်းမကိုရလျှင် သင့်မှသင့်ပါ့မလား စသည်ဖြင့် သို့လောသို့လော စဉ်းစား၍နေခိုက်မှာ အချစ်စိတ်ကို အကုန်အစင် လွှတ်၍မပေး။ ချုပ်၍ထားခြင်းကြောင့် တကယ်ချစ်သည်၊ ကြိုက်သည်ဟု မဆိုနိုင်သေးပေ။ ယူတော့မည်ဟု စိတ်ကိုဒိုးဒိုးချပြီး ချစ်သောအခါ ချစ်စရာ အချက်အလက်တွေကို တစ်နေ့တခြား ပို၍မြင်ပြီးနောက် ကမ္ဘာပေါ်၌ မိမိချစ်သူလောက် ချစ်ဖို့ကောင်းသူမရှိ ဟူသောအစွဲသို့ ရောက်တတ်လေသည်။

သို့ဖြစ်သောကြောင့် အချစ်ကို ဆင်ကန်းတောတိုးဖြစ်အောင် လွှတ်မပေးဘဲ တစ်စုံတစ်ယောက်ကို ချစ်ချင်စိတ်၊ ကြိုက်ချင်စိတ်ပေါ်သည့်အခါ ချုပ်တီး၍ထားပြီးလျှင် ချစ်ကွက်တွေကိုသာ မကြည့်ဘဲ မုန်းကွက်တွေကို မြင်အောင် ရှာအပ်ကြလေသည်။ ချစ်လို၊ ကြိုက်လိုသောစိတ်သည် ချစ်စရာ၊ ကြိုက်စရာတွေကိုသာ မြင်တတ်၏။ မချစ်စရာ အပြစ်အနာတို့ကို မကြည့်တတ်ပေ။

ငယ်ကချစ် အနှစ်တစ်ရာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း ဟူသောစကားသည် အခါခပ်သိမ်း မဟုတ်မမှန်တတ်ပေ။ အချစ်၏ အတိုင်းအရှည် ပမာဏ လေးနက်ခြင်း အားလျော်စွာ ဖြစ်တတ်လေသည်။

ငယ်စဉ်အခါက နှစ်နှစ်ကာကာ တကယ်ချစ်ပြီး ကွေကွင်း၍ သွားကြသည့်နောက် နှစ်ယောက်စလုံး ဖြစ်စေ၊ တစ်ယောက် ယောက်ကဖြစ်စေ နောက်ချစ်သူမထားဘဲ နေသည့်အခါ ငယ်ချစ်ကို မမေ့တတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က ချစ်ကြိုက်၍ ကွဲကွာပြီးနောက် ယောကျ်ားက ရုပ်ယှဉ်ဖြစ်၊ မိန်းမက ဘိကျွနိုဖြစ်ပြီး အသက်ကြီးရင့် အိုမင်းကြသော အခါမှ ဂင်္ဂါမြစ်ကမ်း၌ တွေ့ကြုံကြလေရာ အိုမင်းတွန့်ရှုံ့သော အရေ အသား၊ ပြိုင်းပြိုင်းထသော အကြောများ၌ ငယ်ငယ်က ချစ်ဖူးသော ရုပ်အသွင်ကို ပြန်၍မြင်ကြလျက် နှစ်ယောက်စလုံး ရုပ်ယှဉ်ဘိကျွနိ အဝတ်ကို ချွတ်ကြ၍ ပေါင်းကြရကြောင်း စကားဟောင်း ကြားဖူး လေသည်။

သို့မဟုတ်ချေက ငယ်ငယ်က သဘာမနိုချစ်ပြီး အခြားချစ်သူ အမျိုးမျိုးနှင့် တွေ့ကြသူတို့မှာ ငယ်ချစ်ကို ပြန်၍တွေ့ကြလျှင် အတိတ်ကို ပြန်၍တွေးမိရုံမျှထက် တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်မည်မဟုတ်ပေ။

ထို့ပြင် ငယ်ချစ်မှာ စဉ်းစားဆင်ခြင်သော အချစ်မဟုတ်သဖြင့် အစစ်အမှန်ဖြစ်မှသာ အချစ်ဟု မဆိုနိုင်ပေ။ အကြောင်းမူကား တစ်ယောက်အကြောင်းကို တစ်ယောက်မသိဘဲ အပေါ်ယံမြင်ရုံ မျှနှင့် ချစ်သောအချစ် ဖြစ်လေသည်။

သူငယ်တို့၏ အချစ်မှာ မျက်နှာ၏ အလှကိုသာ သိမြင်လေ သည်။ ကြီးသူတို့၏ အချစ်မှာ မျက်နှာထက် ကိုယ်ပေါ်က ကိုယ်ရောက် အကျအဆင်း၊ အကြွအချိုင့် အချိုးအစားနှင့် ဝိုင်းရံနေ သဘောအားလုံးကို ပိုမိုမြင်တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အချစ်နိုးကြွတတ်သောအခါများ

ဆိတ်ငြိမ်သောအခါ မိန်းမနှင့် ယောက်ျား နှစ်ယောက်တည်း တွေ့ကြရာ၌ လည်းကောင်း၊ တောလမ်းခရီး၌ တွေ့ကြသော အကြင်မိန်းမ၊ ယောက်ျားတို့သည် လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ လမ်းခရီး၌ တွေ့ကြသူများသည် လည်းကောင်း အများအားဖြင့် အချစ်စိတ် နိုးကြားထကြွသည်ကို သိရလေသည်။

သို့ဖြစ်သောကြောင့် များစွာသော ဥရောပတိုင်းသူ၊ အမေရိက တိုင်းသူများသည် ယောက်ျားရဖို့ရန်အတွက် အတ္တလန်တိတ် သမုဒ္ဒရာခရီးကို သွားကြသည်ဟု ကြားဖူးလေသည်။

ထူးခြားသော အရာတစ်ခုမှာလည်း ရိုးရိုးသားသား အိမ်ရှေ့၌ မြင်ကြရသော ယောက်ျားနှင့် မိန်းမမှာ အချစ်စိတ်၊ ကာမစိတ် လွယ်ကူစွာ မပေါ်တတ်သော်လည်း အိမ်နောက်ဖေးမှ နေ၍ နောက်ဖေးချင်းဆိုင် မြင်ကြရသောအခါ၌ကား ထိုစိတ်များ ပေါ် တတ်လေရာ မိန်းမများသည် နောက်ဖေးမီးဖို၊ အိမ်သာ၊ ရေပြွန်ခန်း များသို့ ရောက်သည့်အခါ မျက်စိအာရုံကို သတိထား စောင့်ထိန်းအပ် ကြလေသည်။

လမ်းခရီး၌ တစ်ယောက်ကိုတစ်ယောက် မည်သူမည်ဝါဟု မသိ သူတို့ တွေ့ကြုံကြသည့်အခါ၌လည်း ထိုစိတ်များ ပေါ်တတ်လေ သည်။ ဧင်းပြင် ရွာဘုရား ရွာသားမရှိသေ ဟူသောစကားလို မိမိတို့ ရပ်ရွာ၌ ရှိသော မိန်းမပျို၊ ယောက်ျားပျိုကလေးများမှာ တတ်ရုံတန်ရုံ အလှသည် မထင်ပေါ်တတ်ပေ။ အခြားအရပ်ဒေသမှာ မြင်ရသူ

www.burmeseclassic.com



များ၏ သဏ္ဌာန်၌ကား ထိုမျှလောက် မထင်မရှားသော အဆင်းကိုပင် အလှကြီး အချောကြီးဟု ထင်တတ်ကြလေသည်။

သို့ဖြစ်လေရာ တစ်ရပ်တစ်ရွာသို့ သွားခြင်းသည် မိမိရပ်ရွာမှာသာ နေခြင်းထက် ပိုမိုလွယ်ကူ လျင်မြန်စွာ အိမ်ထောင်ကျတတ်လေသည်။

မိန်းမ မရနိုင် လူပျိုကြီးဖြစ်၍နေသူများ ဤနည်းကို စမ်း၍ကြည့်က သိရပေမည်။ မိမိအရပ်ဒေသ၌ မထင်မပေါ် နေသဖြင့် အပျိုကြီးဖြစ်၍ နေသူတို့သည်လည်း ဤနည်းဖြင့် ယောကျ်ား ရနိုင်ကြလေသည်။

ရုပ်ရည်ချောင်း ကူသော်လည်း ဣန္ဒြေပို၍ရှိမှ အဖိုးတန်သည်ဟု ယောကျ်ားများ၏စိတ်၌ မှတ်တင်တတ်ကြ၏။ ယောကျ်ားများမှာ ရုပ်ရည်ချောင်း တူသော်လည်း စိတ်နေစိတ်ထား အထက်တန်းကျခြင်း၊ ပညာဂုဏ်၊ ဓနဂုဏ် စသည့် ဂုဏ်တစ်ခုခုရှိခြင်းဖြင့် ရုပ်ကိုတိုး၍ ထင်ပေါ်စေနိုင်ကြလေသည်။

မိန်းမများမှာ Sex appeal ခေါ် သတ္တိစွမ်းတစ်ခုရှိ၏။ ထိုအစွမ်းသည် အခြားမဟုတ်။ ယောကျ်ားများ မက်အောင်လုပ်တတ်သော အမူအရာ ပရိယာယ်ကလေးများပင်ဖြစ်လေသည်။

ထိုအမူအရာကလေးများသည် မျက်လုံးများ၌ ရှိ၏။ ရယ်ပြုံးသော နှုတ်ခမ်း၌ရှိ၏။ ဦးခေါင်းလှုပ်ရှားခြင်း၊ ကိုယ်၏လှုပ်ရှားခြင်း စသည်များ၌ ရှိကြလေရာ ထိုသတ္တိမျိုး မရှိက ရုပ်ရည်စွာရိုးသဖြင့် အဆင်းပင် လှစေကာမူ မထင်ပေါ်ဘဲ နေတတ်လေသည်။

www.burmeseclassic.com



ထိုသတ္တိမျိုးရှိ၍ ကောင်းစွာ အသုံးပြုတတ်သော မိန်းမများမှာ ရုပ်အဆင်းပင် များစွာ မလှသော်လည်း များစွာ ထင်ပေါ်နိုင်လေသည်။

## အိမ်ထောင်ပြုခြင်းနှင့် ရောဂါ

ရှေးအခါက အိမ်ထောင်ပြုကြတော့မည် ရှိသည့်အခါ မျိုးရိုးဇာတိဇာစ်မြစ်ကို စုံစမ်းကြ၏။ အမျိုး၌ အဘယ်ရောဂါမျိုး ပါရှိသည်ဟူသော အကြောင်းများကို စုံစမ်းကြလေသည်။

ယခုခေတ်အခါ၌ကား ထိုထုံးစံသည် ပပျောက်၍နေလေသည်။ တစ်စုံတစ်ယောက်ကပြောမှ မည်သူ၏အမျိုးမှာ မည်သူ၏ပေါင်၌ အကွက်ရှိသည်၊ မည်သူ ချောင်းဆိုးသွေးပါနှင့် သေသည်ဟူသော အကြောင်းများကို သိကြလေသည်။

ထိုအခါက ဆစ်ပလစ်ခေါ် ယခုကာလ အပျော်အပါးနှင့် ပတ်သက်သည့် ရောဂါမျိုးသည် ယခုလောက် မပေါများပေ။ ယခုကာလ၌ကား ထိုရောဂါသည် အနံ့အပြားရှိလေရာ အများကြီး သတိထားနိုင်မှ တော်ရုံကျ၏။

အကယ်၍ ယောကျ်ားမှာ အပျော်အပါး လွန်စွာမှ လိုက်စားဖူးသူဖြစ်အံ့။ ၎င်းကို ရင်ခွင်၌ သိမ်းပိုက်ရသော မိန်းမမှာ မြွေပွေးကို ပိုက်ရသည်နှင့် တူလေသည်။

ယောကျ်ား၏ သွေး၌ ထိုရောဂါမျိုးစေ့ ပါရှိချေက ရက်သများမကြာမီ မိန်းမမှာ မူးမော်ခြင်း၊ ခေါင်းခဲခြင်း စသည့်ဝေဒနာများ ပေါ်ပေါက်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် မီးယပ်ပိန်၊ မီးယပ်ခြောက် ချောင်းဆိုးသွေးပါ အဆုတ်နာ သို့မဟုတ် အနာဆိုးများပင် ထွက်ပေါ်နိုင်လေသည်။

သားသမီးများမှာလည်း လိုကင်း၍ အားအင် ဖွံ့ဖြိုးခြင်း မရှိ။ အသက်တိုခြင်း၊ ဉာဏ်ပညာ ချွတ်ယွင်းခြင်း စသည်များ ဖြစ်တတ်လေရာ များစွာကြောက်မက်ဖွယ်ကောင်းသဖြင့် အထူးသတိပြုနိုင်မှ တော်ရုံကျတတ်လေသည်။

အချို့ယောကျ်ားများမှာ လူပျိုဘဝ၌ ပျော်ချင်တိုင်းပျော်ပြီးမှ အကည်တကျ နေတော့မည်ဟု အကြံပေါက်ကာ မိန်းမတစ်ယောက် ယောက်ကို ယူ၏။ ထိုနောက် ပျော်ရာက ရခဲ့သမျှသော အသီးအပွင့် အငုံအဖူးတို့ကို မယားဖြစ်သူနှင့် သားသမီးများအား တစ်ဆင့် ပေးကမ်း ဝေငှကြလေရာ ထိုကဲ့သို့ အိမ်မျိုးမှာ ဆေးဆရာဝန်နှင့် ကင်းသည်မရှိ။ ဆေးပုလင်းအမျိုးမျိုးနှင့် ဆရာအတွက် စီးပွားဥစ္စာကို ပုံမို၍ ရှာရမည်ကဲ့သို့ ဖြစ်တတ်လေသည်။

သို့ဖြစ်လေရာ လှပစွာ ပြုပြင်ဆင်ယင်ထားသော ခေါင်းတလားနှင့် တူသော ယောကျ်ားများကို သတိနှင့် ရှောင်ကြဉ်အပ်ကြလေသည်။

ရှောင်ရန်မှာ မခက်လှပေ။ မည်သူ အပျော်အပါး အားကြီးသည်ဟူသောအကြောင်းကို စုံစမ်းသိဖို့ရန် မခက်လှပေ။ အပြင်အပ ဖြူစင်ဟန်ရှိသော်လည်း အသွေး၌ အဆိပ်ပိုးတွေ ပြည့်၍ ခဲ၍နေတတ်ကြောင်း စုံစမ်းသိရှိနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရလျှင်မယူ

အချစ်လမ်းညွှန် ဟူသော စကားအရ အချစ်အကြောင်းကို သိသောသူတို့သည် မိန်းမတစ်ယောက် မိမိကို ချစ်သည်၊ မချစ်သည်ကို သိအပ်လေသည်။ ချစ်ကြောင်းမသိသဖြင့် မစွန့်ရဲ၊ မစ,ရဲသောကြောင့်လည်း မိမိချစ်ကြိုက်သူမှာ သူတစ်ပါးလက်သို့ ရောက်တတ်၏။ မိမိကို မချစ်မှန်း မသိဘဲ အတင့်ရဲခြင်းကြောင့်လည်း ဒုက္ခများတတ်လေသည်။

ရိုးရိုးချစ်သောအချစ်၊ ဆန်းဆန်းချစ်သော အချစ်ဟူ၍လည်း ဝေဖန်သိတတ်ဖို့ လိုလေသည်။

အချို့လည်း လွန်စွာ ရိုးသားသဖြင့် ချစ်ကြောင်း မသိသောကြောင့် မိန်းမက သိအောင် အမျိုးမျိုးကြံရလေသည်။ ထိုကဲ့သို့ကြံသော မိန်းမများကို လျှပ်ပေါ်သည်ဟူ၍ မဆိုအပ်ပေ။ အချို့လည်း မိန်းမကိုလှည့်ပြီး မိမိဘက်ကို ပါသောအခါ အဖိုးတန်သည် မထင်။ လှည့်၍ မိမိဘက်ကို မပါသော မိန်းမမှ အဖိုးတန်သည်ဟု မှတ်ထင်ကာ မရစကာ ကြိုးစားတတ်ကြလေသည်။

## မချစ်မနှစ်သက်သူ

မချစ်မနှစ်သက်သူများနှင့် ပေါင်းဖော်ရခြင်းသည် ဆင်းရဲခြင်းဖြစ်သည်ဟူသောစကား ရှိလေသည်။ ထိုစကားသည် အခါခပ်သိမ်းမမှန်တတ်ပေ။ လောကချစ်နည်းအရ တွေးလျှင် သာ၍ပင် မှားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကြောင်းမူကား မချစ်တိုင်း မုန်းသည်မဟုတ်ပေ။ မမုန်း မချစ်သူတွေ များစွာရှိကြလေသည်။

မုန်းသူများသော်မှပင် ပေါင်းသင်းမိပြီးနောက် ချစ်စိတ်သည် တစ်စတစ်စ ပေါ်ပေါက်၍ လာနိုင်လေသည်။ တစ်ယောက်ကို တစ်ယောက်မကြည့်ချင်အောင်မုန်းထား ရန်ရှာဈေးကျက်ပင် အကြောင်း ပါပြီးမှ တစ်မကြောင်းမထောက် တစ်ကြောင်းထောက်ကာ အချစ် ငင်ကြသူတွေ ရှိကြလေသည်။

အချို့က အိမ်ထောင်ပြုခြင်းမှာ အချစ်သည် အရေးကြီးဆုံးဖြစ် သည်ဟု အယူရှိသူတွေ များစွာ ရှိကြလေသည်။ အထူးသဖြင့် ဥရောပတိုင်းသားများသည် ထိုအယူမျိုး ထားလေ့ရှိကြလေသည်။ ထိုအယူအတိုင်းဆိုလျှင် တစ်ယောက်ကိုတစ်ယောက် အသည်း အသန် ချစ်လှ၍ ညားကြပြီးနောက် ကွဲကွာကြဖို့ မရှိပေ။ ဖြစ်ပျက် တတ်သည့် အခြေအနေများကား ထိုကဲ့သို့မဟုတ်။ အသည်းအသန် ချစ်ကြိုက်၍ ပေါင်းသင်းကြပြီး ကွေကွင်းကြသူတွေ များစွာပင် ရှိကြ လေသည်။

သမီးရည်းစားဘဝ၌ ချစ်သော အချစ်သည် အထူးသဖြင့် ပထမ ချစ်သော အချစ်သည် စိတ်မချရသောအချစ် ဖြစ်လေသည်။ အကြောင်းမူကား အကျိုးအပြစ်ကို မမြင်သိ၊ ကိလေသာနှင့် ချစ်ခြင်း က ပို၍များလေသည်။ ပေါင်းသင်းကြပြီးနောက် တစ်ယောက် သဏ္ဌာန်၌ မနှစ်လို့ဖွယ်ရာ အချက်များကို တစ်ယောက်က တွေ့မြင် လျှက် ချစ်စိတ်ပျောက်၍ ကွဲကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးလူကြီးများသည် တစ်ယောက်အကြောင်းကို တစ်ယောက် မသိဘဲ လူကြီးမိဘများ ပေးစားသဖြင့် ပေါင်းသင်းကြပြီးနောက် ထင်းပုံခေါင်းချ မကွဲမကွာ သားမြေးတွေ တစ်ဖြာနှစ်ဖြာရသည့်တိုင် အောင် ချမ်းသာစွာ နေကြလေသည်။

ဥရောပတိုင်း၌ ထိုအချစ်စိတ်ကို ယုံစားကြသည့်အတွက် အိမ်ထောင်ကြီးတွေ မြောက်မြားစွာ ပျက်စီးနေကြသည်ကို တွေ့ရှိရလေသည်။

ထို့အပြင် ကိုလေသာ ကာမစိတ်ကို အချစ်ဟု မှတ်ထင်ကြသည်မှာလည်း များစွာရှိကြလေသည်။ ကာမစိတ် လွှမ်းမိုးသောအချစ်သည် ရက်စက်၏။ ထိုအလို ပြည့်ဝလျှင် အချစ်မှာ ပြာကျ၍တတ်လေသည်။ မပြည့်ဝလျှင်လည်း တစ်ယောက်ကိုတစ်ယောက် ရန်ရှာတတ်လေသည်။ တကယ်မြဲသော အချစ်မှာ ၁၅၀၀ သက်သက်မဟုတ်။ ၁၅၀၀ သက်သက် အချစ်သည် မမြဲပေ။ ၅၂၈ ခေါ်သည့် နှောင်ကြိုးကလေး ပါဝင်ကူညီမှ မြဲနိုင်လေသည်။

သို့ဖြစ်လေရာ အိမ်ထောင်မှုနှင့် ပတ်သက်၍ မျက်နှာကလေးကိုကြည့်ကာ၊ ကိုယ်လုံးကိုယ်ပေါက်ကလေးကိုကြည့်ကာ ငါ သူ့ကို ရလျှင် ရာသက်ပန် ပေါင်းနိုင်မည်ဟူ၍ မယုံစားအပ်ပေ။ တစ်ယောက်စိတ်ကို တစ်ယောက်သိပြီး စိတ်နေသဘောထားပုံကို သဘောကျ၍ပေါင်းမှသာ မြဲနိုင်လေသည်။

သို့ပေါင်းရာ၌ တစ်ယောက်မှာရှိသော ကောင်းသော အချက်များကိုသာမဟုတ်။ အပြစ်အနာကလေးများကိုပါ သိပြီး ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကလေးမျိုးကိုတော့ ငါ သည်းခံနိုင်မှာပဲဟူသော စိတ်မျိုးနှင့် ပေါင်းမှသာ မြဲနိုင်၍ သုခချမ်းသာကို ရရှိခံစားနိုင်လေသည်။

မျက်နှာလှလှကလေးကိုကြည့်ကာ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူ တော်လေးဆူဟု ယောကျ်ားကလေးက မှတ်ထင်၊ မိန်းမကလေးက လည်း ထိုယောကျ်ားအား မိုးကျရွှေကိုယ်ဟု မှတ်ထင်၊ အကောင်း ကလေးတွေကိုသာမြင်၍ ပေါင်းသူတို့မှာ စိတ်အပျက်ကြီး ပျက်ရ တတ်လေသည်။

အဘယ်မျှလောက် အရူးအမူးချစ်၍ ပေါင်းစေကာမူ ထိမ်းမြား ခြင်းသည် အချစ်၏ သင်္ချိုင်းဖြစ်သည် ဟူသော စကားအတိုင်း ပြယ်ပျောက်သောအချိန်သည် ကေန်ရောက်ရပေမည်။

ထိုအကြောင်းကို စောစောက သိ၍ထားပြီး အထက်၌ ဖော်ပြ ခဲ့သည့်အတိုင်း အရာရာကို သတိပြုကာ အချစ်ကို မြဲနိုင်သမျှ မြဲအောင် ကြံရလေသည်။

## ဘာကိုချစ်သလဲ

ငယ်ရွယ်သူတို့သည် တစ်ယောက်ကို တစ်ယောက် မျက်နှာ အလှကိုကြည့်၍ ချစ်လေ့ရှိကြ၏။ အသက်အစိတ်၊ သုံးဆယ်အရွယ် သို့ ရောက်သောအခါ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး ဆိုသည့် စကားအတိုင်း မျက်နှာထက် ကိုယ်ရောက် ကိုယ်ပေါက် အကျ အဆင်း အဖုအထစ် အချိုင့်အခွက် အရှိုးအဆစ် ပြေပြစ်နှောမောပုံ ကိုသာ သာလွန်၍ စွဲတတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့မှာလည်း မျက်နှာမှာလည်းကောင်း၊ ကိုယ်ပေါက်ကိုယ်ရောက်မှာလည်းကောင်း အထူးပြောပလောက်အောင် မလှမယဉ်သော်လည်း အမူအရာ၊ အပြောအဆို၊ Sex appeal ခေါ်သည့် ကာမအစွဲဓာတ်တစ်မျိုးကြောင့် စွဲမက်ရလေသည်။

သို့သော်လည်းထိုသဘောမျိုးအနက် မည်သည့်အစွဲမှ ခိုင်မြဲခြင်းမရှိ။ စိတ်နေသဘောထားပုံကို သိ၍ ချစ်မှသာ စိတ်ချရလေသည်။ ကြင်နာတတ်သောစိတ်၊ ညာတာသောစိတ်၊ စဉ်းစားဆင်ခြင်တတ်သောစိတ်၊ သည်းခံခြင်း၊ ချွေတာခြင်း၊ အသိဉာဏ်ရှိခြင်း၊ မပျင်းမရိလုံ့လရှိခြင်း ဤကိုယ်ကျင့်တရား စိတ်နေသဘောထားပုံကိုသိ၍ ချစ်ခင်စုံမက်မှသာ စိတ်ချရလေသည်။

ရှေးသူတြကျမ်းများ၌ သွားပုံလာပုံ အင်္ဂါရုပ်ဖြင့် အဘယ်မိန်းမမျိုးဟု ရေးသားဖော်ပြထားသည်များကို တွေ့ကြပေလိမ့်မည်။ ထိုနည်းမျိုးဖြင့် စိတ်ကိုသိဖို့ရန် ခက်လေသည်။ မျိုးရိုးဇာတိ မိဘ၏အကျင့်ဖြင့်လည်း သားသမီး၏ အကျင့်စာရိတ္တ စိတ်နေသဘောထားပုံကို မှန်ကန်စွာ မသိနိုင်ပေ။ စိတ်သည် ကိုယ်အင်္ဂါအဆင်း၏ပေါင်းစပ်ခြင်းနှင့် များစွာတူ၏။ မိန်းမပိန်ခေါက်ခေါက် ငါးခူခြောက်အသွင်ရှိသူနှင့် ပုပုကွကွ ဝဝအိုင့်အိုင့်ယောကျာ်း အစပ်တည့်သဖြင့် မနိမ့်မမြင့် မဝလွန်း မကွလွန်းသော ချောချောထိုက်ထိုက် သမီးကလေး ဖြစ်၍ လာနိုင်၏။ မိဘနှစ်ပါးစလုံး ပိန်ပိန်ပါးပါး သနားကမားမှ အစပ်လွန်သဖြင့် ပိန်ခေါက်ရိုးတံ ကျူထရံလို ကျေးလိန်ပါးလှပ် ဝါးကလပ်အလား ငါးခြောက်ပြားမကလေးများ ဖြစ်ပေါ်၍ လာနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူစွာ မိခင် ရှုပေါပေါ၊ ဖခင် စိတ်ကြမ်းကိုယ်ကြမ်း ကျောင်းမနေရသောကြောင့် စာတတ်ပေတတ် မဟုတ်သော်လည်း သားသမီးမှာ အစပ်တည့်သဖြင့် အလိမ္မာ အမြော်အမြင်ရှိသူများ ဖြစ်၍လာတတ်သည်။ မိခင်က ဘီအေ၊ ဖခင်က ဝတ်လုံစာရေးဆရာ အစပ်လွန်သဖြင့် သားအန္ဓ ဖြစ်၍ လာနိုင်လေသည်။ စာရေးသူ ကိုယ်တိုင်မှာ ထိုကဲ့သို့သော သားအဖိုးတန်ကြီးတစ်ယောက် ရှိလေ သည်။

သို့ဖြစ်လေရာ တစ်ယောက်စိတ် တစ်ယောက်သိအောင် အမျိုး မျိုး ကြံနိုင်လေ စိတ်ချရလေဟု မှတ်ရမည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် နာမည်ပင် ပျက်စေကာမူ လင်ကောင်း၊ မယားကောင်း မဖြစ်နိုင်ဟု ပုံသေမယူအပ်ပေ။ နာမည် ပျက်ရခြင်း၏ အကြောင်းရင်းကို ရှာဖွေစဉ်းစားအပ်ကြလေသည်။

အချို့သော မိန်းမများမှာ အပျိုဖြစ်စဉ် ပျံလွှားမဟု အခေါ်ခံရ သော်လည်း သစ္စာရှိ၍ ကြင်နာသော မယားကောင်း၊ မိခင်ကောင်း ဖြစ်နိုင်လေသည်။ ကာမဂုဏ်ဘက်၌ အားကြီး[illegible]ကြောင့် မိန်းမ ယုတ်ဟု မဆိုနိုင်။ ထိုအားသည် အသွေးအသားနှင့် ဆိုင်လေသည်။

## လင်နှင့်မယား

မိန်းမများသည် လင်ယောကျ်ား မချစ်မှာကို လွန်စွာစိုး၏။ အချစ် ကြောင့်လုပ်လျှင် ဘာမဆို ခံနိုင်၏။ အချစ်ကြောင့် ရိုက်နှက်လျှင် ခံ၍အရသာရှိ၏။ မချစ်မကြည် မုန်းထား ရှုတ်ချခြင်းကို အပြုခံရ

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်တစ်ပြိုင်တည်း မြေပွေးထက် အဆိပ်ပြင်းထန်စွာ ဒေါသအမျက်ထွက်ပြီး ရန်သူကြီးဖြစ်နိုင်လေသည်။ မိန်းမတစ်ယောက်ကို ရန်သူအဖြစ်သို့ လျှင်မြန်စွာ ရောက်စေလိုက ရှုတ်ချခြင်းသည် အမြန်ဆုံးနည်း ဖြစ်လေသည်။

ယောက်ျားများသည် သမီးရည်းစားဘဝမှာသာ မိန်းမကို ယုယထွေးပိုက်ကာ ချစ်ခင်သည့် အမူအရာကို ပြလေ့ရှိကြ၏။ သားမယားဖြစ်သည့်အခါ၌ ထိုအရာကို ပေါ့လျော့ကာ အမှတ်တမဲ့ နေကြလေသည်။

ထိုအလုပ်သည် ဝန်လေးသောအလုပ် မဟုတ်ချေ။ အားလပ်သည့်အခါ သမီးရည်းစားဖြစ်စဉ်ကလို ပိုက်ထွေးယုယ ချစ်ခင်သည့် အမူအရာကို ပြအပ်ကြလေသည်။ နဂိုက အသည်းအသန် ချစ်ကြိုက်၍ ပေါင်းသင်းခဲ့သော သားမယားအား ထိုကဲ့သို့ပြုရခြင်းသည် ခက်ခဲဝန်လေးသောအရာ မဟုတ်ပေ။ ထိုနည်းသည် သွေ့ခြောက်အေးစက်မည်ဖြစ်သော အချစ်၌ စိုပြည်ခြင်းဖြစ်စေ၍ နွေးသောအသက်ကို ဝင်စေလေသောနည်း ဖြစ်လေသည်။

ထိုသေးငယ်သော လစ်ဟင်းမှုသည် ယောက်ျားတို့၏ စိတ်အထင်မှာသာ သေးငယ်၏။ မိန်းမတို့မှာကား မသေးမငယ်ပေ။ မိန်းမများအတွက် လင်ဖြစ်သူ၏ ယုယခြင်း၊ ဂရုစိုက်ခြင်း၊ နေထိုင်မကောင်းသည့်အခါ ကျောကိုစမ်း၊ ရင်ကိုစမ်း၊ လက်ဖျားကိုင်၊ ခြေဖျားကိုဆုပ် ဤအလုပ်များကို ယုတ်နိမ့်သည် မဆိုနိုင်ပေ။

အခြားလူများမြင်အောင် ဂရုစိုက်ခြင်းသည် ၎င်းတို့၏စိတ်၌ သာယာခြင်းကို တိုး၍ဖြစ်လေသည်။ ထိုကဲ့သို့ ဂရုစိုက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



လင်ယောကျ်ားအပေါ်၌ ကိုးဆယ်ဆ ပိုမိုကာ ၎င်းတို့က ပြန်၍ပြုစုနိုင်၏။ အိမ်မှုရေးရာ ဝန်လေးလှသော အလုပ်များစွာတို့ကိုပင် ဝန်လေးသည်ဟု မှတ်ထင်ခြင်း မရှိတတ်ကြပေ။ ၎င်းတို့မှာ ကလေးနှင့် တူသဖြင့် စိတ်၏သာယာခြင်းသည် ကိုယ်ခန္ဓာကို လျင်မြန်စွာ ကူးစက်သဖြင့် တစ်အိမ်လုံးကို သာယာစေနိုင်လေသည်။ မိန်းမဖြစ်သူ စိတ်လက်မသာမယာ ငြိုငြင်၍လာသည်နှင့် တစ်ပြိုင်တည်း နန်းတော်ကြီးလောက် ကြီးကျယ်ခမ်းနားသော အိမ်ကြီးများမှာပင် ငြိုငြင်ခြင်း၏ အငွေ့အသက် ပေါ်ပေါက်ကာ မသာမယာဖြစ်လေသည်။

၎င်းတို့ချက်ပြုတ်သော ဟင်းကျွေးကို ကောင်းသည်၊ အစပ်တည့်သည်၊ အရသာရှိသည်ဟု ပြောလျှင် ကျေနပ်မြဲ ဖြစ်၏။ ထိုစကားလေး တစ်ခွန်းနှစ်ခွန်း ပြောခြင်းသည် လွန်စွာလွယ်ကူလေသည်။ အဟုတ်တကယ်ပင် မကောင်းစေကာမူ ကောင်းသည်ဟု ပြောဖို့ရန် ဘယ်မှာဝန်လေးလောက်ပါသနည်း။ သို့ပါလျက် များစွာသော ယောကျ်ားတို့သည် ချီးမွမ်းမည့်အစား ဟင်းအိုးကို ဆားခတ်ရိုက်သူများပင် ရှိလေသည်။ ထိုလူမျိုးသည် အိမ်၏ သာယာခြင်း စည်းစိမ်ကိုမသိ၊ မလိုလား၊ မနှစ်သက်။ အခြားအပျော်အပါးကို ရှာလိုသူများ ဖြစ်ကြလေသည်။

လူတစ်ယောက်ကို တွေ့ဖူး၏။ တမင်သက်သက် သားမယားအပေါ်၌ ရမည်ရှာပြီး စားသောက်၍နေသော ဟင်းခွက်များကို လွှင့်ပစ်၏။ ထိုနောက် ငွေကို မိန်းမ မသိအောင် အိတ်ထဲသို့ထည့်ပြီး ဟိုတယ်သို့သွား၍စားမည်ဆိုပြီး အိမ်မှထွက်၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏စိတ်သည် သားမယား စိတ်မကောင်းအောင် ပြုရခြင်း၌ သာယာလေ့ရှိသူများဖြစ်ရာ ကလေးဆိုးနှင့် လွန်စွာတူကြလေသည်။ မှတ်၊ ငါ့ကို ဘယ်လိုအကောင်မှတ်သလဲ ပြောသောနည်းမျိုး ဖြစ်လေသည်။

လင်မယား မဖြစ်မီက တစ်ယောက်အပေါ်၌ တစ်ယောက် အပြစ်ကိုပင် ဖြစ်စေကာမူ အပြစ်ကို လျှော့၍တွေး၏။ ဖော့၍ပြော၏။ အမှန်ပြောလျှင် မခံချင်မှာ၊ နာမှာစိုးသဖြင့် မမှန်စကားကိုပြော၏။ သို့ဖြစ်သောကြောင့် အချစ်သည် တိုး၍သာ ထက်သန်ခဲ့ကြလေသည်။

အကြင်လင်မယားအဖြစ်သို့ ရောက်ကြသောအခါ၌ကား မခံချင်လို့ လဲသေသေ မှန်သလောက် ပြောတတ်ကြလေသည်။ သူစိမ်းတစ်ယောက်ကို အမှန်အတိုင်း မပြောရက်။ မခံချင်ဖြစ်မှာစိုးပြီး အားနာသဖြင့် လိုက်လျောကာ မဲ့တင်ရုံလျော့ရုံမျှ ပြောတတ်သူသည် သားမယားအပေါ်၌ကား မညှာမတာ အပြစ်အနာကို တဲ့တိုးပြောတတ်လေသည်။

ထိုကဲ့သို့ ပြောခြင်းသည် အချစ်ကို တဖြည်းဖြည်း မသေမနေ ရအောင် ညှဉ်း၍သတ်သည်နှင့် တူလေသည်။ သို့ဖြစ်လေရာ အချစ်ကို တာရှည်စေလိုက၊ အိမ်ကို အမြဲသာယာစေလိုက သားမယား အပေါ်၌ အပြစ်အသေးအဖွဲကလေးများကို မြင်သည့်အခါ အခြားအားနာရမည့် သူစိမ်းတစ်ယောက်အား ငါ အဘယ်သို့ပြောပြရမည်နည်း၊ ဟိုယခင် ရှေးအခါ ချစ်တုန်း ခင်တုန်းမှာ ငါ အဘယ်ပုံပြောခဲ့

www.burmeseclassic.com



ပါသနည်း၊ ငါချစ်လို့ယူထားတဲ့ မယား၊ ဤမျှကြီးကျယ်မွေသော အပြစ်ကလေးမျိုးကို အခြားနည်းဖြင့် ပျောက်ကင်းအောင်လုပ်မည်၊ မခံချင်ဖွယ်ရာသော စကားကို ငါသုံးဖို့မလိုဟု ဆင်ခြင်အပ်ပေသည်။

အချို့များမှာ သူစိမ်းတစ်ရံဆံတို့ ရှေ့မှာပင် သားမယားကို နာကြည်းအောင် ပြောတတ်ကြလေရာ အိမ်ထောင်၏ ကြီးလေးသော တာဝန်ကို ဆောင်ရသော သားမယားအပေါ်၌ ပြေးသူရန်ဘက်လို သဘောထားရာ ရောက်လေသည်။

အများအားဖြင့် အိမ်ထောင်ကျပြီးနောက် ယောကျ်ားလေးများ၏ အချစ်သည် မိန်းမများ၏ အချစ်ထက် လျင်မြန်စွာ ပိုမို၍ အေးတတ်၏။ ထိုယောကျ်ား၏အချစ် အေး၍လာခိုက်မှာ မိန်းမ၏ အချစ်ကား သန်လျက်ပင်ရှိနေတတ်လေသည်။ ထိုကဲ့သို့သော မိန်းမ၏စိတ်ကို ထိခိုက်နာကျင်အောင် ပြောခြင်းသည် အချစ်သန်တုန်းဖြစ်သော မိန်းမမှာ အဘယ်မျှလောက် နာကျင်ထိခိုက်ခြင်းဖြစ်မည်ကို ဆင်ခြင်အပ်ကြလေသည်။

ဒေါသသည် ဆင်ခြင်ခွင့်ကိုမပေး။ လျင်မြန်စွာ နှုတ်ဖြင့်လည်းကောင်း၊ လက်ဖြင့်၊ ခြေဖြင့်လည်းကောင်း ထောင်းခနဲ ထွက်တတ်လေရာ အဘယ်မျှလောက် ဆိုးရွားသည်ကို သိကြပါကုန်။

လင်မယားကွဲခြင်း၊ အိမ်၌မသာမယာဖြစ်ခြင်းမှာ ဤကဲ့သို့သော အသေးအဖွဲကလေးများသည် အခါများစွာ ကြီးလေးသော အကြောင်းရင်းတွေ ဖြစ်တတ်သည်ကို များစွာ သတိပြုသင့်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ကြွင်နာထောက်ထားခြင်း၊ တစ်ယောက်အပေါ်၌ တစ်ယောက်က အပြစ်ကိုမရှာ ကျေးဇူးကိုရှာခြင်း၊ အပြစ်တစ်စုံ တစ်ရာတွေ့လျှင် လောကမှာ ဘယ်သူအပြင်ကင်းသလဲ၊ သူ့မှာ အပြစ်ကလေး ရှိသော်လည်း ပိုကောင်းတဲ့ အချက်ကလေးတွေ ရှိပါသေးကလားဟု ရှာဖွေ တွေ့မြင်အောင် အကောင်းကို ရှုကြပါကုန်။

## ကုန်းကောင်ကြီး

သို့သော်လည်း အကျိုးစီးပွား ဆုတ်ယုတ်စေနိုင်သည့် အပြစ်ကြီးများကိုမူကား မျိုးသိပ်၍ထားရပေမည် မဆိုလို။ အချို့သော မိန်းမများသည်လည်းကောင်း၊ ယောကျ်ားများသည်လည်းကောင်း အထင်လွဲတတ်ကြ၏။ မသင်္ကာသောစိတ်မျိုး ရှိတတ်ကြလေသည်။

ထိုမသင်္ကာသော စိတ်သည် တစ်စုံတစ်ယောက် အပေါ်၌ မသင်္ကာသဖြင့် ဂရုစိုက်လေလေ တိုးတက် ခိုင်လုံသလိုဖြစ်ကာ မသင်္ကာသောအချက်တွေကို မြင်အောင်ပြုတတ်လေလေဖြစ်လေရာ မသင်္ကာသောစိတ်သည် လွန်စွာကြောက်စရာကောင်းလေသည်။

မယားက လင်အပေါ်၌ သော်လည်းကောင်း၊ လင်ဖြစ်သူက မယားအပေါ်၌ သော်လည်းကောင်း မသင်္ကာသော စိတ်နှင့် ရက်ပေါင်း အတော်ကြာစွာ ဂရုစိုက်၍နေသည့်အခါ မသင်္ကာစရာတွေ တိုး၍ထင်မြင်တတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ဂရုစိုက်၍နေကြောင်းကို မသင်္ကာဖြစ်ခြင်းခံရသူက ရိပ်မိသည့်အခါ မနေတတ် မထိုင်တတ်ဖြစ်ပြီး အမူအရာမှာပင် ထူးခြား၍လာတတ်သည်။

ထိုအခါ ဟုတ်ပြီ၊ မှန်ပြီ၊ ငါထင်တာ မလွဲဘူး၊ သင်း အရင်ကနဲ့ မတူတော့ဘူး ဟူသောအယူသည် ပေါ်ပေါက်လာမြဲဖြစ်လေသည်။ ထိုအခါ မသင်္ကာသောစိတ်ကို တကယ်သိသောစိတ်၊ မလွဲသောစိတ်၊ တကယ့်အသိဟုယုံကြည်၍လာတတ်လေသည်။ အချုပ်မှာ အထင်ကို အသိဟု စွဲမှတ်တတ်လေသည်။ ထိုကဲ့သို့ဖြစ်သည့်အခါ အိမ်ထောင်မှာ မီးစွဲတော့မည်မှတ်။

သို့ဖြစ်လေရာ တစ်ယောက်အပေါ်၌ တစ်ယောက် မသင်္ကာရုံမျှနှင့် စွပ်စွဲခြင်းကို အဘယ်အခါမျှ မပြုအပ်။ ဒိဋ္ဌ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမှ စွပ်စွဲမည်၊ ငါ ယခု သူ့အပေါ် မှာ မသင်္ကာဖြစ်၍နေသည်မှာ အထင်သာဖြစ်သည်၊ အသိအမြင်မဟုတ်၊ လောကမှာ မသင်္ကာစရာတွေ လွန်စွာများသည်၊ မသင်္ကာရုံမျှနှင့် ဒိဋ္ဌဟု စွပ်စွဲကြသည့်အတွက် ဆင်းရဲဒုက္ခ မတွေ့တန်ဘဲ တွေ့ကြရသူ များလှချေပြီ၊ ငါ့သတိထား၊ ငါ၏ ချစ်သောလင်ယောက်ျားဖြစ်သည်၊ ငါ၏ ချစ်သောမယားဖြစ်သည်၊ မဟုတ်မမှန် စွပ်စွဲမိက အဘယ်မျှလောက် အသည်းနာမည်နည်း ဟူ၍ ဆင်ခြင်ရမည်။

မဟုတ်မမှန် စွပ်စွဲခံရခြင်းသည် မခံနိုင်ဆုံးသောအရာ ဖြစ်လေရာ ထိုကဲ့သို့ အစွပ်စွဲခံရသူ၏စိတ်၌ တစ်မျိုး မသင်္ကာစရာအကြောင်း ပေါ်လာတတ်လေသည်။ ထိုအကြောင်းသည်ကား အခြားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သင်း ငါ့ကို တမင်သက်သက် မဟုတ်မမှန် ဇွတ်အတင်း ကြက်[illegible]ကန်းစွဲ စွဲသည်၊ ကေန်ရိုးရိုးစွဲခြင်းမဟုတ်၊ သူ ငါနဲ့ ကွဲချင်လို့ [illegible] ငါ့အပေါ် အထူးပင် မတရား အပြစ်ရှာတာပဲ၊ အင်မတန်မှ ဆိုးယုတ်လှပါ ကလား၊ ဤမျှလောက် ဆိုးလိမ့်မည်ဟု အလျှင်က ငါမထင် [illegible] ငါနဲ့ မပေါင်းချင်ရင် ရိုးရိုးမပေါင်းချင်ကြောင်း ပြောပါ[illegible]လာ[illegible] ဘာဖြစ်လို့ ငါ့ကို မဟုတ်တာနဲ့ စွပ်စွဲရသလဲ၊ ယုတ်မာ[illegible]ကြောင်း၊ ယုတ်မာတဲ့ ကောင်မ၊ သင်းအကြောင်း ငါသိပြီ၊ င[illegible] မပေါင်းဘူး၊ ချင်းစိမ်းနဲ့ မိသလင် ဘာလုပ်ခံနေရမှာလဲ၊ ကွာမယ်၊ ရှ[illegible]ယ်ဟူသောစိတ်မျိုး တွေ ဖြစ်ပေါ်လာတတ်လေသည်။

သို့ဖြစ်လေရာ လင်မယား နှစ်ယောက်ကြား၌ အဆိုး[illegible] ကုန်းကောင်သည် အခြားမဟုတ်။ တစ်ယောက်ကို တစ်[illegible]းသော မသင်္ကာသောစိတ်ပင်ဖြစ်သည်ကို သတိချပ်အပ်ကြပေသတည်း။

**အထူးသတိပြုရန်**

မိန်းမတစ်ယောက်၏ အချစ်ကို အခါယ်မျှဖင် ပိုင်စေကာမူ လူမြင်သူမြင်၌ မထိမဲ့မြင် မပြုအပ်။ လူရှေ့သူရှေ့၌ ငါ သင်၏ အချစ်ကို ပိုင်သူဟု ပြသည်နှင့်တူသောအမှုကိုပြုချေက အမှန်းခံ ရမည်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ယောကျ်ားခေတ်

ယခုကာလသည် ဉသျှစ်တစ်တင်း နှမ်းတစ်တင်း ကာလကြီးဖြစ်ရာ ယောကျ်ားများသည် အများအားဖြင့် ရှေးကနှင့် မတူ။ အိမ်ထောင်ပြုရာမှာကိုပင် မိမိကိုယ်ကို နှမြော၍ နေကြလေသည်။

မိန်းမတစ်ယောက်ကို ယူပြီးမှ အလုပ်အကိုင် အခြေအနေကလေး တစ်ခုခု မိမိအစွမ်းဖြင့် ရှိပြီးနောက် အခုနေအခြေမျိုးသာဖြစ်ချေကေါသည် အဖိုးတန် လူမျိုးတစ်ယောက်ဖြစ်မှာပဲ၊ မှန်းတိုင်းပေါက်၊ ရွယ်တိုင်းရောက် အဖိုးတန်အမျိုးမှန် လူကုံထံသမီး ဆံထုံးကြီးတို့ကို ခေါင်းခေါက်၍ယူမှာပဲဟူသော ဖောက်ပြန်သောစိတ်မျိုး ပေါ်ပေါက်တက်လေသည်။

အချို့မှာလည်း အတော်အတန် ဟန်ကျပန်ကျ အလုပ်အကိုင် အမြဲမိနေစာလေးရှိလျှင် တော်ရုံတန်ရုံ တန်းတူရည်တူ အမျိုးသမီးများကို ယူရမှာ မိမိတို့ကိုယ်ကို နှမြောကြလျက် အထက်မှန်းကြလေရာ အမျိုးသမီးကလေးများမှာ ရုပ်ရည် အဘယ်မျှချောစေ၊ လှစေကာမူ ပစ္စည်းဂုဏ် မရှိက ယောကျ်ားကောင်းရဖို့ လွန်စွာမှ ခက်၍နေ၏။

သို့ဖြစ်လေရာ ပစ္စည်းဉစ္စာ များစွာမကြွယ်ဝသော သမီးရှင်တို့မှာ သမက်ကို ပစ္စည်းနှင့် မဝယ်နိုင်ကြသဖြင့် သမီးကို ဂုဏ်ရှိအောင် လုပ်ကြရလေသည်။ ရှေးအခါက အဆင်းသည် ဉစ္စာမည်သည်ဟူသော စကားရှိလေသည်။ ယခုမူကား ဉစ္စာသည် အဆင်းမည်၏ဟု ဆိုရသကဲ့သို့ ဖြစ်၍နေလေသည်။ အကြောင်းမူကား ယခုနောစနစ်ရွေ

www.burmeseclassic.com



တို့၏ အဆင်းအရောင်နှင့် မွှမ်းမံခြယ်လှယ်လိုက်သည့်အခါ ခေတ်ကာလ ဖက်ရှင်၏ ကူညီခြင်းကြောင့် ပြည့်ဝ ပုပ်ပွ အခေါက်ထူ ဖုးခုံညင်းမကြီးများသော်မှ အတော်ပင် ဟုတ်သည်ဟု မှတ်ထင်ကြရလေသည်။

ကျွန်ုပ်တို့တိုင်းပြည်၌ မိန်းမများ၏ အကြိုက်တွေကို ဂျပန်ပြည်၊ ကုလားပြည်က အသစ်အဆန်းထွင်ကာ ဖက်ရှင်ကို ဖန်တီး၍ပေးကြရလေရာ မိန်းမနှင့် ပတ်သက်သည့် ကုန်ကျသော ငွေပေါင်းမြောက်မြားစွာတို့သည် ဂျပန်ပြည်၊ ကုလားပြည်သို့ အစဉ်မပြတ်စီးထွက်နေသည်ကို သိနိုင်လေသည်။

သို့ဖြစ်လေရာ မိန်းမများသည် ဗင်ကိုရုပ်ပင် များစွာမရှိစေကာမူ ခေတ်ကာလအလျောက် ကုလားနှင့် ဂျပန်က ဖက်ရှင်ကို ဖန်တီး၍ပေးကြသည့်အတွက် သုံးနိုင်စွဲနိုင်၊ ဝယ်နိုင်ခြမ်းနိုင်၊ မိမိတို့ ကိုယ်ကိုပြုပြင်နိုင်သော မိန်းမများမှာ နဂိုထက် ပိုမို၍လှသည်သာ မှတ်ထင်ရသဖြင့် ပင်ကိုအလှကို သိမြင်နိုင်သော ဉာဏ်မျက်စိ မရှိသောယောကျ်ားများမှာ အလိမ်မိကြရလေသည်။

ထိုကဲ့သို့ ဝယ်နိုင်ခြမ်းနိုင် သုံးနိုင်ဖြုန်းနိုင်သည့် အစခြေအနေမရှိသူတို့အတွက်ကား ဂုဏ်ရှိအောင် တစ်မျိုးဖန်တီးရလေသည်။ ထိုဂုဏ်သည်ကား ပညာဂုဏ်ဖြစ်ရာ ပညာတတ် အမျိုးသမီးကလေးများမှာ ဥစ္စာပင်မရှိသော်လည်း ပညာ၏ဂုဏ်ကြောင့်လည်းကောင်း၊ ပညာမှရရှိသော စိတ်ကူးဉာဏ်အစွမ်းဖြင့် အပြောအဆို၊ အမူအရာ၊ ဝတ်ပုံဆင်ပုံမှာ ကျက်သရေရှိအောင် ဖန်တီးတတ်ခြင်းဖြင့်လည်းကောင်း၊ အဖိုးတန်ဖြစ်လာကြပြီးလျှင် အဖိုးတန်ယောကျ်ား

www.burmeseclassic.com



များကို ရနိုင်ကြလေသည်။ သို့ဖြစ်လေရာ ဂုဏ်အရောင်အဝါသည်လည်း အဆင်းပင် ဖြစ်၍နေလေသည်။ ဥစ္စာပစ္စည်းမရှိ ခေတ်ကာလပညာလည်းမတတ်သော အမျိုးသမီးကလေးများမှာ မျှော်လင့်စရာမရှိသကဲ့သို့ ဖြစ်၍နေလေသည်။

ယောက်ျားရရှိသော မိန်းမများမှာလည်း လင်ယောက်ျားဖြစ်သူ၏ အခြေအနေ တိုးတက်လေလေ စိတ်မချရလေလေ ဖြစ်လေရာ ရာထူးရာခံနှင့် အခြေကောင်းအနေကောင်းရှိသော လင်ယောက်ျားများကို တစ်ရပ်တစ်နယ်သို့ ခွဲ၍မလွှတ်ရဲသလောက် ဖြစ်လေသည်။ အကြောင်းမူကား တစ်နယ်သို့ရောက်သည့်အခါ ထိုယောက်ျားမျိုးမှာ တစ်ယောက် အသစ်ရဖို့ လွန်စွာ လွယ်ကူ၍နေကြောင်း သတင်းစာများ၌ မကြာမကြာ တွေ့ရှိရသည့် အတ္ထုပ္ပတ္တိများဖြင့် သိရလေသည်။ တစ်ရွာမပြောင်း သူ့ကောင်းမဖြစ် ဟူသောစကားသည် ဤကဲ့သို့ဖြစ်ဖို့ရန် တင်ကြိုဖြစ်ပေါ်သော စကားပုံကဲ့သို့ဖြစ်၍နေလေသည်။

ထိုကဲ့သို့သော ဖြစ်ပျက်ပုံ အခြေအနေတို့ကို ထောက်လိုက်သောအခါ မိန်းမများမှာ လင့်စစ်ကို အမြဲခင်း၍နေမည်ကဲ့သို့ဖြစ်၍နေလေသည်။

ယောက်ျားများသည် သူတစ်ပါး၏သားမယားကို ကြံလေ့မရှိ။ ကြံဝံ့သူ လွန်စွာနည်းပါးလေသည်။ ယခုကဲ့သို့ ယောက်ျားခေါ်ကောင်း၍နေသော အခါကာလမှာ သူတစ်ပါး၏ မယားကိုကြံဖို့ရန် စိတ်ကူးသည် သာ၍ပင်နည်းပါးလာသည်။ မိန်းမလုမ္ပာကား ဤကဲ့သို့ မဟုတ်။ အဖိုးတန် ယောက်ျားတစ်ယောက်က လိုလားလျှင်

www.burmeseclassic.com

www.burmeseclassic.com



မယားကြီးရှိကြောင်း မျက်မြင်ဒိဋ္ဌ အသိဖြစ်ကြပါလျက်ပင် ခါးပြ တိုက်၍ ယူဖို့ရန် ဦးမလေးကြပေ။ ဂုဏ်သရေရှိ အမျိုးကောင်းသူ မိန်းမများကား ဤအရာ၌ သာ၍ပင် ရဲတင်းကြလေသည်။ ထိုကဲ့သို့ ခါးပြတိုက်ခံရသော ယောကျ်ားမှာ လူချောလူလှ ဖြစ်ဖို့မလို။ ရာထူး အလုပ်အကိုင် အခြေအနေကလေး ကောင်းနေဖို့သာ လိုလေသည်။ ရှေးအခါက ဥရောပတိုက်သားများ ရရှိကြသော ရာထူးများစွာတို့မှာ ယောကျ်ားများလက်သို့ ရောက်၍နေကြလေရာ မိန်းမများ တပ်မက် ဖွယ်ရာဖြစ်သော ယောကျ်ားသည်လည်း ရှေးကထက် ပို၍များကြ လေသည်။

ရှေးအခါက ယောကျ်ားများ ရုပ်လှလျှင် အရုပ်ရမ်မှာ စန်းပွင့်ကြ၏။ လူချောလူလှတစ်ယောက်ကို ဝိုင်းအုံ၍ ကြည့်ကြရ၏။ ယခုမှာ ကား အရောရော အနှောနှောခေတ်ဖြစ်သောကြောင့် လူချောလူလှ တွေလည်း များ၏။ ရာထူးရာခံနှင့်လူတွေလည်း များလေရာ စတိုင် ကျကျ ဝတ်ဆင်သွားလာ နေထိုင်ကြသည့် တစ်ရပ်သားကိုမြင်လျှင် ခင်မင်ဖွယ်ရာ ဖြစ်၍နေလေသည်။

ယောကျ်ားများသည် မိတ်ဆွေသူငယ်ချင်း၏ မယားကို ကြံလေ့ မရှိကြပေ။ မိန်းမများသည်ကား သူငယ်ချင်းမ၏ လင်ယောကျ်ားကို ကြံရဲကြလေသည်။ ယောကျ်ားက ရှောင်မှသာ လွတ်ဖို့ရှိလေရာ လင်ရှိမယားများမှာ လင်အတွက် အမြဲလိုလို စစ်ပြင်၍နေရသော ခေတ်ဆိုးကြီးဖြစ်၍နေလေသည်။ ဘည်တဲ့သော ယောကျ်ားကောင်း တစ်ယောက်ကို ရ၍နေသော မိန်းမများမှာ မိမိတို့လောက် ကမကောင်းသော မိန်းမများအပေါ်၌ မာရေကျောရေ ပြောနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ခေတ် ဖြစ်၍နေလေသည်။ အသက်လေးဆယ်ကျော် ငါးဆယ်နီး သော ယောက်ျားကိုပင် မယားဖြစ်သူက စိတ်ချမထားနိုင်။ တူမ အရွယ်၊ သမီးအရွယ်၊ အပျိုကြီးများနှင့် တွေ့မှာကိုပင် စိုး၍နေရ သဖြင့် လင်ယောက်ျား၏ အချစ်ကို စိတ်ချလက်ချ ယုံစား၍မနေ နိုင်သော ခေတ်ဖြစ်လေသည်။ ငါ့ယောက်ျား လူကြီးပဲ၊ သင်းက ထွတ်ထွတ်ကလေး၊ မဖြစ်နိုင်ပါဘူး ဟူ၍ အောက်မေ့ကာ စိတ်ချ လက်ချ လွှတ်၍မထားအပ်ပေ။ အကြောင်းမူကား ထိုအရွယ်များမှာ ပြောတင့်တယ်၊ ဆိုတင့်တယ်မို့ အပြင်အပဌ် ဦးလေး၊ ဦးကြီးဟု ခေါ်ရင်း အတွင်းစိတ်၌ တစ်မျိုးဖောက်ပြန်ကာ အကြံကြီး၍နေသူ များကို တွေ့ကြုံခဲ့ရဖူးလေသည်။

## အရွယ်တင်ခြင်း

အသက် ငါးဆယ် နီးနီးရှိသော အသရေရှိ ယောက်ျား တစ်ယောက်၏ ဖြစ်ပျက်ပုံကို တွေ့ဖူး၏။ ၎င်းမှာ မယားသေဆုံး သဖြင့် ခေတ္တအိမ်ခြေမတည်။ ညသည်ပမာ စားအိမ်မရှိ၊ ဆိုင်မှာ စားပြီး အသိမိတ်ဆွေများအိမ်၌ အိပ်ရရှာ၏။

တစ်ရံသောအခါ အသိမိတ်ဆွေ လင်မယားနှစ်ယောက်နေ သော အခန်းသို့ ညတစ်ည ရောက်၍သွားရ၏။ ယင်းလင်မယား နှစ်ယောက်စလုံးမှာ အသက်နှစ်ဆယ်ကျော် ငယ်ရွယ်သူကလေးများ ဖြစ်ကြလေသည်။ ၎င်းတို့မှာ တစ်လလျှင် လေးငါးရာလောက် ရကြသူများ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညဉ့်၌ သေးငယ်သောအခန်းတွင် မုဆိုးဖို ယောကျ်ားကြီးသည် ငှင်းတို့နှင့်အတူအိပ်ကြရ၏။ သန်းခေါင်ကျော်၍ နိုးသောအခါ မိန်းမပျိုသည် အပါးသို့ လူးလိမ့်ကာ ရောက်၍နေသည်ကို တွေ့ရသဖြင့် မုဆိုးဖိုက "ဟဲ့ ... ဟဲ့ ... အအိပ်ကြမ်းလှချည်လား" ဟုပြောကာ တွန်း၍ပစ်၏။ ငှင်းတို့၏ အိပ်ရာကို ကြည့်လိုက်သောအခါ ငှင်းယောကျ်ား မရှိသည်ကို တွေ့ရသဖြင့် "နင့်ယောကျ်ား ဘယ်သွားသလဲ" ဟု မေးရာ "အဖော်တွေ လာခေါ်လို့ အငြိမ့်ကို သွားတယ်၊ ကျွန်မတစ်ယောက်တည်းရယ်" ဟု ပြောသည်။ ထိုအခါ ညို့သည်က "မတော်တာပဲ၊ နင့်ယောကျ်ား အားယုံနိုင်လို့ဖြစ်လိမ့်၊ ဒီလောက်ကောင်း အအိပ်ကြ ရသလား၊ ငါ အပြင်ထွက်အိပ်မှ တော်မယ် ထင်တယ်" ဟု ပြောရာ မိန်းမပျိုက "အမယ်... ဦးကြီးကလဲ တခြားလူမှတ်လို့၊ ဦးကြီးပဲ၊ အိပ်သာအိပ်ပါ" ဟု ပြန်ပြောသတဲ့။

ညို့သည်က "ဦးကြီးသော အာသော နားမလည်ဘူး၊ နင် အပြင်ကိုထွက်" ဟု မောင်းထုတ်မှ မသာမယာသော အမူအရာနှင့် အပြင်ထွက်၍သွားသတဲ့။

ဤကဲ့သို့ဖြစ်ခြင်းမှာ တကယ်အအိပ်ကြမ်း၍ပဲလား၊ လင်ဖြစ်သူကလည်း တကယ်ယုံကြည်စိတ်ချ၍ ထားခြင်းလား။ အဘယ်လိုသဘောလဲဟူသောအကြောင်းကို ယခုတိုင် တွေးကြံ၍ မရနိုင်အောင် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လေရာ ဦးလေး ဦးကြီးအရွယ် ယောကျ်ားကြီးများမှာ ငယ်ရွယ်သော မိန်းကလေးများနှင့် ပတ်သက်၍ အဘယ်မျှအခွင့်သာသည်ကို သိနိုင်လေရာ ငါ့မယား ငယ်ငယ်ကလေးပဲဟု အောက်မေ့ကာ လူကြီးများနှင့် စိတ်ချ၍ မထားအပ်ပေ။ ငါ့ယောကျ်ား အသက်ငါးဆယ် အဘိုးကြီးအရွယ်ပဲ၊ သင်းကလဲ ထွတ်ထွတ်ကလေးပဲ၊ မဖြစ်နိုင်ပါဘူး ဟူသော အတွေးနှင့် စိတ်ချ၍ မထားအပ်ပေ။ ဤအရွယ်မျိုးမှာ သာ၍ပင် စိုးရိမ်ရလေသည်။

ယောကျ်ားငယ်ငယ်ကလေးများနှင့် အရီးအရွယ်၊ အမေအရွယ် မိန်းမကြီးမှာလည်း အဘယ်သို့ပင် နေစေကာမူ တင့်တယ်သည့် အတွက် ပတ်သက်၍သွားတတ်သည်ကို အခါများစွာ တွေ့မြင်ကြားသိရဖူးလေသည်။

ငယ်လင် ငယ်မယား အလွန် ချစ်ခင်၍ ပေါင်းသင်းသော လင်မယားသော်မှ အသက်ကြီးသည့်အခါ တူအရွယ်၊ သားအရွယ် ကလေးနှင့် အခွင့်သာအောင် လျစ်လျူရှု၍ မထားအပ်ပေ။ အထူးသဖြင့် ပစ္စည်းဥစ္စာ ကြွယ်ဝသူများ ဤအချက်ကို သတိထားသင့်ကြလေသည်။

အိမ်၌ ခိုင်းစေ၍ထားသော ထိုကဲ့သို့သော ငယ်ရွယ်သူ ယောကျ်ားပျိုကလေးများကို သာ၍ပင် ကြောက်ရလေသည်။ မမ ကို ၀ို့, ဒေါ်ဒေါ်, ဦးလေးဟုခေါ်ကာ ခိုကပ်နေထိုင်သော လူကပ်ပါးသွ ဂ်သွက်လက်လက်ကလေးများနှင့် ထိုကဲ့သို့ဖြစ်ပျက်ကြသည်ကို များစွာပင် ကြားရဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အစေခံမကလေးများ

အချို့သော မြို့ငယ်၊ ရွာငယ်များမှ ဆင်းရဲသား မိန်းမပျိုကလေးများကို အိမ်၌ အစေခံအဖြစ်နှင့် ထားရာမှ ယောကျ်ားဖြစ်သူ ဆိုးပါး၍ သွားသည်များကိုလည်း များစွာပင် တွေ့ရလေသည်။

ထိုကဲ့သို့ ဖြစ်သောကြောင့် အိမ်ရှင်မိန်းမများကို အားခံလျက် ယောကျ်ားကလည်း အလိုလိုက်သဖြင့် မိန်းမကြီးများမှာ ပိန်ချုံး၍ နေသည်များကို တွေ့ရဖူးလေသည်။

ယောကျ်ား၏ အချစ်သည် စိတ်ချ ယုံကြည်ရသော အချစ် မဟုတ်ပေ။ ထိုကဲ့သို့ အစေခံမကလေးများနှင့် ဖြစ်ပျက်သည့်အခါ အစေခံမလေးများမှာ အမူအရာ ပြောင်း၍လာ၏။ အထက်ထက် ကလို ခိုင်းရာစေရာ၌ သာသာကြည်ကြည် လုပ်ကိုင်မည့်အစား သူပုန်ထလိုသည့် အမူအရာများကို တစ်စ တစ်စ ပြတတ်ကြသည်။ သားကြီးမယားကြီးအပေါ်၌ အဟုတ်တကယ် ကြင်နာစိတ်ရှိသည့် ယောကျ်ား၊ သားကြီးမယားကြီးကို ကြောက်သော ယောကျ်ားများသည်ကား အစေခံမကလေးများနှင့် တိတ်တဆိတ် ဖြစ်ပျက်သည့် အခါ အစေခံမကလေးများကို အလျင်ကလို ခိုင်းစေခြင်း မပြုရဘဲ နေတတ်၏။ အခါများစွာ ၎င်းအစေခံမကလေးများ လုပ်မည့်အလုပ်များကို ၎င်းတို့ကိုယ်တိုင် လုပ်ကိုင်တတ်ကြလေသည်။

ယောကျ်ားတစ်ယောက် ပြောဖူးသည်မှာ မိမိသည် ခိုင်း၍ထားသော အစေခံမကလေးနှင့် ဖြစ်ပျက်မိသည့်အတွက် အစေခံမ

www.burmeseclassic.com

www.burmeseclassic.com



ကလေးက မိမိအပေါ်၌ အနိုင်ကျင့်ကာ လုပ်မည့်အလုပ်များကို မလုပ်ဘဲနေသဖြင့် မိန်းမလုပ်သူ သိမှာစိုးသည့်အတွက် အစေခံမကလေး၏ အလုပ်တာဝန်ဟူသမျှကို သိမ်းကြုံး၍ လုပ်ခဲ့ရကြောင်း၊ သို့လုပ်ရာတွင်လည်း မယားသို့လျှင် ရှင့်မယားကလေးကို သနားလို့ လုပ်ရသလားဟု ပြောမှာစိုးသည့်အတွက် မယား မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး လုပ်ပေးရကြောင်းများ ဖြစ်လေသည်။

အချို့ ရက်စက်သော ယောက်ျားများသည်ကား မယားသိမည်ကို ဂရုမထား။ အစေခံမကလေးများကို ဖြောင်ဖြောင်ပင် ယူ၍ထားတတ်ကြလေသည်။

သို့ဖြစ်လေရာ အပေါစား အစေခံမကလေးများကို အိမ်မှာ မထားအပ်ကြပေ။ တတ်နိုင်လျှင် တကာယ့်ကုလားအစေခံ၊ မြန်မာ အစေခံ မိန်းမကြီးများကို ထားအပ်ကြလေသည်။

## မခံချင်သောစိတ်

မိန်းမများသည် မဟုတ်မမှန်ဘဲလျက် တစ်ပါးသောယောက်ျားနှင့် အစွပ်အစွဲခံရသည့်အခါ မခံချင်သောစိတ်သည် မီးတောက်မီးလျှံပမာ ပြင်းထန်စွာ ပေါက်ကွဲထွက်ပေါ်တတ်လေသည်။

ထိုကဲ့သို့ စွပ်စွဲသည့်အခါ ငါ့ကိုမချစ်လို့၊ ငါ့ကိုပစ်ချင်လို့ တမင်ဖန်တီးစွပ်စွဲခြင်းဖြစ်သည်ဟု တစ်ထစ်ချ စွဲမှတ်တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရံသောအခါ၌ ယောက်ျားတစ်ယောက်သည် မိမိ၏ မယား အား ထိုကဲ့သို့ စွပ်စွဲမိရာ မိန်းမသည် ပြင်းထန်စွာ အမျက်ထွက်လျက် အဘယ်အခါမျှ လင်ယောက်ျားဖြစ်သူကို မဆဲမဆိုဖူးပါလျက် ဆဲဆို ရေရွတ်ပြီး ယောက်ျား၏ဆံပင်ကို ခံ၍ဆွဲကာ ဒေါသနှင့် ကြမ်းသည် ကို မြင်ရလေသည်။

စာရေးသူက ဝင်ပြီး ဖြေပြီး ၎င်းယောက်ျားအား "ခင်ဗျားက မခံ နိုင်တဲ့စကားကို သွားပြောတာကိုး၊ ဒီလိုပြောလိုက်" ဟု ပြောကာ အောက်ပါစကားကို တိုးတိုးသင်၍ ပေးလိုက်ရလေသည်။ ထိုစကား မှာ "ငါ့မယားကို သူများစေ့စေ့ကြည့်တာ မခံနိုင်ဘူး၊ ဒါကြောင့် ငါ အထင်မှားလို့ပြောတာ" ဟူသောစကား ဖြစ်လေသည်။ ထိုစကားကို တိုးတိုးသင်ပေးရ၏။

မိန်းမမှာ ထိုအခိုက်စုန်းသရဲပူးသလိုဖြစ်၍နေသေး၏။ သို့သော် လည်း ၎င်းစကားကို ယောက်ျားဖြစ်သူက ၎င်းမိန်းမ၏ နားနားကပ် ကာ ပြောလိုက်သည်နှင့် တစ်ပြိုင်တည်း မျက်ရည်များနှင့် ငိုကာ ကြည့်၍နေရာမှ ပြုံးရယ်ပြီး "အရှုံးကြီး၊ လူများကို တွေ့ကရာပြော တယ်၊ နောက်များ ဒီလိုပြောရင် အဆိပ်ကျွေးသတ်မယ်" ဟုပြော ရင်း လင်ဖြစ်သူ၏ နဖူးကို လက်သီးပျော့ပျော့ကလေးနှင့်ထုကာ မျက်နှာ၌ လွန်စွာကျေနပ်၍သွားသည့် အမူအရာ ပေါ်လာပြီး မီးဖို ထဲသို့သွားပြီး လင်ယောက်ျားအတွက် ညစာကို ပြင်ဆင်ခူးခပ်နေရှာ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ငယ်ရွယ်သူတို့၏ အချစ်စိတ်

ငယ်ရွယ်သူတို့၏ အချစ်မှာ လွန်စွာသန့်ရှင်း သိမ်မွေ့၏။ ယခုကာလ ငယ်ရွယ်သူများ၏ အချစ်သည်လည်း ဤသို့နည်းအတိုင်းဖြစ်ပေလိမ့်မည်။ အကြောင်းမူကား သဘာဝတရားသည် ပြောင်းလဲခြင်းမရှိချေ။ အသက် ၁၄ နှစ်၊ ၁၅ နှစ်အထိ မိန်းမပျိုကလေးနှင့် ယောကျ်ားပျိုကလေးများ ဖြစ်ပုံမှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ သာယာခြင်း၊ နှစ်ယောက် အတူတူ နီးကပ်စွာ နေရခြင်းမျှဖြင့် ကျေနပ်သော အချစ်မျိုးဖြစ်လေသည်။ ထိုအချစ်မျိုးမှာ ကာလသားကာမစိတ် မပါမရှိတတ်ပေ။ ခြွင်းချက်များလည်း ရှိပေလိမ့်မည်။ ကာမဂုဏ်စိတ်မှာ အထက်ဖော်ပြခဲ့သည့်အတိုင်း မချစ်ဘဲလည်း ရှိနိုင်လေသည်။ ပြည့်တန်ဆာမများကို အချစ်နှင့် ပေါင်းသင်းကြသည် မဟုတ်။ ကာမစိတ်သက်သက်နှင့် ပေါင်းသင်းကြခြင်းဖြစ်ရာ အလွန်မက်မောလောက်အောင် အဆင်းကြန်အင်နှင့်ပင် ပြည့်စုံစေကာမူ စွဲလမ်းသောအချစ် မရှိ။ ကာမအလုပ်၌ အဆင်းသည် အထောက်အကူလေးလောက်မျှ ဖြစ်လေသည်။

ထိုငယ်ရွယ်သူတို့သည် ထိုကဲ့သို့ချစ်ရာ၌ မျက်နှာအလှကလေးကိုသာကြည့်၍ ချစ်ခြင်းဖြစ်လေရာ ကာမစိတ် မဆိုထားဘိ၊ အကြင်လင်နှင့်မယားအဖြစ်သို့ ရောက်မှရောက်ပါမလားဟူသော တွေးခေါ်ပူပင်ခြင်းမျိုးသော်မှမရှိ။ အနာဂတ်ရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ မတွေးဘဲ ယခုလက်တလော တွေ့ကြုံနေရခြင်း၌ သာယာခြင်း သက်သက်မျှ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခါများစွာလည်း ငယ်သော မိန်းကလေးသည် ကြီးသော ယောကျ်ားကြီးတစ်ယောက်ယောက်ကို ချစ်နေတတ်၏။ ၁၂ နှစ်သား ယောကျ်ားကလေးသည် အသက် ၃၀ အရွယ် မိန်းမကြီးတစ်ယောက်ကိုချစ်နိုင်၏။ ၎င်းတို့၏အချစ်မှာ ၅၂၈ မဟုတ်၊ ၁၅၀၀ အချစ်မျိုးပင်ဖြစ်သည်။ သို့သော်လည်း ကာမစိတ် မပါ။ ပွေ့ပိုက်ယုယခြင်း၊ ပွတ်ပွတ်သပ်သပ် နေလိုခြင်းမျှ ဖြစ်လေသည်။

ထိုအချစ်မျိုးသည် ကြုံခဲသော အချစ်မျိုးဖြစ်ရာ များစွာထူးဆန်းလေသည်။ စာရေးသူကိုယ်တိုင် ငယ်စဉ်က အသက် ၁၃ နှစ်အရွယ်မှာ အမြဲကစားဖက်ဖြစ်သော သူငယ်ချင်းမကလေး တစ်ယောက်နှင့်ကွဲပြီး မော်လမြိုင်မြို့သို့ ရောက်၍သွား၏။ တစ်နေ့သ၌ အသက်သုံးဆယ်ခန့်ရှိသော မိန်းမတစ်ယောက်ကို ဘုရားရှိခိုးကျောင်း၌ မြင်ရ၏။ ၎င်းမိန်းမမှာ အထူးလှပသူ မဟုတ်။ ကွဲရစ်ခဲ့သော သူငယ်ချင်းမတလေး၏ မျက်နှာနှင့် တူသောကြောင့် ဘုရားရှိခိုးကျောင်းတက်သည့်အခါတိုင်း ထိုမိန်းမ ကျောင်းတက်လာသလားဟူ၍သာ ဂရုစိုက် ကြည့်မိလေသည်။

အခါများစွာ အိပ်ရာ၌ ၎င်းမိန်းမကြီး၏ မျက်နှာကိုမြင်၍ နေရလေ၏။ မသိသူများ ဤအကြောင်းကိုသိလျှင် ဆေးမိသည်ဟု ပြောကြလိမ့်မည်။ တစ်ရံသောအခါ အိစတာပွဲတော်တွင် ဘုရားရှိခိုးကျောင်း၌ တစ်ယောက်တည်းထိုင်ကာ စာဖတ်၍နေခိုက် မိန်းမပျိုတစ်ယောက်သည် အနီးကို မွှတ်ကာလျှောက်၍သွားရာ ၎င်းကိုယ်မှကာနင်ဂါ ရေမွှေးနံ့ကို ရှုလိုက်ရလေသည်။ ကြည့်လိုက်သောအခါ ထိုမိန်းမကြီး ဖြစ်၍နေလေသည်။ လွန်စွာဝမ်းသာမိ၏။

www.burmeseclassic.com



ထိုနေ့ ကျောင်းသို့ ပြန်ရောက်သောအခါ ကျောင်းသားများ အတွက် မြို့ထဲမှ အုန်းနို့နှင့် ကျောက်ကျောမျာကို လာ၍ပို့ကြသဖြင့် သောက်မည်ပြုလိုက်ရာ ကျောက်ကျောမှာ ကာနင်ဂါရေမွှေးထည့်၍ ထားသဖြင့် ထိုရေမွှေးနံ့ကို ရသည်နှင့် တစ်ပြိုင်တည်း ရင်ထဲမှာ အလုံးကြီးတက်၍လာသဖြင့် မသောက်နိုင်တော့ချေ။ ငါဘယ်လိုဖြစ်ပါလိမ့်မလဲဟု တွေးမိလေသည်။

နောက်တနင်္ဂနွေနေ့၌ ဘုရားရှိခိုးကျောင်းမှာ ၎င်းမိန်းမကြီးကို မြင်ရပြန်၏။ ထိုအခါ တစ်ယောက်တည်းမဟုတ်။ ၎င်းနှင့်အတူ အသက်သုံးဆယ်ကျော်ခန့် ယောကျ်ားတစ်ယောက် ပါလာပြီး အတူ ယှဉ်တွဲ၍ထိုင်ကြသည်ကို မြင်ရလေရာ ဒီလူဟာ သူ့ယောကျ်ားပဲ၊ ဒီယောကျ်ားဟာ သိပ်ကံကောင်းတာပဲဟု တွေးပြီး မချမ်းမသာ မခံချိသောစိတ် ဖြစ်၍နေခဲ့လေသည်။

ထိုစိတ်မှာ ကာမနှင့် တစ်စုံတစ်ရာ မသက်ဆိုင်။ ဒူးအထက်သို့ တစ်ကြိမ်တစ်ခါမျှ စိတ်မရောက်။ မျက်နှာကွက်ကွက်ကလေးအောက်သို့လည်း တစ်ကြိမ်တစ်ခါမျှ စိတ်မဆင်းရဲခဲ့။ သူ၏အိမ်မှာ အစေခံကလေးများ ဖြစ်ပါစေတော့၊ ငါ ဘာမဆို လုပ်ပေးမှာပဲ ဟူသောစိတ်သာ ရှိခဲ့လေသည်။ ထိုစိတ်သည် အဘယ်သို့သောစိတ်ပေနည်း။

ထိုအခါ များစွာ အရွယ်မရောက်သေးသော မိန်းကလေးများသည် ယောကျ်ားကြီးများနှင့် ပွတ်သီးပွတ်သပ်နေသည်များကိုတွေ့ရဖူးလေသည်။ ၎င်းကလေးမများ၏ စိတ်မှာလည်း အထက် ဖော်ပြခဲ့သောနည်းအတိုင်း ရိုးရိုးသားသား ချစ်တတ်ခင်တတ်သော စိတ်နှင့် ပွတ်သီးပွတ်သပ်နေခြင်း ဖြစ်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ရိုးသောအချစ်သည် ကြီးသူက လမ်းခင်း၍ ပြလျှင် ဆန်းသောအချစ်သို့ ရောက်ဖို့ရန် ခက်ခဲမည် မဟုတ်ပေ။ သို့ဖြစ်လေရာ လူမမည်ကလေးမလေးများနှင့် လူကြီးများ မှားယွင်း ဖောက်ပြားကြသည့်အကြောင်းများကို တွေ့ရသည်။ ငယ်သူများ၏ အပြစ်မဟုတ်။ ကြီးသူများ၏ ဖြားယောင်းမှုဖြစ်ကြောင်း သိနိုင်လေ သည်။

## ဘာကိုချစ်သလဲ

အချစ်သည် ရူပါရုံနှင့်သာ ဆိုင်ပါသလော။ သို့မဟုတ် အများ အားဖြင့် ရုပ်ရည်ချောမော လှပသူကိုသာ မိန်းမများ ချစ်ကြိုက်တတ် သည်ဟု အစွဲပြုကြသည်မှာ ကြီးသောအမှား ဖြစ်လေသည်။

အထက်၌ ဖော်ပြခဲ့သည်နှင့်အညီ အဆင်း၏ ချို့တဲ့ခြင်းကို ဂုဏ်သည် ဖြည့်စွက်နိုင်၏။

မိန်းမများမှာ ဤယခုခေတ်ကာလသို့မတိုင်မီ ပဝေသဏီမှစ၍ ရုပ်သာလျှင် အဖိုးတန်ဖြစ်ခဲ့လေသည်။ အဆင်းသည် သိလွယ်သော ထင်ရှားသောဂုဏ်ဖြစ်၏။ အချင်းကား မသိလွယ်ချေ။ သို့ဖြစ်လေ ရာ ရုပ်သည် မြင်လျှင်မြင်ချင်း ချက်ချင်းလက်ငင်း တပ်မက်ခြင်းကို ဖြစ်စေနိုင်လေသည်။ အချင်းကား ပေါင်းသင်းဆက်ဆံမိမှသာ သိနိုင် လေရာ အချင်းကို ကြည့်၍ စွဲကြသည်မဟုတ်။ အဆင်းကိုကြည့်၍ မက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကာလ၌ မိန်းကလေးများမှာ အဆင်း၊ အချင်းကိုသာ အားကိုးရသည်မဟုတ်။ ခေတ်ကာလ ပညာဂုဏ်ကိုလည်း အားကိုး တစ်ခု ပြုကြလေသည်။ ရှေးအခါကမူကား အဆင်းဂုဏ်၊ မျိုးရိုး ဇာတိ၊ ဓနဂုဏ်ကို အားကိုးအားထား ပြုကြရလေသည်။ ယခုအခါ၌ကား အဆင်းဂုဏ်၊ မျိုးရိုးဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ်ဟူ၍ အားကိုး ထင်ရှားသော ဂုဏ်များအပြင် အချင်းဂုဏ်မှာ နောင်အခါမှ သိရသဖြင့် အားထား၍ ရေးသားရခြင်း ဖြစ်လေသည်။

ထိုအကြောင်းတို့ကို ဆင်ခြင်လိုက်သောအခါ အချစ်သည် ရှုပါရှုနိုင်သော သက်ဆိုင်သည် မဟုတ်ကြောင်း သိနိုင်လေသည်။

ဤအရာ၌ ယောကျ်ားများမှာ မိန်းမများထက် အချစ်ကို ဖြစ်စေနိုင်သည့် ဂုဏ်သတ္တိ ပိုမိုများပြားလေသည်။ ထိုဂုဏ်အစွမ်းသတ္တိတို့သည်ကား အပြောအဟောကောင်းခြင်း၊ ရဲရင့်ခြင်း၊ ပညာတတ်ခြင်း စသည်များ ဖြစ်ကြလေသည်။

ယောကျ်ားများမှာ ယခုကာလ၌ ရုပ်ရည်အဆင်းသည်သာလျှင် အချစ်ကို မိန်းမတို့၏စိတ်၌ နိုးကြွစေသည်မဟုတ်။ အခြားများစွာသော အရည်အချင်းတွေ ရှိကြလေရာ ရုပ်ရည် ချောမောသော လင်ယောကျ်ား၏ ဂိတ်၌ ငါ၏မယားသည် ငါမှတစ်ပါး ယောကျ်ား မှန်သမျှကို ဖွဲ့နှင့်သလဲ ဟု သဘောထားလိမ့်မည်ဟူသော ယုံကြည်ခြင်းသည် လွန်စွာမှားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူချောလူလှသည် မိမိချောမောလှပကြောင်းကို ကောင်းစွာသိ၏။ သို့ဖြစ်လေရာ မိမိ၏မယားသည် မိမိ၏ ရုပ်ရည်မှတစ်ပါး အခြားချစ်စရာမရှိဟု မှတ်ထင်တတ်ကြလေသည်။

ဤမှတ်ထင်ခြင်းထက် မှားသောအရာ မရှိချေ။ အကြောင်းမူကား ချစ်ဖွယ်သောအင်္ဂါတို့သည် ရုပ်အပြင်၊ မြောက်မြားစွာ ရှိနိုင်လေသည်။ အရုပ်ဆိုး ဘုတ်ပွ ရုတ်တရက် အမြင်အားဖြင့် ခြောက်ပြားမတန်သော သတ္တဝါ လူဝင်စားကြီးတစ်ယောက်ကို အိမ်၌မွေး၍ထားအံ့။ ထိုလူဝင်စား ဘုတ်ပွကြီးမှာ မမရဲ့၊ ကိုကိုရဲ့၊ ဒေါ်ဒေါ်ရဲ့၊ ဦးလေးရဲ့ စသည်ဖြင့် အပလီ အခရာ အချွဲတွေကို မွေးကတည်းက ပင်ကိုပါလာ၍ အလိုလို တတ်မြောက်နေသော သတ္တဝါကြီးဖြစ်ချေက လင်ယောကျ်ား၏ရုပ်မှာ ပေါင်းသင်းဖန်များ၍ ရိုးသွားပြီဖြစ်လေရာ ထိုကဲ့သို့သော ချွဲပုံမျိုးနှင့် နှစ်ကိုယ်တည်း တွေ့ရှိသည့်အခါ အဘယ်ကဲ့သို့သော ဖောက်ပြန်ခြင်းများ ဖြစ်မည်ကို ပြောနိုင်ပါမည်နည်း။

လူ၌ ရုပ်သာလျှင် ချစ်ဖွယ်ကောင်းသည်မဟုတ်။ ယောကျ်ားအချင်းချင်း တစ်ယောက်၏သဏ္ဌာန်၌ရှိသော မက်ဖွယ်သောအချက်များကို မိန်းမ၏မျက်စိသည် လွယ်ကူစွာ မြင်တတ်လေသည်။

အပြော၌လည်းကောင်း၊ အမူအရာ၌လည်းကောင်း၊ လုပ်ပုံကိုင်ပုံ၌လည်းကောင်း၊ ကစားရာ၌လည်းကောင်း တစ်ယောက်သော မိန်းမ၏ စိတ်နှလုံးကို မထိမခိုက်သော အမူအရာ အချက်ကလေးတစ်ခုသည် တစ်ယောက်သောမိန်းမ၏စိတ်နှလုံးကို ထိခိုက်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်ဆိုးသော ယောကျ်ားတစ်ယောက် ဖြစ်စေကာမူ အကြင်မိန်းမ တစ်ယောက်၏စိတ်၌ ငယ်ငယ်က ချစ်ခဲ့ဖူးသော မိန်းမသူငယ်ချင်း တစ်ယောက်နှင့် တူသည်ဟု မှတ်ထင်ချေက အထက်၌ ဖော်ပြခဲ့ သည့်အတိုင်း စွဲတတ်၊ မက်တတ်လေသည်။

ရုပ်ချောသောယောကျ်ား၊ ပညာအရည်အချင်းနှင့် ပြည့်စုံသော ယောကျ်ားတို့သည်၊ အများအားဖြင့် ငါ့မယားသည် ငါကလွဲ၍ မည်သူ့ကိုမျှ တပ်မက်စွမ်းနိုင်မည်မဟုတ်ဟူသော စွဲရင်းမာနတစ်ခု ရှိတတ်လေသည်။ ထိုအစွဲသည် လွန်စွာမှားယွင်းလေသည်။

မိန်းမသည် မာနကြီးသူ ဖြစ်အံ့၊ အမြောက်ကြိုက်သူ ဖြစ်အံ့၊ အိမ်၌ ကပ်ပါးလုပ်၍နေသူ သို့မဟုတ် အိမ်နီးချင်းဖြစ်သူ ယောကျ်ား သည် အမြှောက်အပင့်တတ်သူဖြစ်အံ့၊ မိန်းမသည် ထိုလူအပေါ်၌ အမြဲကြည်ဖြူသောစိတ် ဖြစ်နိုင်လေသည်။

ထိုကြည်ဖြူသော စိတ်သည်၊ ၅၂၈ အဖြစ်သို့ လွယ်ကူစွာ ရောက်တတ်လေသည်။ ထိုကဲ့သို့ ၅၂၈ အဖြစ်သို့ရောက်သောအခါ ယောကျ်ားယုတ်မာ အကြံသမားဖြစ်ချေက အလစ်မှာအုပ်ဖို့ကြိုးစား ၏။ ထိုအခါ မိန်းမဖြစ်သူမှာ ၅၂၈ က မလုပ်ပါနဲ့၊ မအော်ပါနဲ့၊ သနား ပါတယ်၊ မတော်တဆ ထောင်ကျသွားရင် စသည်ဖြင့် ဝင်ရောက် ကာ လျှောက်လဲ အသနားခံသောကြောင့် တစ်ကြောင်း၊ နဂိုက စိတ်ပါ၍နေသောကြောင့် တစ်ကြောင်း ငြိမ်သက်စွာ နေမိလေရာ ၅၂၈ သည် ၁၅၀၀ အဖြစ်သို့ လွယ်ကူစွာ ရောက်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပဒုမပေါင်တိုဇာတ်

ပဒုမပေါင်တိုဇာတ်၌ ဖြစ်ပျက်ပုံမှာ ထိုကဲ့သို့သော နည်းမျိုး အတိုင်း ဖြစ်နိုင်လေသည်။ ပဒုမမင်းသားက ပေါင်တိုပေါင်ပြတ် ဒုက္ခိတကြီးပဲ၊ ငါ သစ်သီးဝလံ အရှာသွားခိုက်မှာ ငါ့မယားနဲ့ ထားခဲ့ သော်လည်း တစ်စုံတစ်ရာ ဖြစ်နိုင်ဖို့မရှိ၊ ဒီပေါင်တိုကြီးကိုတော့ ငါ့မယား အဘယ်နည်းနှင့်မျှ မေတ္တာမျှနိုင်မှာ မဟုတ်ဘူး ဟူသော အတွေးနှင့် အေးအေးဆေးဆေး နှစ်ယောက်သားကို လွတ်လပ်စွာ ထားခဲ့ဟန်တူလေသည်။

ထိုကဲ့သို့ထားခဲ့ရာ တောတောင်၏ သာယာခြင်း၊ ဆိတ်ငြိမ်ခြင်း၊ အခြေအနေများကလည်း ဓမ္မတာ သဘောတရားအရ အချစ်ကို အားပေးခိုက်ဖြစ်ရာတွင် နှစ်ယောက်တည်း နေခိုက်မှာ ပေါင်တို ဆိုသောသူကို သနားသဖြင့် ကြည့်ရှုပြုစုရာမှာ ၅၂၈ မေတ္တာကလေး က အခြေခံပြုပြီး ၁၅၀၀ သို့ ရောက်ဖို့ရန် ပို့ဆောင်သည့် အကြောင်း တရားတွေ မြောက်မြားစွာပေါ် ပေါက်၍ လာနိုင်လေသည်ကား ...

"ဖြည်းဖြည်းလုပ်ပါ မမရယ်၊ မမက ကိုကိုမရှိတုန်းမှာ ဒီဗြိတ္တာ ကြီးကို သတ်ပစ်မလို့ ကြံတာလား မမရယ်၊ သတ်ရင်လဲ သတ်လိုက် ပါ၊ ဒီကံဆိုးကောင်ကြီးကို ကြည့်မနေပါနဲ့" စသဖြင့် မျက်ရည် စက်လက်နှင့် ပြောသည့်အခါ မိဖုရားသည် ပေါင်တိုပင်ဖြစ်စေကာမူ သနားကရုဏာ မဖြစ်ဘဲ နေနိုင်ပါမည်လား။

www.burmeseclassic.com

www.burmeseclassic.com



သနားကရုဏာစိတ်သည် ၅၂၈ မေတ္တာဖြစ်ရာ တစ်စတစ်စ ထိုကဲ့သို့ နှစ်ကိုယ်တွေ့ ဖြစ်ဖန်များသောအခါ၌ ၅၂၈ သည် ၁၅၀၀ သို့ ရောက်ဖို့ရန် ခက်တော့မည် မဟုတ်ပေ။ တစ်နေ့သောအခါ တွေးတောစဉ်းစား ဖောက်ပြန် မှားယွင်းသည်ကား အဖိုနှင့်အမတို့၏ ထုံးစံသဘောတရား ဖြစ်လေသည်။

## သနားကရုဏာစိတ်

ယောက်ျား၊ မိန်းမတို့၏ တွေ့ကြုံခြင်း၌ မျက်နှာလှပခြင်းသည် အဖိုနှင့်အမ ဖြစ်ခြင်းလောက် ခရီးမရောက်နိုင်။ အဖိုနှင့်အမ ဖြစ်ခြင်းသည် နှစ်ကိုယ်တွေ့ အခြေအနေမျိုး၌ မျက်နှာ၏အလှထက် ပိုမို၍ ခရီးရောက်နိုင်လေသည်။

အချောဆုံးသော မင်းသမီးကလေးတစ်ယောက်ကို လူမရောက် မပေါက်သော ကျွန်းတွင် ကုဋ္ဌနူနာသည် အဘိုးကြီးနှင့် လွှတ်၍ထား ချေက မကြာမီ ဒုက္ခိတ ကုဋ္ဌအဘိုးအို လက်တို ခြေတိုကို မင်းသမီး နုတ်ရည်တူကလေးသည် လုပ်ကျွေးသမှု ပြုရမည်ကား မလွဲ ပေတည်း။

သို့ဖြစ်လေရာ လင်ယောက်ျား ချောချောမောမော လှလှပပ ကလေးနှင့် ညားရပါလျက် အဖိုးမတန်သော အောက်တန်းစား အသုံး မကျသည့် ယောက်ျားများနှင့် အချို့သော မိန်းမများ မှောက်မှားကြ သည်မှာ အံ့သြစရာ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်မင်းသား၊ မင်းသမီးတို့သည် အခြားအရုပ်သူ၊ အရုပ်သား များထက် ပိုမို၍ လှပသူများ မဟုတ်ကြရုံမက အများအားဖြင့် အရုပ်ဆိုးကြလေသည်။

ယခုကာလ၌ ဦးဖိုးစိန် ငယ်စဉ်ကထက် ပိုမို လှပသူတွေ မြောက်မြားစွာ ရှိကြလေသည်။ မိန်းမများမှာလည်း ဇာတ်မင်းသမီး များထက် ချောမောလှပသူတွေ များစွာရှိကြလေသည်။ သို့ပါလျက် အဘယ်အတွက် အရုပ်သူ၊ အရုပ်သားတို့သည် ဇာတ်သူဇာတ်သား များကို ပိုမိုမက်ကြပါသနည်း။

ဤအကြောင်းကို ထောက်လိုက်သော် ရုပ်နှင့်မဆိုင်။ အခြား မက်လုံး၊ အခြားမှက်ကွက်၊ အခြားမက်စရာတွေ ရှိကြခြင်းကြောင့် ဖြစ်ကြောင်း သိလောက်ပေသည်။

ထို့ပြင် လူတစ်ယောက်မှာ စိတ်တစ်မျိုး၊ မိန်းမတစ်ယောက်မှာ စိတ်တစ်မျိုး ရှိတတ်လေရာ "ရှမ်းကြိုက် နွားချော" ဟူသော စကား ပမာလို ဖြစ်တတ်လေသည်။

ထိုအချက်တို့ကို ထောက်လိုက်သော် ယောကျ်ားဖြစ်စေ၊ မိန်းမ ဖြစ်စေ အောက်ဆုံးတန်း ပေါင်တိုအထိ မလှသောသူမရှိ။ တစ်နည်း နည်းနှင့် တစ်ယောက်၏ မျက်စိ၌ လှကွက်၊ လှချက်ကလေးတွေ ရှိရမည်သာတည်း။

လူပျိုပေါက်စ၊ အပျိုပေါက်စကလေးများသည် မိမိတို့ကိုယ်ကို မှန်၌ မကြာမကြာ ကြည့်ကြသည်မှာ မိမိကိုယ်ကို လှသည်ဟု သိလို ဇောနှင့် ကြည့်ကြခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့အထင်မှာ အလှသည် မျက်နှာကလေးတစ်ခုမှာသာ ရှိသည်ဟု မှတ်ထင်၍ ကြည့်ကြခြင်း ဖြစ်လေသည်။

စင်စစ်မှာကား အလှသည် မျက်နှာမှာသာ ရှိသည်မဟုတ်။ တစ်ကိုယ်လုံးမှာရှိ၏။ "လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး" ဟူသော စကားရှိလေသည်။

စာရေးသူသည် မိန်းမတစ်ယောက်ကို ယခုထက်တိုင် မမေ့နိုင်အောင် စွဲ၍နေ၏။ ၎င်းမျက်နှာ အဘယ်ပုံနေသည်ကိုကား ယခုတိုင် မသိရသေးပေ။ ယခုတိုင် မျက်လုံး၌ ထင်မြင်၍နေသောအရာမှာ ကိုယ်ပေါက်ကိုယ်ရောက်နှင့် ဖြောင့်စင်းတောင့်တင်းသောအသွင် ဖြစ်လေသည်။

ထို့ပြင် ပြောရာဆိုရာ အမူအရာ၌လည်း အလှတွေ၊ မက်လုံးတွေ အမျိုးမျိုး ထွက်ပေါ်နိုင်လေသည်။ အချို့သော မိန်းမများမှာ ရုတ်တရက် လှသည်ဟူ၍လည်း မပြောနိုင်။ အရုပ်ဆိုးသည်ဟူ၍လည်း မပြောနိုင်။ စကားပြောသောအခါကျမှသာ ချစ်စရာ အမူအရာကလေးတွေ ဟိုကပြုံး သည်ကပြုံးနှင့် အမျိုးမျိုး အဖုံဖုံ ထွက်ပေါ်လာကြလေသည်။ သို့ဖြစ်သောကြောင့် "အသားဖြူ မြင်းတစ်ပြေး၊ အသားညို ကွမ်းယာတစ်ကမ်း" ဆိုသည့် စကား ရှိလေသည်။

ယောက်ျားများမှာလည်း ထိုနည်းအတူ မိန်းမတို့၏ စိတ်၌ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖွယ်ကောင်းခြင်းသည် အရွယ်နှင့်မဆိုင်။ ငါ အသက်ကြီးပြီ၊ ငါအိုပြီဟူ၍ စိတ်ကိုလျှော့ဖို့ မရှိပေ။ စိတ်နုပျိုခြင်းသာ ပဓာနဖြစ်လေရာ အသက်အရွယ် အဘယ်မျှပင် ကြီးစေကာမူ စိတ်ပျိုနေလျှင် လူငယ်ပင်ဖြစ်လေသည်။

ထိုစကားသည် ကလေးကလား နေရပေမည်ဟု ဆိုလိုသော စကားမဟုတ်။ ကလေးကလား ဟူသော စကားမှာလည်း အဓိပ္ပာယ်မရှိချေ။ ၁၆ နှစ်သား ယောကျ်ားကလေး၊ မိန်းမကလေးသည် ကလေးကလား ပြုမူနိုင်၏။ အသက် ၆၀ ရှိသူသည် ၁၆ နှစ်သားကဲ့သို့ စိတ်နုပျိုသော်လည်း ကလေးကလား မဖြစ်နိုင်။ က,ခြင်းကို ကလေးကလား ဆိုမည်လော၊ တေးဆိုခြင်းကို ကလေးကလား ဆိုမည်လော။ ကလေးကလား ဆိုသည်ကို အဘယ်အရာနည်းဟု မေးလျှင် အဘယ်ပုံ ဖြေမည်နည်း။

ဤအရာ၌ စိတ်သာလျှင် ပဓာနဖြစ်၏။ စိတ်ဖြူစင်သူတို့မှာ အဘယ်သို့ပင် ပြောဆိုပြုမူ နေထိုင်စေကာမူ ကလေးကလား မဖြစ်နိုင်ပေ။

## ယခုနှင့် ရှေး

ရှေးအခါက အသက်လေးဆယ် ကျော်လျှင် လူကြီးပိုင်းဟု ပြောကြ၏။ လူကြီးလိုနေ၊ လူကြီးလိုထိုင်၊ လူကြီးလို စကားကိုပြောရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အဘယ်အနေအထိုင်၊ အဖြုအမူ၊ အပြောအဆို မျိုးကို လူကြီးနှင့်ဆိုင်သည်ဟု မည်သူမျှ သေချာစွာ ပြောနိုင်ကြမည် မဟုတ်ချေပေ။

ယခုကာလ၌ကား ထိုထုံးစံ ပျောက်လေပြီ။ ပင်ကိုစိတ်ရင်း အတိုင်း ရိုးရိုးပင် နေကြ၏။ ငါ လူကြီးဖြစ်ပြီ၊ တစ်မျိုးနေရမည်၊ တစ်မျိုးပြောရမည် ဟူသောစိတ်ကို မထားကြသည့်အပြင် ဝတ်ဆင် ပုံမှာလည်း လူကြီးလူငယ် ခြားနားခြင်းမရှိ။ ကျန်းမာခြင်းနည်းစနစ် တို့ကြောင့် အသက်လေးဆယ်နှင့် ခြောက်ဆယ်မှာ လွယ်ကူစွာ ခြားနား၍ မရနိုင်ပေ။ သို့ဖြစ်လေရာ ယခုကာလသည် မစွမ်းမသန် ကုန်းကွလျက် မျက်စိသိမ်မှေး မွေးညင်းဆွတ်ဖြူ တုန်တုန်ယင်ယင် မဖြစ်သေးသမျှ လူအိုမဟုတ်ပေ။

အလှအယဉ် ချစ်ခင်ဖွယ်ရာ အမူအရာသည် အများအားဖြင့် စိတ်နှင့် ဆိုင်၏။ စိတ်အိုလျှင် လူအို၏။ စိတ်ပျိုလျှင် လူပျို၏။ စိတ်မကောင်းလျှင် ကောင်းသောရုပ်အသွင် မရှိပေ။

အချို့သောမိန်းမ၊ အချို့သောယောကျ်ားများမှာ ဤအချက်ကို ထူးထူးခြားခြား သိသာပေသည်။

အမှတ်မဲ့နေချိက်မှာ အရုပ်ဆိုးဟူ၍မှတ်ထင်ရ၏။ သို့နေရာမှာ ကြည်ဖြူသော စိတ်အမူအရာနှင့် ပြုံးရွှင်စွာ ပြောဆိုသည့်အခါ *ချစ်ဖွယ်ကောင်းသော အသွင်သည် သိသိသာသာ ပေါ်ရှိလာ* ပေသည်။

ရုပ်လှခြင်းကတခြား၊ ချစ်ဖွယ်ကောင်းခြင်းက တစ်မျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်လေရာ ရုပ်လှခြင်း၊ အရုပ်ဆိုးခြင်းသည် အချစ်နှင့် ပတ်သက်၍ လိုရင်းပမာနမဟုတ်။ ချစ်ဖွယ်ကောင်းခြင်းသာ လိုရင်း ဖြစ်လေသည်။

ရုပ်လှတိုင်း ချစ်ဖွယ်မကောင်း။ ချစ်ဖွယ်ကောင်းသော အမူအရာ အပြောအဆို၊ စိတ်နေသဘောထားရှိမှ ချစ်ဖွယ်ကောင်းလေသည်။

ရုပ်မလှသောကြောင့် အားငယ်ဖို့မရှိ။ ချစ်ဖွယ်ကောင်းသော အမူအရာ၊ အပြုအမူ၊ စိတ်နေသဘောထား ရှိသူတို့ကို ကြည့်၍ မှတ်သားရမည်။

ရုပ်မလှဘဲလျက် ချစ်ဖွယ်ကောင်းသော အမူအရာ ရှိသူတွေ များစွာရှိကြလေသည်။ သို့သော်လည်း လုပ်ဟန်နှင့် အဟုတ်ဟန် မပေါ်အောင် သတိထားရမည်။

## အရုပ်ဆိုး – မဆိုး

ယခုခေတ်ကာလသည် အလှအယဉ်ခေတ်ဖြစ်၏။ လှအောင် လုပ်လျှင် မည်သူမဆို လှနိုင်၏။ ဥရောပတိုင်း၌ ယခုအခါ အရုပ်ဆိုးသူ မိန်းမများ မရှိကြတော့ပေ။

အဟုတ်တကယ် အရုပ်ဆိုးသူ မရှိဟု မဆိုလို။ တခြားတိုင်းပြည် များကဲ့သို့ အရုပ်ဆိုးသူများရှိ၏။ သို့သော်လည်း အပြုအပြင် အလှ အတတ်၌ ကျင်လည်ကြသောကြောင့် မိမိကိုယ်ကို အမျိုးမျိုးပြုပြင် တတ်ကြသည့်အတွက် အရုပ်ဆိုးသူ မရှိဟု ပြောခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အလှပြုပြင်ပေးသော ဆိုင်များလည်း ရှိကြလေသည်။

အရုပ်ဆိုးခြင်း၊ အရုပ်လှခြင်းသည် မျက်နှာအချက်ကလေး တစ်ခုခုကြောင့်ဖြစ်လေရာ အဘယ်မျှပင် လှစေကာမူ အချက် တစ်ခု ခု ပြောင်းလဲလျှင် အရုပ်ဆိုး ဖြစ်နိုင်လေသည်။ အဘယ်မျှ အရုပ်ဆိုး စေကာမူ မျက်နှာကို သေချာစွာကြည့်ပြီး အဘယ်အချက်ကလေး ကြောင့်ဖြစ်သည်ဟု သိအောင်ရှာ၍ ထိုအချက်ကို ပြုပြင်လိုက်လျှင် လှ၍လာနိုင်လေသည်။

သို့သော်လည်း အမူအရာ စိတ်သဘောထားသည် အလှကို များစွာ ကူညီ ဖေးမနိုင်၍ အလှကို များစွာ ကူညီ တိုးတက်စေနိုင် လေသည်။

အချို့သော အမေရိကန်သူများသည် မိမိတို့၏ မျက်နှာကို သေချာစွာကြည့်ပြီး မျက်ခုံးမွေးထောင်၍နေလျှင် ရိတ်ပြီး ဆေးမင် ဖြင့် မျက်ခုံးကို ကိုင်းနေအောင် ဆွဲ၍ချကြ၏။ ပါးရိုးမောက်အားကြီး လျှင် မောက်သောပါးရိုးကို နိမ့်သည်ဟု ထင်ရအောင် နံဘေးဆံပင် များ၌ ထင်ပေါ်သော အလှဆေးရောင်ဖြင့် ဖုံ့ကြ၏။ ပါး၊ နဖူး အကျအနမှာ ပြုပြင်ရန် သာ၍ လွယ်လေသည်။ အကြောင်းမူကား ဆေးမင်ဖြင့် နဖူးသဏ္ဍာန်ကို အမျိုးမျိုးပြုပြင်နိုင်ကြလေသည်။

ကျွန်ုပ်တို့တိုင်းပြည်၌လည်း အလှ Saloon ခေါ် အလှပြုပြင် သောဆိုင်များသည် နေရာတိုင်း မကြာမီ ပေါ်ပေါက်၍လာလိမ့်မည် ဟု သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုဖင် အမျိုးသမီးများ၏ အလှသည် ရှေးကနှင့် မတူ။ ထူးထူးခြားခြား တိုးတက်၍နေကြောင်း သိလေသည်။ အချို့သောသူတို့က တားဆီးပိတ်ပင်၍မရနိုင်သော ခေတ်ကြီးကို အပြစ်ဆိုကာ ဆံထုံးကို ကဲ့ရဲ့ကြလေသည်။ ခေတ်အလျောက်ပြောင်းလဲခြင်းကား တားဆီး၍ မရသောအရာ ဖြစ်လေရာ ခေတ်၏ ပြောင်းလဲခြင်းသည် စာပို့မီးရထားကြီးနှင့် တူ၏။ ခုခံတားဆီးလိုသူတို့သည်ကား ထိုစာပို့မီးရထားကြီးကို ဆီး၍တွန်း၍ အားထုတ်သူများနှင့် တူကြလေသည်။

ရှေးအခါက လူကုံထံ သားသမီးများနှင့် ဆင်းရဲသူ ဆင်းရဲသားများ ခြားနားသိသာနိုင်လေသည်။ ယခုအခါ၌ကား အမြင်အားဖြင့် မသိသာ၊ ခေတ်ဆန်အောင်ပြုပြင်ဆင်ယင်ခြင်းမှာပင် အလှပါဝင်၍ နေပြီ ဖြစ်လေသည်။

အလှပြုပြင်ခြင်းသည် မိန်းမတို့၏ ကြီးသော တာဝန်တစ်ခု ဖြစ်၏။ မိမိကိုယ်ကို လှနိုင်သမျှ လှအောင်လုပ်ဖို့ ဝတ္တရားရှိ၏။

အပျိုကလေးများသာ မိမိကိုယ်ကို လှအောင်လုပ်ရမည်မဟုတ်။ လင်ရှိမိန်းမ၊ အအို၊ သားဆယ်ယောက် အမေများလည်း လှပအောင် လုပ်ဖို့ ဝတ္တရားရှိလေသည်။

အကြောင်းမူကား ယောကျ်ားများသည်ပင်ပန်းနွမ်းနယ်၍ ရှာဖွေကြံစည်ကြသူများဖြစ်ကြလေရာ အလုပ်မှ အိမ်ကို ပြန်၍လာသည့်အခါ လှလှပပ သပ်သပ်ရပ်ရပ်နှင့် တွေ့ရလျှင် အားတက်ဖွယ်ရာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သဘောထားသေးသော ယောကျ်ားတို့၏ စိတ်၌ကား အလုပ်မှ အိမ်သို့ပြန်၍လာသည့်အခါ လှလှပပပင် ပင်ပန်း၍နေသော မယား ကို တွေ့ရလျှင် "နင် ဘယ်လင်ငယ်မျှော်သလဲ" ဟု မေးပေလိမ့်မည်။ သို့သော်လည်း ထိုရိုင်းစိုင်းသောအလေ့သည် ခေတ်ကာလသဖွယ် အလိုအလျောက် တစ်စစ ပြောင်းလဲဖို့ ရှိလေသည်။

မယားဖြစ်သူတို့မှာ လင်ယောကျ်ား ချစ်အောင် ဉာဏ်စွမ်းကုန် ကြိုးစားရာ မိမိတို့ကိုယ်ကို ပြုပြင်ဆင်ယင်နိုင်သော အခွင့်ရှိလေ သည်။ ထိုကဲ့သို့ မပြုပြင်ဘဲ ရိုးရိုးကြီးနေချေက လင်ယောကျ်ားဖြစ် သူမှာ ဖောက်ပြားသောစိတ်ပေါ်၍အခြားကိုလွင့်ပါးတတ်လေသည်။

လင်ရှိမိန်းမများမှာ အလှပြင်ခြင်းသည် လင်ယောကျ်ားအတွက် ချစ်ခင်ခြင်းပင် ဖြစ်လေသည်။ "အမယ်လေး ... ဒီလောက်တောင် ဂရုစိုက်နိုင်ပါဘူးတော်၊ မချစ်လို့ သွားချင်ရင် သွားပါစေ" ဟူသော စကားသည် အလကားစကားဖြစ်၏။ မဟုတ်မမှန်စကား ဖြစ်လေ သည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ သားတစ်ယောက်အမေအဖြစ် သို့ ရောက်လျှင် ရောက်ချင်း မိမိတို့ကိုယ်ကို လုံးလုံးဂရုမစိုက် အဖိုးမတန်သည့်အလား ပေါ့ပေါ့ဆဆ နေတတ်ကြလေသည်။

လူသူလေးပါးရှေ့၌ အင်္ကျီကိုပင်လှန်ကာ ကလေးကို နို့တိုက် တတ်လေသည်။ ပျိုရွယ်စဉ်က ကျစ်လျစ်ခဲ့သမျှတို့ကို သား တစ်ယောက်အမေ ဖြစ်သောအခါ အတိုးနှင့် လျှော့ချပြီး ထင် နေတတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့က ဤကဲ့သို့ အလှကိုသာ ဂရုစိုက်နေလျှင် အခြားယောက်ျားကြိုက်သူတွေ ပေါ်၍မလာပေဘူးလားဟု ပြောပေလိမ့်မည်။ ကြိုက်သူပေါ်သောကြောင့် လင်ကိုစွန့်၍လိုက်လျှင် မိန်းမကောင်း ဖြစ်ပါမည်လော။ သူတစ်ထူးက အဘယ်မျှပင် ကြိုက်စေကာမူ ကိုယ်တိုင်ပါမှဖြစ်နိုင်လေရာ ဤဆင်ခြေသည် မလုံလောက်သော ဆင်ခြေဖြစ်သည်။

## ယောက်ျားတာဝန်

မိန်းမများသာ ထိုကဲ့သို့ မိမိကိုယ်ကို စောင့်စည်းရမည်မဟုတ်။ ယောက်ျားများသည် စောင့်စည်းဖို့ တာဝန်ရှိလေသည်။

အိမ်ထောင်ပြုပြီးနောက် အချစ်ကို ရှည်နိုင်သမျှ ရှည်စေလိုသော ဆန္ဒသည် အိမ်ထောင်ပြုသူတိုင်းမှာ ရှိ၏။ အသည်းစွဲချစ်ကြပြီးနောက် "စလယ်ဝင် ဖင်မမည်းမီက" ဆိုသည့်စကားလို ကွဲကြသူများအကြောင်းကို မျက်မြင်ကိုယ်တွေ့ များကြသဖြင့် ချစ်စခင်စကြင်နာစမှာ ထိုကဲ့သို့ ကွဲမှာ၊ ကွေကွင်းမှာကို လွန်စွာမှ စိုးကြလေသည်။

သို့ပင်ဆိုသော်ငြားလည်း ဓမ္မတာ သဘာဝတရားက ဆီး၍မရ အချစ်၏ အေးချိန်သည် ဆိုက်ရောက်၍လာရမြဲ ဖြစ်လေသည်။ ထိုကဲ့သို့ အချစ်အေးခြင်းကို တား၍မရ၊ ဆီး၍မရ၊ အနှေးနှင့်အမြန် ဆိုက်ရောက်ရမည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကြာနိုင်သမျှကြာအောင် သတိပြုလျှင် ကြာရှည်မကာ မြဲနိုင်လေသည်။ အဘယ်ပုံ မြဲအောင်ကြိုးစားမည်နည်း။

အနေအထိုင်၊ အပြောအဆို၊ အပြုအမူကို သိမ်းရည်းစားဖြစ်စဉ်အခါမှာကဲ့သို့ သတိပြုဖို့ရာ လိုလေသည်။

အထူးသဖြင့် အနေအထိုင်မှာ အရေးကြီးလေသည်။ အချစ်ကိုယုံကြည်ကာ သားမယားရှေ့၌ အမြဲအားဖြင့် ကျောမွဲနှင့်နေခြင်းနှင့် ဒူးပေါ် ပေါင်ပေါ် လုံချည်လျော့ရဲနှင့်နေခြင်း၊ မသတီစရာ အမူအရာ၊ အလေ့အကျင့်တို့ကို မယားဖြစ်သူ၏ရှေ့၌ ပြုမူခြင်း၊ အနေအထိုင်မကျစ်လျစ်ခြင်း စသည်များသည် အချစ်ကို လျင်မြန်စွာ အေးစေ၊ ပြယ်စေတတ်သော အမူအရာတွေ ဖြစ်ကြလေသည်။

တစ်ဖန် ထပ်မံ၍ သတိပေးရန်ရှိသည်ကား အပြောအဆိုဖြစ်လေရာ အချစ်ကိုယုံ၍ ထင်သလို ပြောတတ်ခြင်း၊ တိုက်ရိုက်မှန်ရာကို စိတ်ထင်တိုင်း ပြောတတ်ခြင်း ဖြစ်လေသည်။

ငါ ဒီစကားကို ပြောလိုက်လျှင် ငါ့မယား အသည်းထဲကနာ၍ သွားမလား၊ ဒီအချက်ကလေးတော့ လွဲမှားတာပဲ၊ သို့သော်လည်း မှားသည်အလျောက် ငါတိုက်ရိုက်ကြီးပြောလိုက်လျှင် ခံနိုင်မည်လား၊ မာမာပြောမည့်အစား အိပ်ရာထဲကျမှ အေးအေးသာ ပြောရလျှင် မကောင်းဘူးလား စသည်ဖြင့် ဆင်ခြင်ရလေသည်။

အလုပ်မှ အိမ်သို့ ပြန်လာသည့်အခါ မယားဖြစ်သူအား မအီမသာ နေသလား၊ နေကောင်းရဲ့လား စသည်ဖြင့် မေးမြန်းကာ ဂရုစိုက်သည့် အမူအရာကလေးများကို ပြအပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလုပ်ကလေးများသည် ဝန်လေးသော အလုပ်များ မဟုတ်ပေ။ သို့ပါလျက် ထိုဝန်မလေးသော အလုပ်ကလေးများ၌ ပေါ့လျော့ကြသောကြောင့် အချစ်အရှိန်သည် တာရှည်မည့်အစား ရက်တိုတို၊ လတိုတိုနှင့် အေးကြရလေသည်။

မယားဖြစ်သူကလည်း လင်ယောက်ျား ပြန်၍လာသည့်အခါ မျက်နှာကြည်ကြည်သာသာ ရှိရဲ့လား၊ အလုပ်တိုက်မှာ စိတ်ညစ်စရာတွေ ဖြစ်ခဲ့သလား စသည်ဖြင့် ဂရုစိုက်ကာ အလိုက်သင့် ခြေဆုပ်လက်နယ် ပြုသင့်လျှင် ပြုရလေသည်။ အချစ်ကိုယုံကာ ငါ့ကို ဂရုစိုက်မည် ဟူသော စိတ်ကူးကို နှစ်ယောက်စလုံး ထားကြချေက လျင်မြန်စွာ ကွဲကွာရမည်သာတည်း။

ယောက်ျားများသည် မိန်းမအတွက် အမြဲစစ်တိုက်၍နေကြ၏။ သားမယားအတွက် အမြဲရှာဖွေ ကြံစည်ကြရ၏။ အဘယ်ယောက်ျားမျှ မိမိ၏သားမယားကို တစ်ပါးသူ၏ သားမယားထက် နိမ့်ကျသည်ကို မကြည့်နိုင်ကြပေ။ သို့ဖြစ်လေရာ သမီးရည်းစားဖြစ်စဉ်ကလို ငါ့ကိုသာ ဂရုစိုက်နေရမည်ဟု မအောက်မေ့ဘဲ မိမိကပြန်၍ ဂရုစိုက်ရမည့် အလှည့်ကြီး ရောက်၍လာပြီဟု သဘောထားကြမှ အချစ်တာရှည်နိုင်လေသည်။

သမီးရည်းစားဘဝ၌ ယောက်ျား အောက်ကျို့ခံရခြင်းကို ပြု၏။ လင်မယားအဖြစ်သို့ ရောက်သော အခါ၌ကား ကာမပိုင်လင်ယောက်ျား ဖြစ်ချေပြီ။ သမီးရည်းစားဖြစ်စဉ်ကနှင့် မတူတော့ပေ။ သို့ဖြစ်လေရာ ငါသည် သူ၏မယားဖြစ်ချေပြီ။ ဟိုအခါကလို မူနေဖို့

www.burmeseclassic.com



နွဲ့နေဖို့၊ ဆိုးနေဖို့ အခါမဟုတ်တော့ပြီ၊ ငါ ဂရုစိုက်ဖို့ရန် အလှည့်ကျပြီ၊ ငါ၏ တာဝန်သည် မသေး၊ ကြီးလေး၏ဟု သဘောထားကာ တာဝန်ကို မရှောင်ရ။ တာဝန်ကို ရှာရမည်။

ယောကျ်ားဖြစ်သူကလည်း ငါလုပ်ကျွေးရသူ၊ ငါရှာကျွေးရသူဟု သဘောမထားဘဲ သူ့ခမြာ အိမ်၏ကိစ္စတာဝန်တွေများပါကလားဟု စဉ်းစားကာ ကြင်နာထောက်ထားသော စိတ်ကို အမြဲထားပြီး မယား၏အလုပ်၌ အပြစ်ကို မရှာဘဲ ကျေးဇူးကလေးတွေကို ရှာတတ်မှ အချစ်၏ မြင့်ရှည်ကြောင်း ဖြစ်နိုင်လေသည်။

အချုပ်မှာ ကိုယ့်အလိုကို မလိုက်ဘဲ နှစ်ယောက်စလုံး တစ်ယောက်အလိုကို တစ်ယောက်ကြည့်တတ်ချေက မြဲကြမည်တည်း။

## အထင်လွဲခြင်း

အထင်လွဲခြင်းသည် အိမ်ထောင်၏သုခကို အကြီးအကျယ် ဖျက်ဆီးသော ရန်သူကြီး ဖြစ်လေသည်။

အထင်လွဲစရာအချက်တို့သည် များစွာရှိလေသည်။ ယောကျ်ားမှာ အပြစ်မရှိဘဲလျက် အပြစ်ရှိသည်ဟု မှတ်ထင်လောက်သော အမူအရာ၊ အပြုအမူ၊ အခြေအနေ၊ အဖြစ်အပျက်တွေ များစွာ ဖြစ်ပေါ်တတ်လေသည်။ မိန်းမအပေါ်၌လည်း ထို့အတူပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲခြင်း ဟူသောစကား၌ "အထင်" ဟူသောစကားကို အထူးမှတ်ဖို့လို၏။ အထင်သည် အမြင်အသိမဟုတ်။ အထင်သည် အထင်သာဖြစ်၏။ သို့ဖြစ်လေရာ ငါထင်လျှင် မလွဲဘူး ဟူသော တစ်ရူးစား တစ်ဇောက်ကန်း ကြက်ကန်း၍ စွဲတတ်သောစိတ်သည် အိမ်ထောင်ကို ဖျက်ဆီးသောစိတ် ဖြစ်လေသည်။

ဤစာကို ရေး၍နေခိုက်ပင် ကျွန်ုပ်မှာ ကိုယ်တွေ့ဖြစ်၍နေရ၏။ သို့ဖြစ်၍ အိမ်ကိုစွန့်ကာ အခြားမိတ်ဆွေတစ်ယောက်၏ အိမ်မှာ ရေးရလေသည်။ အကြောင်းမူကား အကျွန်ုပ်ကဲ့သို့သောလူမျိုး မဖြုလုပ်နိုင်သော ဖြစ်မှုနှင့် အစွပ်စွဲခံ၍ နေရလေသည်။

အထင်စိတ်၊ မသင်္ကာသော စိတ်သည် အထင်စိတ်၊ မသင်္ကာသော စိတ်သာဖြစ်၏။ အသိစိတ်၊ အမြင်စိတ် မဟုတ်ပေ။ ထိုအကြောင်း ကို သဲသဲကွဲကွဲ မသိကြသောကြောင့် တစ်ယောက်ကို တစ်ယောက် အထင်မှားပြီး လင်မယား ကွဲကြရလေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ရာနှင့် ပတ်သက်၍ တစ်ယောက်အပေါ် တစ်ယောက် မသင်္ကာဖြစ်သည့်အခါ ငါ ဒိဋ္ဌမသိ၊ ဤမသင်္ကာသောစိတ်ကား ငါ၏အထင်သာဖြစ်၏၊ အဟုတ်တကယ် အမှန်နှင့် အဘယ်မျှပင် တူစေကာမူ ငါ၏အထင် မှားချင်မှားမှာပဲ၊ ဟူ၍ မပျက်ဘဲ နေရမည်။

ထင်ရုံ၊ မသင်္ကာရုံမျှနှင့် အမှုအရာ ပြောင်းလဲကာ အပြစ်ကို မရှာအပ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အထူးသတိပြုရန်မှာ မသက်သာသောစိတ်သည် တွေးလေတွေး လေ အဟုတ်အမှန်ကဲ့သို့ မှတ်ထင်ရလောက်အောင် လက္ခဏာတွေ ပေါ်ပေါက်လေလေ ဖြစ်တတ်သည်။

တစ်ယောက်က မသက်သာသည့် အမူအရာကို ပြလျှင် တစ်ယောက်က သိ၏။ "သင်းတော့ ငါ့ကို မသက်သာတာပဲ" ဟူသော စိတ်နှင့် ဘာကိုမဆက်သာတာလဲဟု တွေး၏။ သို့တွေးရာမှ အမူအရာ ပြောင်းလဲ၍လာ၏။ အမူအရာ ပြောင်းခြင်းမှာ အတွေးကြောင့် ဖြစ်၏။ ထိုအခါကစ၍ မသက်သာသူက သင်းအလျင်ကနှင့် မတူဘူး၊ ကေန်ဒီဌပဲ၊ ငါထင်တာတော့ မလွဲဘူးဟု အယူရှိ၏။ ထိုအယူအတိုင်း ဆက်၍ တွေးသောအခါ မှန်ဘီလူးဖြင့် ကြည့်သလို ကြီးကျယ်၍ လာ၏။ သို့ဖြစ်၍ နေ့ခိုက်မှာ စကားကလေး တစ်လုံးကြောင့် အထင်စိတ်တွေပေါက်ကွဲ၍ ဖြုန်းခနဲ့ထွက်ပေါ်ကာ ရန်ပွဲကြီးဖြစ်နိုင် လေသည်။

သို့ဖြစ်လေရာ မသက်သာသောစိတ် ပေါ်၍လာသည်နှင့် တစ်ပြိုင် တည်း မဟုတ်ပါဘူး၊ ငါထင်တာ လွဲမှာပါပဲဟု ဆင်ခြင်ကာ ပြစ်ချက် ကို လွှဲစေသည့် အကြောင်းတရားတွေကို ရှာကြံစဉ်းစားအပ်ကြလေ သည်။

၎င်းအကြောင်းနှင့် ပတ်သက်၍ အောက်ပါ အတွေ့အကြုံကလေး တစ်ခုသည် မှတ်သားဖွယ်ကောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မယ်ပို့အချစ်

မောင်သာနုသည် မိမိကိုယ်ကို အလွန်တရာ အထင်အမြင်သေးသော လူဆန်းတစ်ယောက် ဖြစ်လေသည်။ သို့ပင် အထင်အမြင်သေးသော်လည်း ပိုးပန်းခြင်းအလုပ်ကို လွန်စွာဝါသနာပါလေရာ ရုပ်ရှာ၍ မောင်သာနု မလှည့်ဖူး၊ မပိုးဖူးသော အပျိုချောဟူ၍ မရှိသလောက် များခဲ့လေသည်။

မောင်သာနုမှာ ရုပ်ရည်သနားကမား ရှိုးသားသောဂုဏ်ကလေး ရှိသည်။ မျိုးဂုဏ်ဆွေဂုဏ်နှင့်လည်း ပြည့်စုံသဖြင့် မိန်းမပျိုများသည် ၎င်းအား သရက်ကိုင်း၌တွဲလွဲနေလျက် ကြွေမကျနိုင်သောသရက်သီးဖမ်းပျဉ်းကဲ့သို့ သဘောထားကာ မည်သူ၏ ရင်ခွင်ထက်သို့ကြွေ၍ ကျလိမ့်မည်ကို တွေးခေါ် ဆွေးနွေးကြလေသည်။

သို့သော်လည်း ကြွေမည့်လက္ခဏာ မရှိ။ ပိုးထိုး လောက်ကိုက်ကျိုးစာဖြစ်တော့မည်ကဲ့သို့ ရှိနေလေသည်။

ထိုကဲ့သို့ ဖြစ်ခြင်းမှာ အခြားကြောင့် မဟုတ်။ မိန်းမပျိုတစ်ယောက်ယောက်ကို မျက်စိကျလျှင် ထိုမိန်းမပျို၏အိမ် ပြတင်းပေါက်နှင့် တည့်သော်နေရာမှာ စာကိုထောင်ပြခြင်း၊ ညဉ့်အခါ နိဗ္ဗါကြောင်ကျားသောအသံနှင့် မိန်းမပျိုကြားအောင် အချိုးအစားမကျစည်းဝါးမကိုက် တေးဆိုခြင်း၊ ညဉ့်နက်သန်းခေါင် မိုးရွာထဲ၌ပင်လျှောက်လျက် တေးကိုတစ်၍ဆိုခြင်း၊ အောင်သွယ်မိန်းမကြီးများအား ငွေပေး၍ အဆွယ်ခိုင်းခြင်း၊ အိမ်ရှေ့ မျက်စောင်းထိုး နေရာ

www.burmeseclassic.com

www.burmeseclassic.com



များမှာ ထိုင်လျက် တမျှော်မျှော်နေခြင်းဖြင့် သဲသဲမဲမဲ ဖွဲသန်သန် ပိုးပန်းလေ့ရှိ၏။

သို့ပိုးပန်းသဖြင့် မိန်းမပျိုက သနားပြီး စိတ်ပေါ်လျှင် ကိုသာနုကို "ချစ်ပါပြီ၊ ကြိုက်ပါပြီ" ဟူသော စကားကို ပြန်ကြားသည်နှင့် တစ်ပြိုင်တည်း "ဟင် ... ဒီလိုဖြင့် ဘာအသုံးကျတဲ့ ကောင်မလဲ၊ ငါက အင်မတန် ဟန်ကြီးတဲ့ အကောင်မှ မဟုတ်ဘဲ၊ ငါ့လိုအကောင်ကို ကြိုက်တယ် ဆိုမှဖြင့် ဘာနေရာကျတော့မှာလဲ၊ မဖြစ်ပါဘူး။ ဒီကောင်မ ယူရင် ခွကျမှာပဲ၊ ငါ အင်မတန် ဟန်ကျနေတဲ့အကောင်မှ မဟုတ်ဘဲ" ဟူသောစကားမျိုးဖြင့် ယဝိပြစ် အပိုးဖောက်သိမ်းကာ ဒီအိမ်မတည့် ဟိုအိမ်မှာတည့်နိုး မျှော်ကိုးသော စိတ်တစ်မျိုးနှင့် အခြား ဟန်သည်ဟု မိမိ သဘောရသော မိန်းမပျိုတစ်ယောက်ကို ရှာ၍ ပိုးတတ်၏။

သို့ပိုးရာ၌လည်း ပထမ၌ လွန်စွာဖွဲကောင်း၏။ ဖွဲကောင်းသဖြင့် ရသည်နှင့်တစ်ပြိုင်တည်း "ဟင်း ... သင်းလဲ နေရာကျမယ့်ကောင်မ မဟုတ်ပါဘူး၊ ငါ့လိုကောင်ကြိုက်မှ ဘာအသုံးကျတော့မှာတဲ့တုန်း" ဟူသော စကားမျိုးဖြင့် ဖောက်သိမ်းရပြန်လေ၏။

ထိုကဲ့သို့ နေခဲ့ရာ မျက်နှာသာ များပြီး အဘယ်မိန်းမနှင့်မှ အပေါက်မတည့်။ မိဘများကလည်း အတည်တကျဖြစ်အောင် နေရာချချင်။ အဘယ်ပုံ ကြံရမှန်းမသိဘဲ နေကြလေ၏။

သို့နေခိုက်တွင် မပိုခေါ် မိန်းမပျိုကို ချစ်၍နေကြောင်း ကြားသိရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိဘနှစ်ပါးမှာ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေ၏။ "ဒီတစ်ခါတော့ နေရာကျအောင်လုပ်မှတော်မှည်" ဟု ဖခင်ဖြစ်သူက ပြော၏။

မိခင်။ "ဘယ်လိုလုပ်မလဲ၊ မယ်ပိုကတော့ ကြိုက်မှာပဲ၊ ကြိုက်ရင် ခက်ဦးမှာပဲ"

ဖခင်။ "ဒီလိုဖြင့် မယ်ပိုဆီကို မင်းသွား၊ မယ်ပိုဟာ ရုပ်ကောင်း၊ အမျိုးကောင်း၊ ဣန္ဒြေလဲရ၊ မိန်းမလဲ ပီသတယ်၊ အလုပ်အကိုင်လဲ ကောင်းတယ်၊ ငါ လက်မလွှတ်စေချင်ဘူး"

မိခင်။ "သွားပြီး ဘယ့်နှယ်လုပ်မလဲ"

ဖခင်။ "မကြိုက်နဲ့လို့ပြော"

မိခင်။ "ကြိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

ဖခင်။ "ကြိုက်ချင်ရင်လဲ မကြိုက်စေနဲ့၊ ဘူးခံပေစေ၊ သည်တော့ကြာရင် ခွေးမသား ရှူးလိမ့်မယ်၊ ရှူးတော့မှ ပေးစားမယ်"

ဤအကြံအတိုင်း မိခင်ဖြစ်သူသည် မယ်ပိုထံ သွား၍ စကားပြောဆို တိုင်ပင်လျက် သာနုကို မကြိုက်ကြောင်း၊ မချစ်ကြောင်းနှင့် ခေါင်းခါ၍သာနေဖို့ ပြောလေ၏။

သို့ဖြစ်လေရာ မယ်ပိုကလည်း သာနုအကြောင်းကို သိရပြီးဖြစ်သောကြောင့် စကားပြော လက်သင့်မခံ။ မကြိုက်ကြောင်း၊ မချစ်ကြောင်းကိုသာ စကားပြန်ပြီးနေလေရာ သုံးလေးလကြာ၍သွားလေ၏။ အထက်ထက် စ,လိုက်လျှင် ဖျပ်ခနဲ မိလေ့ရှိသူမှာ သုံး လေး

www.burmeseclassic.com



လကြာ ကူး၍နေခဲ့သော မယ်ပိုနှင့် တွေ့သောအခါ အချစ်သည် ဒီရေပမာ ပြင်းထန်စွာတက်လျက် မသက်မသာ အိပ်မပျော် စားမဝင် ဖြစ်၍လာလေ၏။ သာနုမှာ တမှိုင်မှိုင် တတွေတွေနှင့် မယ်ပို၏အိမ် အနီးမှာ တရစ်ဝဲဝဲသာ နေရှာလေတော့သည်။

မယ်ပိုကား သနားလာသဖြင့် ကြိုက်ကြောင်းပြောချင်သော်လည်း သာနု၏ ဖခင်က "ဟဲ့ကောင်မလေး၊ ကြိုက်များ မကြိုက်လေနဲ့နော်၊ ကြိုက်ရင် နင့်ခွကျချိမ့်မယ်၊ သူ့ဘာသာသူ ဖြစ်ချင်သလို ဖြစ်နေပစေ၊ နောက်ဆုံး မချိမဆံ့ဖြစ်မှ ကြိုက်ကြောင်းဖွင့်ပြော" ဟု ပြောထားသဖြင့် ဆက်လက်ပြီး ငြင်း၍သာ နေရှာလေ၏။

သို့နေခိုက်တွင် သာနု၏ မိဘများသည် မယ်ပို၏ ဆွေမျိုး မိဘများနှင့် တိတ်တဆိတ် ဥပုသ်ဇရပ်၌ စည်းဝေးကြရလေ၏။ သို့စည်းဝေးရာ မယ်ပိုက သာနုကို မချစ်မကြိုက်ဘဲလျက် လူကြီးများက အတင်းရိုက်နှက် ပေးစားရသောအနေသို့ ရောက်အောင် လုပ်ဖို့ရန် ဆုံးဖြတ်ချက် ချကြလေ၏။

ညတစ်ညဌ် မိတ်ဆွေတစ်ယောက်က သာနုကို မယ်ပို၏အိမ်သို့ ခေါ်၍လာလေရာ မယ်ပိုမှာ အခန်းထဲမှ မထွက်ဘဲ နေလေ၏။

ထိုအခါ အခေါ်ဖြစ်သူက ဆဲဆိုရေရွတ်လျက် "နင်က ဘာ ဟန်ကြီးပန်ကြီး လုပ်နေရသလဲ၊ လင်စံရွေး လင်ခွေးနဲ့ညားသွားချင် လို့လား" စသည်ဖြင့် ပြောဆိုပြီး ကျောကိုထုရိုက်ဟန် ပြုလေရာ မယ်ပိုမှာ ငိုကြီးချက်မနှင့် အခန်းထဲမှ ဆံပင် ဖိုးရိုးဖားရားဖြင့် ပြေးထွက်၍လာလေ၏။ သို့အလာတွင် ကြမ်းပေါ်မှာ ခြေချော်၍

www.burmeseclassic.com

www.burmeseclassic.com



ထဲသောအခါ ထိုအခါ အဒေါ်ဖြစ်သူက "အမယ်လေး ... မောင်သာနုရဲ့ ဒီ ခွေးတိရစ္ဆာန်မကို လုပ်ပါဦးကွယ့်" ဟု ပြောရာ သာနုမှာ ကရုဏာဒေါသောနှင့် ထိုင်ရာမှထ၍ ပြေးပြီး မယ်ပိုကို ပွေ့ထူကာ ပိုက်ယူ မြှောက်ချီမှ ပေါင်ရင်းသို့ ရောက်အောင် ကျိုးနေသော ကြမ်းပေါက်မှ မယ်ပိုမှာ လွတ်မြောက် ချမ်းသာရာရပြီး သာနု၏ ရင်ခွင်၌ ရှိုက်ငင်လျက်ငို၍နေရှာလေရာ အပါး၌ အဒေါ်ဖြစ်သူလည်း မရှိ၊ အခြားမည်သူကိုမျှလည်း မမြင်ရသဖြင့် သာနုက ကျောကို လက်နှင့်ပွတ်ကာ ယုယချော့မော့၍သာ နေလေတော့သတည်း။

"မကိုင်နဲ့၊ ရှင်မပွတ်နဲ့၊ ချပါ... ချပါ ... ဟီး ... ဟီး ... ဟီး ..." ဟု မယ်ပို ငိုသောအခါ သာနုမှာ မချနိုင်ဘဲ ကိုယ်တိုင်ဝမ်းနည်းပြီး မျက်ရည်များဝေလျက် ပွေ့၍သာ ထားရလေတော့သတည်း။

နှောက် အတန်ကြာသောအခါ အဖော်လည်းမရှိ၊ လူကြီးများလည်း တစ်ယောက်မျှမကျန်။ အိမ်ရှေ့တံခါးများလည်း ပိတ်၍နေသည်ကို သာနု တွေ့ရသဖြင့် မယ်ပို ထွက်ပြေးမှာစိုးလို့ အလုံပိတ်ကြတာပဲ ဟု အောက်မေ့ကာ မလွှတ်ဘဲ ထားရလေရာ မိုးလင်း၍ သွားလေသတည်း။

မယ်ပိုမှာ ဆက်လက်၍ ငြင်းရလေရာ သားဦးကလေး ရပြီး "ချစ်ပါတယ်" ဟူသော စကားကို ပြောရှာလေတော့သတည်း။

ပိမိုးနှင်း

www.burmeseclassic.com